## အခန်း(၄၁၅) - ခေါင်းလောင်း ချောက်ကမ်းပါး..

မနက် ၈နာရီခွဲ.....

လန်းစန်လေ့ကို နောက်တစ်ကြိမ် ဆင့်ခေါ်နိုင်ရန် နှစ်နာရီ လိုသေးသဖြင့် မိုးကြိုးသိမ်းငှက်ကို စီး၍ ခေါင်းလောင်း ချောက်ကမ်းပါးသို့ သွားမည်ဆိုပါက တစ်နာရီကျော် ကြာမြင့်လိမ့်မည်။ ထို့ကြောင့် လန်စန်လေ့ကို နောက်တစ်ကြိမ် ဆင့်ခေါ်နိုင်မည့် အချိန်နှင့် ကြားထဲတွင် အချိန်တစ်နာရီမျှ

ကွာဟနေသဖြင့် လင်းရှင်ကို ဝပ်ကျင်းစခန်းထဲ လိုက်ပြရန် ဆုံးဖြတ်လိုက်သည်။

လင်းဟွမ်က မိုးကြိုးသိမ်းငှက်အစား အစိမ်းရောင် ဝံပုလွေကိုသာ ဆင့်ခေါ်လိုက်သည်ကို မြင်လျှင် လင်းရှင် အံ့အားသင့်သွားသည်။

"အစ်ကို မင်းရှာနေတဲ့ မွန်းစတားက ဒီဝပ်ကျင်း ထဲမှာလား"

"မဟုတ်ဘူး။ ဒီကနေ ကီလိုမီတာ (၁,၆၀၀) ကျော်ဝေးတဲ့ ခေါင်းလောင်း ချောက်ကမ်းပါးထဲမှာ ရှိတာ"

လင်းဟွမ်သည် ခေါင်းခါ၍ ပြန်ဖြေလိုက်ပြီး မကြာခင် လင်းရှင်က ဘာကြောင့် ဤမေးခွန်းမေးရလဲ ဆိုသည်ကို သိလိုက်သည်။

"ငါတို့ အလျင်မလိုဘူး။ လန်စန်လော့ကလည်း ချိတ်ပြန်ဖွင့်ဖို့အတွက် အချိန် တစ်နာရီလောက် လိုသေးတယ်။ ဒါကြောင့် ဝပ်ကျင်းထဲ လျှောက်လည်မလို့"

ယီမြို့ကို ကြီးမားသည်ဟု ယူဆ၍ မရပေ။ ပချီမြို့အရွယ်အစား လောက်သာရှိပြီး လင်းဟွမ်၏ လမ်းညွှန်ချက်နှင့် အစိမ်းရောင်ဝံပုလွေ ပြေးလာရာ

အစည်ကားဆုံး စီးပွားရေးလမ်းသို့ ရောက်ရှိရန် ဆယ်မိနစ်ပင် မကြာလိုက်ချေ။ (စီ) အဆင့် ဝပ်ကျင်းစခန်းသာ ဖြစ်သော်လည်း စီးပွားရေး လမ်းထဲတွင် လူစည်ကားလျက် ရှိသည်။ နွေရာသီ အားလပ်ရက် ဖြစ်သောကြောင့် အနီးအနားရှိ (ဒီ)အဆင့် ဝပ်ကျင်းများမှ လူငယ်များစွာလည်း ဒီနေရာသို့ လာရောက် လည်ပတ်နေကြသည်။

"အိုး.. လူ စည်ကားလိုက်တဲ့လမ်း.."

လင်းရှင်သည် သဘောကျသွားသည်။ အကယ်၍ လွန်ခဲ့သော တစ်နှစ်ခွဲခန့်က ဖြစ်ခဲ့လျှင် သူမသည်

ဒီနေရာမှ စီးပွားရေးလမ်းကို အံ့ဩစရာကောင်းပြီး စွဲမက်စရာ ကောင်းသည်ဟု တွေးနေလိမ့်မည်။ သို့သော်လည်း ယခုမူ သူမသည် နှင်းမြို့တော်နှင့် အဖြူရောင်မြို့တော်ရှိ စီးပွားရေးလမ်းများကို ရောက်ဖူးသောကြောင့် ဤနေရာအတွက် ဒီမှတ်ချက်မျှသာ အကောင်းဆုံး ပေးလိုက်ခြင်းပင်။

“အဝတ်အစား သွားဝယ်ရအောင်”

လင်းဟွမ်က မျက်ခုံးပင့်ပြီး ပြောလိုက်လျှင်

“ဝေး.. ကောင်းတယ်..”

လင်းရှင်သည် လင်းဟွမ်နှင့်အတူ ဈေးဝယ်ရသည်ကို သဘောကျသည်။

သူတို့နှစ်ယောက်သည် အနီးဆုံးရှိ ကုန်တိုက်တစ်ခုသို့ ဦးတည် သွားလိုက်သည်။ ပထမအထပ်တွင် ရတနာဌာန၊ ဒုတိယထပ်တွင် အမျိုးသမီး အဝတ်အစားများ ရောင်းချပြီး တတိယအထပ်တွင် အတွင်းခံများ ရောင်းချသည်။

လင်းရှင်သည် တတိယ အထပ်၌ လမ်းလျှောက်နေရင်း သူမ အကြိုက်ဆုံးတံဆိပ်ကို တွေ့လိုက်ရသည်။ ထို့နောက် အင်္ကျီတစ်ထည်ကို

သဘောကျသွားပြီး (၆) ဆိုဒ် ရရှိရန်အတွက် ဝန်ထမ်းကို လှမ်းခေါ်ပြီး အဝတ်လဲ ခန်းထဲသို့ ပြေးဝင်သွားသည်။ နှစ်မိနစ်ခန့်၊ သုံးမိနစ်ခန့် ကြာသောအခါ ပြန်ထွက်လာသည်။

“အစ်ကို ဘယ်လို ထင်လဲ..”

လင်းရှင်က လင်းဟွမ်ထံ လျှောက်လာရင်း မေးလိုက်သည်။ လင်းဟွမ်၏ ပထမဆုံးအမြင်၌ ဒီအဝတ်အစားကို လင်းရှင်ထက်စာလျှင် ရီရီယွီ ဝတ်ဆင်ခြင်းက ပို၍ လိုက်ဖက်သည်။

ဒါသည် မီးခိုးရောင် ကုတ်အင်္ကျီ အတို ဖြစ်သောကြောင့် အရပ်ရှည်ပြီး ရင့်ကျက်သော အမျိုးသမီးတစ်ယောက်နှင့် ပို၍ လိုက်ဖက်နေခြင်းပင်။

ယခုမူ သူမကို ကြည့်ရသည်မှာ ထူးခြားနေသည်။ လင်းရှင်က ရင့်ကျက်သည့် ပုံပေါက်အောင် အတတ်နိုင်ဆုံး ကြိုးစားနေသော်လည်း လင်းဟွမ်က ရယ်မောပြီး ခေါင်းခါလိုက်ကာ

"ဒီအကျႌက မင်းနဲ့ အဆင်မပြေဘူး။ နောက်တစ်မျိုး ရွေးလိုက်"

"ကောင်းပြီ.."

လင်းရှင်က သက်ပြင်းချပြီး အဝတ်လဲခန်းထဲ နောက်တစ်ကြိမ် ပြန်ဝင်သွားသည်။ သူတို့ ဈေးဝယ်ထွက်လာသည်မှာ တစ်နာရီ ကြာသွားခဲ့သော်လည်း လင်းရှင် စိတ်ကြိုက် တစ်ခုမျှ မတွေ့ပေ။

"အချိန်လည်း ကပ်နေပြီ.."

လင်းဟွမ်သည် ဈေးဝယ်မထွက်ခင် မနက် (၉) နာရီခွဲကို အလန်းပေးခဲ့သည်။ နိုးစက်မြည်လာသဖြင့် လမ်းလျှောက်နေခြင်းမှ ရပ်တန့်သွားလျှင်

"ငါတို့ အခု ထွက်သွားမှာလား"

လင်းရှင်သည် ဈေး မဝယ်ရသေးပေ။

"ညီမလေးက ယီမြို့မှာပဲ ကျန်ခဲ့တာ ပိုကောင်းမယ် ထင်တယ်။ ငါ အမဲလိုက်မယ့် အကောင်က မယုံနိုင်လောက်အောင် မြန်တယ်။ မလှမ်းမကမ်းမှာ ရပ်နေတဲ့ မင်းကိုတွေ့သွားရင် ငါလည်း ကယ်နိုင်မှာ မဟုတ်ဘူး။ ကိုင်လီက

မင်းကို ကာကွယ်ပေးရင်တောင် တိုက်ခိုက်ရဦးမှာ။ သူတို့ တိုက်ခိုက်လို့ ထွက်ပေါ်လာတဲ့ တုန်ခါမှု လှိုင်းကို မင်း ခံနိုင်မှာမဟုတ်ဘူး”

လင်းဟွမ်သည် ဈေးဝယ် ထွက်နေစဉ်အတွင်း လင်းရှင်ကို ခေါ်သွားသင့်၊ မခေါ်သွားသင့် စဉ်းစား နေခဲ့သည်။ ညီမဖြစ်သူ၏ ဘေးကင်းရေးအတွက် ယီမြို့တွင် ကျန်ခဲ့ရန် တောင်းဆိုနေခြင်းပင်။ အကယ်၍ အခြားမွန်းစတားဖြစ်ပါက လင်းဟွမ်သည် လင်းရှင်ကို တိုက်ခိုက်ခြင်း မပြုခင် တားဆီးနိုင်သော်လည်း နတ်သက်ကြွေ တောင်ပံ

နတ်သမီးကမူ အလွန် လျှင်မြန်လွန်းသဖြင့် ပစ်မှတ်ပြောင်းလဲလိုက်ပါက လိုက်မမီရန် ခက်ခဲလှ၏။

လင်းရှင်သည် ဝမ်းနည်းသွားသည်။

သူမ အစ်ကိုက တိုက်ပွဲထဲတွင် မည်မျှအစွမ်းထက်ကြောင်း၊ စွဲဆောင်မှုရှိကြောင်း မျက်မြင်ကြည့်ရမည်ဟု ထင်ခဲ့သော်လည်း ဤတစ်ကြိမ်၌ လိုက်ခွင့်မရခဲ့ပေ။

"မကြာပါဘူး။ တစ်နာရီလောက် ဆိုရင် ဒီကို ပြန်ရောက်လာမယ်။ သူ့ကို သတ်ဖို့က နာရီဝက်တောင် မကြာဘူး။ ပြန်လာတဲ့ အချိန်ကျရင်

နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို အသုံးပြုပြီး မနက် (၁၁) နာရီခွဲ မတိုင်ခင်ရောက်အောင် ပြန်လာခဲ့မယ်။ ညီမလေးက အာဏာရှင်နဲ့အတူတူ ဈေးဝယ် ထွက်နေလို့ ရတာပဲ။ မနက်စာစားဖို့ နည်းနည်းလောက် ဈေးဝယ်ထွက်ပြီးရင် ဟိုတယ် ပြန်ကြမယ်လေ”

လင်းဟွမ်က ညီမဖြစ်သူကို နှစ်သိမ့်လိုက်သည်။ လင်းရှင် စိတ်မကောင်း ဖြစ်နေသည်ကို သိသော်လည်း ဘေးကင်းရေးက ဦးစားပေးပင် ။

“ကောင်းပြီလေ..”

လင်းရှင်သည် စိတ်ပျက် သွားသော်လည်း သဘောတူလိုက်သည်။

လင်းဟွမ်သည် အနက်ရောင် suit အင်္ကျီ ဝတ်ဆင်ထားသော အာဏာရှင်ကို ဆင့်ခေါ်လိုက်ပြီး ဘာလုပ်ရမလဲ ဆိုသည်ကို ရှင်းလင်း ပြောကြားပြီးနောက် ထွက်ခွာသွားသော သူတို့ နှစ်ယောက်ကို စောင့်ကြည့်နေခဲ့သည်။

ကုန်တိုက်မှ ထွက်လာ ပြီးနောက် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်ကာ ကျောပေါ်သို့

ခုန်တက်ပြီးနောက် ခေါင်းလောင်း ချောက်ကမ်းပါးသို့ ဦးတည် ပျံသန်းသွားသည်။

ခေါင်းလောင်း ချောက်ကမ်းပါးသည် ယီမြို့၏ အရှေ့မြောက်ဘက် အရပ်တွင် တည်ရှိပြီး လမ်းတလျှောက်၌ ဟူလူ မြက်ခင်းပြင်ကို ဖြတ်သန်းသွားရသည်။ အမှန်တကယ်ဆို ဟူလူ မြက်ခင်းပြင်သည် ကြီးမားလွန်းသည်။ ကီလိုမီတာ တစ်သောင်းကျော် အရွယ်အစား ရှိသည့် ယီမြို့သည် ဟူလူ မြက်ခင်းလွင်ပြင်၏ အနောက်မြောက်ဘက်တွင် တည်ရှိ၍ မြက်ခင်း

လွင်ပြင်၏ အရွယ်အစားသည် ကမ္ဘာပေါ်ရှိ အာရှတိုက်ကြီးထက်ပင် ပို၍ ကြီးမားသေးသည်။

သူတို့သည် ယီမြို့မှ ထွက်လာခဲ့သော်လည်း ခေါင်းလောင်း ချောက်ကမ်းပါးသို့ ရောက်ရှိရန် ခရီးစဉ်က ကီလိုမီတာ (၁,၆၀၀) ကျော် ကွာဝေး နေသေးသည်။

လင်းဟွမ်သည် မိုးကြိုးသိမ်းငှက်ကို စီး၍ မြက်ခင်းလွင်ပြင်ပေါ်ကို ဖြတ်ပျံသည့်အချိန်၌ လေညင်းခံရင်း လိုက်ပါလာခဲ့သည်။ နေရာတိုင်းတွင် စိမ်းလန်းစိုပြေနေပြီး ပန်းရနံ့များကို ရရှိနေသည်။

နောက်ဆုံး၌ တစ်နာရီကျော် ကြာသောအခါ လိုရာခရီးသို့ ရောက်ရှိသွားသည်။

လင်းပွှမ်သည် မိုးကြိုးသိမ်းငှက်က မနိမ့်ဆင်းသေးခင် အချိန်မှာပင် ခေါင်းလောင်း ချောက်ကမ်းပါးကို အပေါ်စီးမှ မြင်လိုက်ရသည်။ ခေါင်းလောင်း ချောက်ကမ်းပါးကို ကြည့်၍ အတိအကျ ပြောရမည်ဆိုလျှင် တစ်ပိုင်းပြတ်နေသော ပုံစံနှင့် တူသည်။

ဟူလူ ကုန်းမြင့်၏ အလယ်တည့်တည့်တွင် တည်ရှိပြီး စတုရန်းမီတာ သန်းပေါင်းများစွာ ရှိကာ

အရှေ့နှင့်အနောက်ဟု ပိုင်းခြားထားသည်။ အပေါ်စီးမှ ကြည့်လိုက်လျှင် အလယ် တည့်တည့်မှ လိုီးဖြတ်ထားသော ရောမကိတ်မုန့်ကြီး တစ်ခုကဲ့သို့ ပင်။

အမှန်တကယ်ဆို ခေါင်းလောင်း ချောက်ကမ်းပါး မည်သို့မည်ပုံ ဖြစ်ပေါ်လာလဲ ဆိုသည့် ဒဏ္ဍာရီတစ်ပုဒ် ရှိ၍ လူတစ်ယောက် ဓါးနှင့်ခုတ်ရာမှ ဖြစ်ပေါ်လာသည်ဟု သိရသည်။ သို့သော်လည်း ဘူမိဗေဒ ပညာရှင်များကမူ ငလျင်ကြောင့် ကွဲအက်သွားခြင်း ဖြစ်နိုင်သည်ဟု အဆိုပြုထားသည်။

ဒေသခံများကမူ ရှေးဒဏ္ဍာရီကိုသာ ယုံကြည်ရန် ရွေးချယ်ခဲ့ကြသည်။

ရှေးခေတ် နတ်ဘုရားတစ်ပါးက တိုက်ခိုက်နေရင်း မြေကြီးကို မတော်တဆ ပိုင်းဖြတ်ခဲ့မိသည့် ဇာတ်လမ်းပင် ။ သို့သော်လည်း လင်းဟွမ်သည် ကီလိုမီတာ ထောင်ပေါင်းများစွာ ရှည်သော လမ်းကြောင်းကိုကြည့်ပြီး ဓါးနှင့် လှီးဖြတ်ထားခြင်း မဖြစ်နိုင်ကြောင်း၊ ဒဏ္ဍာရီက အမှန် မဟုတ်နိုင်ဘူးဟု တွေးလိုက်မိသည်။

သန့်ရှင်း မီးလျှံအဆင့်သို့ နီးကပ်လာသည်နှင့် အမျှ ဤကဲ့သို့ ကိစ္စများကို လူသားများ လုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်း ပိုမို၍ နားလည်လာသည်။ အင်ပါယာအဆင့်မှ လူများပင် ဤကဲ့သို့ လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။

သို့သော်လည်း နတ်ဘုရားတစ်ပိုင်း လူတစ်ပိုင်းအဆင့်က ဤကဲ့သို့ လုပ်ဆောင်နိုင်မလား ဆိုသည်ကို အတိအကျ မသိသော်လည်း ဘူမိဗေဒပညာရှင်များ၏ စကားကို ယုံကြည်ရန်သာ ရွေးချယ်ခဲ့သည်။ ဒဏ္ဍာရီအထဲက နတ်ဘုရားများ

အကြောင်းကို တွေးနေမိခဲ့သည်။ သို့သော်လည်း အသူရာ ချောက်နက်ကြီး ဖြစ်ပေါ်ခဲ့သော တိုက်ပွဲနှင့်ပက်သက်၍ မည်သည့် သဲလွန်စမှ မရှိပေ။

သတ်မှတ်ထားသော ကိုညြဒိနိတ်နှင့် နီးကပ်လာသဖြင့် မိုးကြိုးသိမ်းငှက်၏ နောက်ကျောကို ပုတ်လိုက်ပြီး..

"အခု ဆင်းမယ်.."

မိုးကြိုးသိမ်းငှက်သည် အတောင်ပံများ ဆန့်ထုတ်၍ လေဟုန်စီးကာ ဆင်းသက်လိုက်သည်။

## အခန်း(၄၁၆) - နတ်သက်ကြွေ တောင်ပံနတ်သမီးနှင့် တွေ့ဆုံခြင်း။

နတ်သက်ကြွေ တောင်ပံနတ်သမီးကို တွေ့ရှိခဲ့သော ကိုဩဒိနိတ်သည် ခေါင်းလောင်း ကျောက်ကမ်းပါး ဝင်ပေါက်၏ သုံးပုံတစ်ပုံ အနီးတွင်တည်ရှိသည်။

လင်းဟွမ်သည် အပေါ်မှ ကြည့်ခဲ့ရာ ထိုကိုဩဒိနိတ် အနီးတွင် နတ်သက်ကြွေ တောင်ပံနတ်သမီးကို မတွေ့ခဲ့ရသော်လည်း

မိုးကြိုးသိမ်းငှက်ကို ရပ်နားရန် ပြောလိုက်သည်။ မြေပေါ်သို့ ရောက်သည်နှင့် မိုးကြိုးသိမ်းငှက်ကို ချက်ချင်း ပြန်သိမ်း လိုက်သည်။

မနက် (၁၀) နာရီ မိနစ် (၄၀) ရှိနေပြီ ဖြစ်သောကြောင့် လန်စန်လော့အား ချိတ်ပိတ်ထားသည်မှာ (၂၄) နာရီ ကျော်သွားခဲ့၍ နောက်တစ်ကြိမ် ပြန်ဆင့်ခေါ် နိုင်နေပြီ ဖြစ်သဖြင့် လန်စန်လော့ကို ဆင့်ခေါ်လိုက်သည်။

"ဒီတစ်ခါ ငါ ရွေးချယ်ထားတဲ့ မွန်းစတားက နတ်သက်ကြွေ တောင်ပံနတ်သမီးပဲ။ အရမ်း သွက်လက်တယ်၊ ဒါကြောင့် ခက်ခဲလိမ့်မယ်နော်"

လင်းဟွမ်က လန်စန်လေ့ကို ရှင်းပြလိုက်သည်။

လင်းဟွမ်သည် ပတ်ဝန်းကျင်ကို တစ်ချက် ကြည့်ပြီးနောက် လန်စန်လေ့ကို ချောက်ထဲသို့ ခေါ်ဆောင်သွားသည်။

ဒီကိုညြဒိနိတ်တွင် နတ်သက်ကြွေ တောင်ပံ နတ်သမီး၏ အရိပ်အယောင်ကို မတွေ့ခဲ့ရသော်လည်း လင်းဟွမ်သည် နတ်သက်ကြွေ တောင်ပံနတ်သမီး

မပေါ်လာမည်ကို စိုးရိမ်ခြင်း မရှိပေ။ မုဆိုးအဖွဲ့အစည်းနှင့် မှောင်ခိုဈေးကွက်က ရရှိခဲ့သော ကိုဩဒိနိတ်များသည် အတု မဖြစ်နိုင်ချေ။

အကယ်၍ ဝယ်သူကသာ သတင်းဖြန့်လိုက်လျှင် သူတို့နာမည်ကို ထိခိုက်စေနိုင်သည်။ နတ်သက်ကြွေ တောင်ပံနတ်သမီးသည် ဤနေရာမှ အဝေး ထွက်သွားခြင်း ဖြစ်နိုင်သော်လည်း မွန်းစတားများ၏ နေထိုင်မှုပုံစံအရ ပြင်းထန်သော ကိစ္စတစ်ခုခု မဖြစ်ပွားခဲ့ပါက အဝေး ထွက်သွားလေ့ မရှိကြပေ။ ဥပမာအားဖြင့် ပို၍ အစွမ်းထက်သော

မွန်းစတားက အမဲလိုက်ခြင်း သို့မဟုတ် အစာနှင့်ရေ မရှိတော့ခြင်း စသည့်ကိစ္စများပင်။

လင်းဟွမ် မြင်နေရသော ချောက်ကြီးသည် ရေနှင့်အစာများ မရှားပါးချေ။ သူနှင့် လန်ဆန်လော့တို့သာ ချောက်နက်ကြီးထဲ နက်ရှိုင်းစွာ လမ်းလျှောက်သွားပါက နတ်သက်ကြွေ အတောင်ပံနတ်သမီးက သေချာပေါက် တိုက်ခိုက်လာလိမ့်မည်။ မွန်းစတားအများစုသည် သူတို့၏ ပိုင်နက်နှင့် ပက်သက်၍ အစွဲရှိသောကြောင့်

အခြားမွန်းစတားများကို ကြိုဆိုခြင်း မပြုရုံသာမက လူသားများ၏ ကျူးကျော်မှုကိုလည်း မကြိုက်ကြပေ။

မွန်းစတား အများစုအတွက်မူ လူသားများသည် အလွန် အန္တရာယ်များသော သက်ရှိများပင်။ အများသောအားဖြင့် ဖြစ်နိုင်ချေ နှစ်မျိုးဖြင့် တုံ့ပြန်လေ့ရှိကာ တစ်မျိုးမှာ နောက်ဆုတ်ရန် ဖြစ်ပြီး နောက်တစ်မျိုးမှာ တိုက်ခိုက်ရန် ဖြစ်သည်။

သို့သော်လည်း မွန်းစတားတစ်ကောင်သည် ပို၍ အားကောင်းလာသည်နှင့်အမျှ ၎င်းတို့၏

နယ်မြေအပေါ် ထားရှိသည့်အစွဲက ပိုမို၍ ကြီးမားလာကာ တိုက်ခိုက်လာနိုင်သည့် ဖြစ်နိုင်ချေက ပိုများသည်။

ချောက်၏ အောက်ခြေတွင် ဆယ်မီတာ ကျယ်သော စမ်းချောင်းတစ်ခု ရှိကာ ရေသည် ကြည်လင်ပြီး နှစ်မီတာခန့်သာ နက်သောကြောင့် အောက်ခြေကို မျက်စိဖြင့် မြင်နိုင်သည်။ ကမ်းရိုးတန်းများသည် မီတာ (၇၀) မှ(၁၅၀) အထိ ကျယ်ပြန့်သည်။ ဘေး နှစ်ဘက်လုံးတွင် (၉၀) ဒီဂရီ မတ်စောက်သော

ချောက်ကမ်းပါးများ ရှိနေပြီး ၎င်းတို့အပေါ်တွင် အပင်များ မရှိဘဲ ပြောင်ရှင်းနေသည်။ အချို့နေရာများတွင် ထင်းရှူးပင်နှင့် ရေညှိ အနည်းငယ်သာ ရှိသည်။

လင်းဟွမ်၏ အမြင်အာရုံအရ ချောက်တစ်ခုလုံးကို ကြည့်လင် ပြတ်သားစွာ မြင်နိုင်သည်။ ထို့ကြောင့် သူ့မျက်လုံးအောက်မှ မည်သည့်အရာမျှ မလွတ်ပေ။

စမ်းချောင်းဘေးတွင် ရေသောက်နေသော မွန်းစတားလေးများ ရှိနေသလို အချို့

မွန်းစတားလေးများက လှည့်ပတ် ဆော့ကစား နေကြသည်။ စမ်းချောင်းသည် တိမ်ကောနေပြီး ရေထဲတွင် သားရဲများ မရှိပေ။ သေးငယ်သော မွန်းစတားများအတွက်မူ သုခဘုံ တစ်ခုပင်။

သို့သော်လည်း မကြာခင် လင်းဟွမ်နှင့် လန်စန်လေ့တို့ ဝင်လာသည်ကို မြင်လိုက်လျှင် မွန်းစတားလေးများက ကြောက်လန့်တကြား ထွက်ပြေးကြသည်။ လင်းဟွမ်သည် အသည်းငယ်၍ ကြောက်လန့်တတ်သော မွန်စတားလေးများကို မြင်လိုက်လျှင် မျက်ခုံးပင့်လိုက်သည်။

ခုနစ်ကီလိုမီတာ၊ ရှစ်ကီလိုမီတာ ခန့် လမ်းလျှောက် လာသောအခါ အင်းဆက်များနှင့် ငှက်များ၏ တေးဆိုသံများ ပျောက်ကွယ် သွားသည်။ ပတ်ဝန်းကျင်၌ သေးငယ်သော မွန်းစတားလေးများ မရှိတော့ချေ။

လင်းဟွမ် နှင့် လန်စန်လော့တို့သည် အစွမ်းထက်သော မွန်းစတားတစ်ကောင်၏ နယ်မြေထဲသို့ ရောက်ရှိလာကြောင်း သိလိုက်သဖြင့် အရှိန် လျှော့လိုက်ကြသည်။ ပတ်ပတ်လည်ကို လှမ်းကြည့် လိုက်သော်လည်း နတ်သက်ကြွေ

တောင်ပံနတ်သမီးကို မတွေ့ရပေ။ မည်သို့ပင်ဆိုစေကာမူ အနီးအနား၌ ရှိနေမည်မှာ အသေအချာပင်။

ထိုစဉ် အဖြူရောင် အလုံးကြီးများသည် ဥက္ကာခဲများကဲ့သို့ ၎င်းတို့ထံ ရုတ်တရက် ပြုတ်ကျလာသည်။

လင်းဟွမ်သည် တိုက်ခိုက်လာသော ဘက်ကို လှမ်းကြည့်လိုက်ရာ မီတာထောင်ပေါင်းများစွာ ဝေးသော လေထုထဲတွင် မောက်မာစွာ

မတ်တပ်ရပ်နေသည့် အဖြူရောင် ရုပ်သွင်တစ်ခုကို တွေ့လိုက်ရသည်။ လေ့လာရန် အချိန် မရှိပေ။

အမှောင်ထုဒိုင်းကို အသက်သွင်းပြီး သူနှင့် လန်စန်လေ့ကို ကာကွယ် လိုက်သည်။ တိုက်ခိုက်သူကို ရှင်းရှင်းလင်းလင်း မမြင်ရသော်လည်း နတ်သက်ကြွေ တောင်ပံနတ်သမီး ဖြစ်သည်မှာ သေချာနေသည်။

အဖြူရောင် အလင်းတန်းများသည် အမှောင်ထုဒိုင်းကို အကြိမ်ပေါင်းများစွာ

ထိမှန်ခဲ့သော်လည်း မကြာခင် ပျောက်ကွယ်သွားသည်။

အမှောင်ထုဒိုင်းတွင် အမြင့်မားဆုံး ကာကွယ်ရေးနိုင်သော ကန့်သတ်ချက် ရှိသည်။ ဒါသည် လင်းဟွမ်၏ တိုက်ခိုက်နိုင်စွမ်းထက် ဆယ်ဆ ပိုမို၍ အားကောင်းမှုဖြစ်လိမ့်မည်။

ကြယ်တာရာ လိပ်ခုံး ကျင့်စဉ်ကို မကျွမ်းကျင်ခင်က လင်းဟွမ်၏ အပြင်းထန်ဆုံး တိုက်ခိုက်မှုသည် အပြာရောင် မီးလျှံအဆင့်ကို

ဒဏ်ရာရစေရန် လုံလောက်သည်။ ယခုအခါ ပြီးပြည့်စုံသော ဂန္ထဝင်အဆင့် စွမ်းရည်ကတ် ကြယ်တာရာလိပ်ခုံးကို စုဆောင်းနိုင်ခဲ့ပြီ ဖြစ်သောကြောင့် တိုက်ခိုက်ရေးစွမ်းအားသည် သိသိသာသာ မြင့်တက်လာခဲ့သည်။ သူ၏ အမှောင်ထုဒိုင်းကို ခရမ်းရောင် မီးလျှံအဆင့်ကသာ ချိုးဖျက်နိုင်လိမ့်မည်။

လွန်ခဲ့သော တစ်နှစ်က မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲတွင် နောက်ဆုံးခံတပ် အသုံးပြုခဲ့သော

အကြွင်းမဲ့ ကာကွယ်ရေးဒိုင်းသည် အမှောင်ထုဒိုင်းနှင့် နှိုင်းယှဉ်ပါက ဟာသတစ်ခုသာ....

လင်းဟွမ်၏ တိုက်ပွဲအဆင့်သည် သန့်ရှင်းမီးလျှံအဆင့် မရောက်သေးသဖြင့် ကြယ်တာရာလိပ်ခုံး ပေါင်းစပ်မှုအပြင် တိုးတက်စရာ နေရာများစွာ ကျန်သေးသည်။ ထိုအချိန်ဆိုပါက အမှောင်ထုဒိုင်း၏ ကာကွယ်ရေးစွမ်းရည်သည် ပို၍ပင် အားကောင်းလာလိမ့်အုံးမည် ဆိုသော်လည်း လင်းဟွမ်တွင် လုံလောက်သော ကံကြမ္မာစွမ်းအား ရှိနေသဖြင့်

ဤနေရာတွင် ကြံ့ကြံ့ခံ ရပ်တည်ပြီး မွန်းစတား၏ တိုက်ခိုက်မှုကို ခုခံ ကာကွယ်နိုင်ခဲ့သည်။

နတ်သက်ကြွေ တောင်ပံနတ်သမီးသည် သူမ၏ နယ်မြေထဲ ကျူးကျော် ဝင်ရောက်လာသော လူသားတွင် ကြောက်မက်စရာ ကောင်းသော ကာကွယ်ရေး စွမ်းရည်ရှိကြောင်း သိလိုက်သည်။ ထို့ကြောင့် အဝေးမှ တိုက်ခိုက်မှုများသည် အသုံး မဝင်တော့ချေ။

ထို့နောက် နတ်သက်ကြွေ တောင်ပံနတ်သမီးသည် လျှပ်တစ်ပျက် လှုပ်ရှားလိုက်ပြီး အမှောင်ထုဒိုင်းနှင့် မီတာ (၃၀) အကွာတွင်  ပေါ်လာသည်။

ဒိုင်းသည် သူမအတွက် လုံးဝ အနက်ရောင်ဖြစ်သော်လည်း လင်းဟွမ် အတွက်မူ ထွင်းဖောက်မြင်ရသော ပြတင်းပေါက်တစ်ခုကဲ့သို့ပင်။

နောက်ဆုံးတွင် အမှောင်ထု ဒိုင်းထဲမှတဆင့် မွန်းစတား၏ ပုံပန်းသဏ္ဍာန်ကို မြင်နေရသည်။

"ဒါက တကယ်ပဲ နတ်သက်ကြွေ တောင်ပံနတ်သမီးလား"

နတ်သက်ကြွေ တောင်ပံနတ်သမီး အစစ်အမှန်ကို ပထမဦးဆုံး အကြိမ် တွေ့ဖူးခြင်းပင်။ ယခင်က ထိုကဲ့သို့သော မွန်းစတားများကို စာအုပ်ထဲတွင် မြင်ဖူးခဲ့သော်လည်း မျက်လုံးရှေ့တွင် လူကိုယ်တိုင် မျက်ဝါးထင်ထင် မြင်လိုက်ရသောကြောင့် အင့်အားသင့် သွားသည်။

နတ်သက်ကြွေ တောင်ပံနတ်သမီးသည် စွမ်းအင် တစ်ဝက်တစ်ပျက်နှင့် ဖွဲ့စည်းထားသော

သက်ရှိဖြစ်ပြီး အဖြူရောင် ဝတ်စုံဝတ်ထားသည့် လူသား အမျိုးသမီးတစ်ယောက်နှင့် တူနေသည်။

အရပ်က (၁.၆) မီတာရှိပြီး လှပသော နတ်သမီးမျက်နှာလေး ရှိကာ သူမခန္ဓာကိုယ်နှင့် ဝတ်စုံသည် အဖြူရောင် တောက်ပနေသည်။ သူမနောက်ကျောတွင် မရေမတွက်နိုင်အောင် အလင်းရောင်များ ရောင်ပြန်ဟပ်နေသော အတောင်ပံတစ်စုံ ရှိသည်။ ဒါသည် ယခင်က လင်းဟွမ်မြင်ခဲ့ဖူးသော အတောင်ပံများနှင့် မတူပေ ။

လင်းဟွမ်သည် အတောင်ပံများကို လှမ်းကြည့်လိုက်ရာ ဘာကြောင့် သူမနာမည်ကို နတ်သက်ကြွေ တောင်ပံနတ်သမီးဟု ခေါ်ရလဲ ဆိုသည်ကို နောက်ဆုံး၌ နားလည်သွားသည်။

ဤမွန်းစတားသည် ကောင်းကင် တမန်တော်နှင့်ပင် တူနေသေးသည်။ အမှန်တကယ်ဆို သူမ၏ ခန္ဓာကိုယ်ထဲတွင် နတ်သမီး သွေးမျိုးဆက် ပါဝင်နေသည်။ ကိုင်လီကဲ့သို့ပင် သူမကလည်း နတ်သမီးတစ်ပိုင်း ဖြစ်နေသည်။ အကယ်၍

ဆင့်ကဲပြောင်းလဲ လာပါက သူမသည် အစစ်အမှန် ကောင်းကင်တမန်တော် ဖြစ်လာပြီး နတ်ဘုရား သွေးမျိုးဆက် ပါသော မွန်းစတားများကဲ့သို့ အစွမ်းထက်သည့် အလင်းနတ်သမီး အဖြစ် ပြောင်းလဲသွားလိမ့်မည်။

သို့သော်လည်း ခဏသာ စောင့်ကြည့် နိုင်လိုက်ရသည်။ အကြောင်းမှု နတ်သက်ကြွေ တောင်ပံနတ်သမီးက သူတို့ထံ ပြေးဝင် လာသောကြောင့်ပင်။

## အခန်း(၄၁၇) - ဆန့်ကျင်ဘက် ပြဿနာ။

မစ္စတာဖူး၏ စွမ်းအင်ပုံစံအရ အမှောင်ထုဒိုင်းကို ရှင်းပြရမည်ဆိုလျှင် ဒါသည် မျက်နှာပြင်ပုံစံကို ပုံစံသုံးမျိုး ပြောင်းလဲနိုင်သော စွမ်းရည်တစ်ခုပင် ။

လင်းဟွမ်သည် သူလိုချင်သည့် ပုံစံကို စိတ်ကြိုက် ပြောင်းလဲ နိုင်သော်လည်း လွှမ်းခြုံနိုင်သော သက်ရောက်မှုမှာ သူ့ကံကြမ္မာစွမ်းအား၏ သန်မာမှု အပေါ်တွင်သာ မူတည်သည်။ အများအားဖြင့် အသုံးပြုလေ့ရှိသည့်

ဝင်လာသော တိုက်ခိုက်မှုကို ပိတ်ဆို့ထားရန် စက်လုံးပုံစံ အပြည့် အသုံး ပြုထားသောအခါ ကံကြမ္မာစွမ်းအား ထက်ဝက်ကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် လက်တွေ့ တိုက်ပွဲများတွင် အမြဲတမ်း အနိုင်ရနေခြင်းပင် ။

သို့သော်လည်း နတ်သက်ကြွေ တောင်ပံနတ်သမီးသည် အမှောင်ထုဒိုင်း၏ လုပ်ဆောင်မှုကို မကြာခင် သတိပြုမိခဲ့သည်။ တိုက်ခိုက်ရန် ကြိုးပစ်သည့်အနေဖြင့် ဒိုင်းကို ကျော်လွှားချင်ခဲ့သည်။ သူမ မသိသည်မှာ သူမ၏

အရှိန်က လျှင်မြန်သော်လည်း အလတ်စား ပိုင်နက် နယ်မြေထဲတွင်သာ ရှိနေခြင်းပင်။

လင်းဟွမ်သည် နယ်မြေပိုင်နက် အသိကို အသက်သွင်းထားသောကြောင့် သူမ၏ လှုပ်ရှားမှုမှန်သမျှကို ကြည်လင် ပြတ်သားစွာ မြင်နေရသည်။

သူမက အမှောင်ထုဒိုင်းကို ချိုးဖောက် ဝင်ရောက်လာသောအခါ လင်းဟွမ်နှင့် လန်စန်လော့တို့က တစ်ပြိုင်နက် နီးပါး တိုက်ခိုက်လိုက်ကြသည်။ လင်းဟွမ်၏ အဆင့်ငါး ခါးခါတ်ကွင်း နတ်ဆိုးသတ်ဖြတ်သူနှင့် ကြမ်းတမ်း

ဓါးသခင်၏ အနက်ရောင်ဓါး တို့သည် တပြိုင်နက်တည်း တိုးဝင်သွားသည်။

လင်းဟွမ်၏ နယ်မြေပိုင်နက် အသိသည် ကြမ်းတမ်းဓါးသခင်၏ ကံကြမ္မာမျိုးစေ့မှ ဆင့်ကဲ တိုးတက် ပြောင်းလဲလာခြင်းဖြစ်၍ ဒါသည် ၎င်း၏ လွှမ်းခြုံမှုအတွင်း၌ မည်သည့်နေရာကို မဆို တိုက်ခိုက်နိုင်သည့် မရဏဇုန်နှင့် ဆင်တူသည်။

လင်းဟွမ်သည် အဝေးမှ တိုက်ခိုက်မှုများတွင် သေနတ်ကို အသုံးပြုလေ့ ရှိသောကြောင့် ဒီစွမ်းရည်ကို အသုံးပြုခြင်း နည်းပါးသည်။

ထို့အပြင် သေးငယ်သော လွှမ်းခြုံမှုသာရှိသည့် နယ်မြေ ပိုင်နက်အသိကို အသုံးပြုရာ၌ အားနည်းချက် ရှိသည်။ ဒါသည် မီတာတစ်ရာ အချင်းဝက်ကိုသာ လွှမ်းခြုံနိုင်သဖြင့် သေနတ်နှင့် ထပ်မံ၍ တိုက်ခိုက်ရအုံးမည်။ သေနတ်ကို အသုံးပြုပါက မီတာ ထောင်ပေါင်းများစွာ အဝေးမှ ရန်သူကို တိုက်ခိုက်နိုင်သလို ပြိုင်ဘက် အနား ကပ်လာသည်နှင့် ဓါးလက်နက်ကိုလည်း ပြောင်းလဲ၍ အသုံးပြုနိုင်သည်။

သို့သော်လည်း ယခုအခြေအနေကို ကြည့်ရှုပါက နယ်မြေပိုင်နက်အသိကို အသုံးပြုခြင်းကသာ အကောင်းဆုံး ဖြစ်နေသည်။ နတ်သက်ကြွေ တောင်ပံနတ်သမီးသည် လှုပ်ရှားမှု အလွန် လျင်မြန်သောကြောင့် သေနတ်နှင့် ချိန်ရွယ်ရန် ခဲယဉ်းလှ၏။

နယ်မြေပိုင်နက် အသိကို အသုံးပြု၍ သူရောက်ရှိနိုင်မည့် နေရာကို ကြိုတင် တိုက်ခိုက်ခြင်းက အထိရောက်ဆုံး နည်းလမ်းပင် ။

နတ်သက်ကြွေ တောင်ပံနတ်သမီးသည် ကိုယ့်သေတွင်းကို ကိုယ်တူးခဲ့မိကြောင်း မသိရှာပေ။ သို့သော်လည်း သူတို့နှစ်ယောက် နောက်သို့လိုက်လာရင်း အန္တရာယ် အငွေ့အသက်ကို သတိ ထားလိုက်မိပုံရ၍ သိသိခြင်း ချက်ချင်း နောက်ဆုတ်လိုက်သော်လည်း နောက်ကျသွားခဲ့ပြီ။

ရွှေရောင် ခါးတစ်လက်က သူမ၏ ခါးကို ဖြတ်ကာ ဗိုက်ပေါ်တွင် (၁၀) စင်တီမီတာ ရှည်သော ဒဏ်ရာ တစ်ခု ချန်ထားခဲ့သည်။ ထို့အပြင်

အနက်ရောင် ဓါးတစ်လက်က သူ့မခေါင်းထံ ဦးတည်ဝင်ရောက်လာသည်။

သို့သော် သူမနဖူးကို ထိမှန်သွားသော်လည်း ငါးမီလီမီတာ အောက်သာ တိုးဝင်နိုင်ခဲ့ပြီး ရှေ့ဆက် မတိုးနိုင်တော့ချေ။ ဤအချက်မှနေ၍ လင်းဟွမ်၏ တိုက်ခိုက်ရေး အစွမ်းသည် အဆင့်တူ လန်စန်လော့ထက် များစွာ အားကောင်းကြောင်း ထင်ရှားနေသည်။ ယခုအခါ ကြယ်တာရာလိပ်ခုံးကို ကျွမ်းကျင် ပိုင်နိုင်ခဲ့သဖြင့် သူ၏ ဓါး လှုပ်ရှားမှုများသည် အဖြူရောင် မီးလျှံအဆင့်နှင့်ပင်

နှိုင်းယှဉ် နိုင်သည်။ ထို့အပြင် မရှောင်နိုင်စေရန် မိုးကြိုးဆူးကိုပင် ထည့်သွင်းခဲ့သည်။

ခုခံမှုအပိုင်း၌ အားနည်းသော နတ်သက်ကြွေ တောင်ပံနတ်သမီးသည် ဤတိုက်ခိုက်မှုကို မရှောင်နိုင်ခဲ့ပါက ကျိန်းသေပေါက် သေလိမ့်မည်။

ထိုအချိန်တွင် လန်စန်လော့သည် အဖြူရောင် မီးလျှံအဆင့် ဖြစ်သော နတ်သက်ကြွေ တောင်ပံနတ်သမီးကို အကန့်အသတ်နှင့်သာ ထိန်းချုပ်နိုင်သည်။ အကယ်၍ လန်စန်လော့သည် အာဏာရှင်ကဲ့သို့ ခုခံကာကွယ်မှု မြင့်မားသော

မွန်းစတားတစ်ကောင်နှင့် တွေ့ဆုံခဲ့ပါက အကြွင်းမဲ့ကံကြမ္မာကို အသုံးမပြုခဲ့လျှင် သတ်ဖြတ်နိုင်လိမ့်မည် မဟုတ်ပေ။

သို့သော်လည်း နတ်သက်ကြွေ တောင်ပံနတ်သမီး အကြောင်းနှင့် ပက်သက်၍ မွန်းစတား စွယ်စုံကျမ်းထဲတွင် ဖော်ပြချက်ထားသော အချက်အလက်များကို ဖတ်ရှုထားသောကြောင့် လင်းဟွမ်သည် ထိတ်လန့် တုန်လှုပ်သွားခြင်း မရှိပေ။

နတ်သက်ကြွေ တောင်ပံနတ်သမီး ဗိုက်ပေါ်က (၁၀) စင်တီမီတာ ရှည်သော ဒဏ်ရာမှာ စက္ကန့်ပိုင်းလေးအတွင်း အလိုလို ပျောက်ကင်း သွားသည်ကို တွေ့လိုက်ရသည်။

ဒါသည် နတ်သက် ကုသရေးစွမ်းရည် ဖြစ်သည်။

သူမကိုယ်တိုင်ကမူ စွမ်းအင် ထက်ဝက်နှင့် ဖွဲ့စည်းထားသောကြောင့် သူမ အသားပေါ်ရှိ ဒဏ်ရာမှန်သမျှကို ကုသ ပေးနိုင်သည်။ လုံလောက်သော အလင်းရောင်

ရှိနေသရွေ့ သူမကို သတ်ဖြတ်ရန် မဖြစ်နိုင်သလောက်ပင်။

အမှောင်ထဲတွင် တိုက်ခိုက်ခြင်းကသာ သူမကို သတ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပြီး ထိုသို့မဟုတ်ပါက သူမ ခန္ဓာကိုယ်ထဲမှ စွမ်းအင်အားလုံးကို စုပ်ယူရန် လိုအပ်သည်။

"အချင်းဝက် မီတာတစ်ရာက တကယ့်ကို သေးလွန်းတယ်..."

လင်းဟွမ်သည် စိတ်ထဲက တွေးလိုက်သည်။ နတ်သက်ကြွေ တောင်ပံနတ်သမီးက

နယ်မြေပိုင်နက်အသိထဲမှ ထွက်ခွာသွားရန် တစ်စက္ကန့်သာ ကြာမြင့်လိမ့်မည်။

လင်းဟွမ်သည် လေထဲတွင် လွင့်မျောနေသော နတ်သက်ကြွေ တောင်ပံနတ်သမီးကို စိုက်ကြည့် လိုက်သည်။ လင်းဟွမ်သည် သူမ၏ တောင်ပံများကို စိုက်ကြည့်နေရင်း ကွန်ရက်ပေါ်မှ သူဖတ်ခဲ့ဖူးသော သီအိုရီများကို ပြန်တွေးလိုက်သည်။

ထိုအတောအတွင်း မီတာရာနှင့် ချီဝေးသော နေရာတွင် ရှိနေသည့် နတ်သက်ကြွေ တောင်ပံနတ်သမီးက လင်းဟွမ်ကို သတိကြီးကြီး

ထားပြီး ပြန်ကြည့်နေသည်။ ထိုလူ၏ ခြိမ်းခြောက်မှုသည် သူ့ဘေးတွင် ရပ်နေသော အနက်ရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသည့် လူထက် ပိုပြင်းထန်ကြောင်း သူမ သိလိုက်သည်။

အစောပိုင်းတုန်းက ဒီလူ၏ တိုက်ခိုက်မှုကို မရှောင်တိမ်း နိုင်ခဲ့ပါက ကျိန်းသေပေါက် သေသွားလိမ့်မည်။ သူမတွင် ကုသနိုင်စွမ်းရှိသော်လည်း ခါးကို လှီးဖြတ် ခံရခြင်းသည် နာကျင်လွန်းလှ၏။

"ပူပူနွေးနွေးရထားတဲ့ သင်ခန်းစာကြောင့် အနားမလာရဲ လောက်တော့ဘူး"

လင်းဟွမ်သည် ဘာလုပ်ရမှန်း မသိတော့ပေ။ သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားများသည် မတုံးအ ကြပေ။

နတ်သက်ကြွေ တောင်ပံနတ်သမီးသည် ထောင်ချောက်ထဲကို ပူပူနွေးနွေးလေး ကျရောက်ခဲ့သောကြောင့် ဒုတိယအကြိမ် ဖျားယောင်းရန် မဖြစ်နိုင်တော့ချေ။

သူမက ခပ်ဝေးဝေးတွင် နေမည်ဆိုလျှင်လည်း သတ်ဖြတ်ရန် မဖြစ်နိုင်ပေ။ တစ်ခုတည်းသော နည်းလမ်းမှာ သေနတ်နှင့် ပစ်ခတ်ခြင်းပင်။ သို့သော်လည်း နတ်သက်ကြေ တောင်ပံနတ်သမီးသည် ကျည်ဆန်များထက် နှေးသော်လည်း၊ သူမကို ထိခိုက်ရန် မဖြစ်နိုင်ချေ….။

လန်စန်လော့၏ အကြွင်းမဲ့ ကံကြမ္မာသည် အစွမ်းထက်သော်လည်း ဒွဲတိုးတိုက်ခိုက်မှုသာ ဖြစ်ပြီး တစ်ချက်သာ တိုက်ခိုက် နိုင်သည်။ လန်စန်လော့၏ မျက်လုံးအမြင်

အာရုံထက် မြန်ဆန်အောင် လှုပ်ရှားနိုင်သော နတ်သက်ကြွေ တောင်ပံနတ်သမီး၏ အရှိန်ကြောင့် သူမကို ပစ်မှတ်ထားနိုင်သည့် ဖြစ်နိုင်ခြေမှာ သုည ဖြစ်နေသည်။

"အပြာရောင် မီးလျှံအဆင့် မွန်စတားတစ်ကောင်ကို ငါ ဆင့်ခေါ်လိုက်ရင် ထွက်ပြေး သွားနိုင်တယ်"

လင်းပွမ် ခေါင်းထဲတွင် အစီအစဥ်များ တစ်ခုပြီးတစ်ခု ပေါ်လာသည်။ မွန်းစတား စွယ်စုံကျမ်းအရ နတ်သက်ကြွေ

တောင်ပံနတ်သမီးသည် ကြောက်မက်စရာကောင်းသည့် မွန်းစတား တစ်ကောင်ဖြစ်သော်လည်း တိုက်ပွဲအတွက် ယုံကြည်ချက် မရှိပါက ထွက်ပြေးတတ်သည်။ သူမသာ ထွက်ပြေးသွားပါက ပြန်ရှာရန် ခက်ပေ လိမ့်မည်။ ထို့ကြောင့် လင်းဟွမ်သည် အစောပိုင်းက ဝိညာဉ်တော်ခါးအဓိပတိနှင့် တိုက်ခိုက်ရာတွင် ကူညီပေးခဲ့သော မိစ္ဆာများကို မဆင့်ခေါ်ခဲ့ခြင်းပင် ။

နတ်သက်ကြွေ အတောင်ပံနတ်သမီးသည် အပြာရောင်မီးလျှံအဆင့် မွန်းစတားများကို

တွေ့ပါက တိုက်ခိုက်မည့်အစား ထွက်ပြေးသွားလိမ့်မည်။

"ငါက မိစ္ဆာသုံးကောင်ကို အသုံးမပြုနိုင်ဘူး။ လန်စန်လော့ သတ်ပစ်နိုင်အောင် သူ့ရဲ့လှုပ်ရှားမှုကို ထိန်းချုပ်ထားရမယ်။"

လင်းဟွမ် အကြံတစ်ခု ရလိုက်ပြီးနောက် ကိုင်လီကို ဆင့်ခေါ် လိုက်သည်။ နတ်သမီးတစ်ပိုင်းဖြစ်သော ကိုင်လီကို တွေ့လိုက်သည်နှင့် နတ်သက်ကြွေ အတောင်ပံ နတ်သမီးသည် ထွက်ပြေးရန်

လုပ်လိုက်သည်။ ကံကောင်းထောက်မစွာဖြင့် လင်းဟွမ်သည် နတ်သက်ကြွေ အတောင်ပံနတ်သမီး သေချာပေါက် ထွက်ပြေးနိုင်သည့် အချက်ကို ခန့်မှန်းထားသောကြောင့် မျှော်လင့်ချက် အရိုးဝိညာဉ်ကို ဦးစွာ မဆင့်ခေါ်ခဲ့ပေ။

"သူမကို ထိန်းထား၊ ထွက်မပြေးစေနဲ့"

လင်းဟွမ်က ကိုင်လီကို ညွှန်ကြားလိုက်သည်။

ကိုင်လီသည် ခရမ်းရောင် မိုးကြိုး အတောင်ပံများကို ခတ်ပြီး နတ်သက်ကြွေ တောင်ပံနတ်သမီးတောင်ထံ ပျံသန်းသွားသည်။

ထို့နောက် လေထဲတွင် ခရမ်းရောင်နှင့် အဖြူရောင်အရိပ်တို့က လုံးထွေး၍ တစ်ခုနှင့်တစ်ခု တိုက်ခိုက်နေကြသည်။

## အခန်း(၄၁၈) - နတ်သက်ကြွေ တောင်ပံနတ်သမီးကို သတ်ဖြတ်ခြင်း။

လေထဲ၌ အဖြူရောင် မီးလျှံအဆင့် မွန်းစတား နှစ်ကောင်သည် အသံထက် မြန်သောနှုန်းဖြင့် တိုက်ခိုက် နေကြသည်။ ပေါက်ကွဲသံများ အဆက်မပြတ် ထွက်ပေါ်နေပြီး မိုးကြိုးမုန်တိုင်းကဲ့သို့ တဘုန်းဘုန်း မြည်ဟီး နေသည်။ ကျောက်စလစ်ခဲများသည် နေရာတိုင်းကို ပလူပျံပြီး

ဆူညံပွက်လော ရိုက်နေကာ တဖုန်းဖုန်းနှင့် ဆူညံနေသည်။

လင်းဟွမ်သည် လင်းရှင်ကို မခေါ်လာခဲ့မိသည်မှာ ကံကောင်းသည်ဟု တွေးလိုက် မိသည်။ ထိုသို့မဟုတ်ပါက ကျောက်စရစ်ခဲများ ထိမှန်ပြီး ဒုက္ခဖြစ်ကုန်လိမ့်မည်။

လင်းဟွမ်သည် မျက်လုံး စွမ်းရည်ကို အကန့်အသတ် ရောက်သည့်အထိ အသက်သွင်းပြီး လေထဲမှတိုက်ပွဲကို ကြည့်နေသည်။ သူလည်း ထိန်းမနိုင်ပေ။ သူတို့နှစ်ယောက်၏ အမြန်နှုန်းက

တူညီသည်ဟု ပြောနိုင်သော်လည်း ကိုင်လီသည် နတ်သက်ကြွေ တောင်ပံနတ်သမီးထက် အဆင့်တစ်ခု ပိုအစွမ်းထက်သည်။ ကိုင်လီက သူမကို ဖိနှိပ်ထားသော်လည်း ကိုင်လီ တစ်ယောက်တည်းနှင့် နတ်သက်ကြွေ တောင်ပံနတ်သမီးကို သတ်ဖြတ်ရန် မဖြစ်နိုင်ပေ။

လန်စန်လော့၏ ခန္ဓာကိုယ်တွင် အနက်ရောင် အခိုးအငွေ့များ ဝန်းရံနေပြီး တိုက်ပွဲထဲဝင်ပါရန် စိတ်အား ထက်သန်နေသည်။ သို့သော်လည်း

တိုက်ပွဲက လေထဲတွင် ဖြစ်ပွားနေသဖြင့် ကူကယ်ရာမဲ့နေသည်။

ထို့အပြင် နတ်သက်ကြွေ တောင်ပံနတ်သမီးက အလွန် မြန်ဆန်လွန်းသဖြင့် အချိန်မီ တုံ့ပြန်နိုင်လိမ့်မည် မဟုတ်ပေ။ သူလုပ်နိုင်သည်မှာ မော့ကြည့်၍ အားကျစွာ ကြည့်နေခြင်းပင်။

လန်စန်လော့က လင်းဟွမ်ကို အကူအညီ တောင်းနေသကဲ့သို့ အကြိမ်ပေါင်းများစွာ လှမ်းကြည့်နေသည်ကို မြင်လိုက်လျှင် လင်းဟွမ်က နှစ်သိမ့်လိုက်သည်။

"စိတ်မပူပါနဲ့၊ သူ့ခေါင်းက မင်းအပိုင်ပဲ"

ထိုအတောအတွင်း၌ လင်းဟွမ်သည် ကိုင်လီကို တိတ်တဆိတ် ဆက်သွယ်နေခဲ့ပြီး

"မင်း တတ်နိုင်ရင် သူမကို ငါ့တိုနဲ့ နီးလာအောင် လုပ်ပေး”

ကိုင်လီသည် အနိုင်ရသည့် ဘက်ခြမ်းတွင် ရှိနေခဲ့သဖြင့် မကြာခင် သူမသည် ပြီးပြည့်စုံသော ဟာကွက် တစ်ခုကို တွေ့လိုက်ပြီး လှံကို တုတ်ချောင်းပုံစံ ပြောင်းလဲ လိုက်သည်။

တုတ်ချောင်းကို ဇွေ့ယမ်း၍ တိုက်ခိုက်လိုက်ရာ နတ်သက်ကြွေ တောင်ပံနတ်သမီးသည် ထိုတိုက်ခိုက်မှုကို တားဆီးရန် ကြိုးစားရင်း လင်းဟွမ်တို့ ရှိနေသည့်ဘက်ကို နောက်ပြန် ဆုတ်သွားသည်။

ထိုအချိန်၌ လင်းဟွမ်သည် သူ့လက်ထဲတွင် ကိုင်ထားသော မျှော်လင့်ချက် အရိုးဝိညာဉ်ကတ်ကို ချေမွပြီး ဆင့်ခေါ်လိုက်သည်။

မျှော်လင့်ချက် အရိုးဝိညာဉ် ပေါ်လာလျှင် နတ်သက်ကြွေ တောင်ပံနတ်သမီးက သူမ

အတောင်ပံများကို ခတ်ပြီး ပျံသန်းထွက်ပြေးရန် ကြိုးစားလိုက်သည်။

ထိုစဉ် လင်းဟွမ်က သူလက်ထဲတွင် ကိုင်ထားသောဓါးကို ဝှေ့ယမ်းလိုက်ရာ လေထဲတွင် ရွှေရောင်အလင်းတန်း နှစ်ခု ဖြတ်ခနဲ လက်သွားသည်။ နတ်သက်ကြွေ တောင်ပံနတ်သမီး၏ အတောင်ပံများကို ခုတ်ထစ်လိုက်ခြင်းပင် ။

သူမသည် လေထဲတွင် ရှိနေသော်လည်း လင်းဟွမ်၏ နယ်မြေပိုင်နက် အသိထဲ ရောက်ရှိနေခဲ့သည်။

နတ်သက်ကြွေ တောင်ပံနတ်သမီးသည် အတောင်ပံများ ဆုံးရှုံးသွားသော်လည်း အဖြူရောင် မီးလျှံအဆင့် ဖြစ်နေသောကြောင့် လေထဲတွင် ဆက်လက် ပျံသန်းနိုင်သေးသည်။ သို့သော်လည်း သူမသည် အတောင်ပံများဖြင့်သာ အမြဲတမ်း ပျံသန်းနေခဲ့သောကြောင့် လိုက်လျောညီထွေ ဖြစ်ခြင်းမရှိပေ။

မျှော်လင့်ချက် အရိုးဝိညာဉ်က ထိုအခွင့်အရေးကို အပိုင်သိမ်းပြီး နတ်သက်ကြွေ တောင်ပံနတ်သမီးကို ဖိနှိပ်ခြင်း ချိန်းကြိုးနှင့် လှမ်းရိုက်သည်။

နတ်သက်ကြွေ တောင်ပံနတ်သမီး ထွက်မပြေးနိုင်ခင် ချိန်းကြိုးတစ်ချောင်းက သူမ၏ ခြေကျင်းဝတ်ကို ရစ်ပတ်သွားပြီး နောက်တစ်ခုက သူမခေါင်းကို ရစ်ပတ်သွားသည်။

နတ်သက်ကြွေ တောင်ပံနတ်သမီးသည် ခွန်အားကြီးမားသည့် မွန်းစတားအမျိုးအစား မဟုတ်သောကြောင့် ချိန်းကြိုးနှင့် ချုပ်နှောင်ထားမှုမှ လွတ်မြောက်ရန် မဖြစ်နိုင်ပေ။ ထို့အပြင် သူမ ခန္ဓာကိုယ်သည် စွမ်းအင်တစ်ဝက်နှင့် ပြုလုပ်ထားသဖြင့် ဖိနှိပ်ခြင်း ချိန်းကြိုးက သူမ၏

ကံကြမ္မာစွမ်းအားကို ချိတ်ပိတ်လိုက်သည်နှင့် ဘာမှ မတတ်နိုင်တော့ချေ။

သူမ၏ အတောင်ပံများသည် မတောက်ပ နိုင်တော့ဘဲ ခန္ဓာကိုယ်ထဲ ပြန်ခေါက်ဝင်သွားပြီး ယခုအခါ၌ သူမသည် နုပျို၍ လှပနေသော မိန်းကလေးတစ်ယောက် ကဲ့သို့ပင်။

သို့သော်လည်း လင်းဟွမ်သည် သူမက လူသားတစ်ဦးနှင့် တူသော်လည်း မျိုးစိတ် မတူကြောင်း သိနေသည်။ သူမ၏ မျိုးရိုးဗီဇကို ထုတ်ယူပါက လူသား မဟုတ်ပေ။

"အခု မင်းအပိုင်ပဲ။"

လင်းဟွမ်သည် နတ်သက်ကြွေ တောင်ပံနတ်သမီးကို ဖမ်းမိသည်နှင့် လန်စန်လော့ ဘက်လှည့်၍ ခေါင်းညိတ်ကာ ပြောလိုက်သည်။

လန်စန်လော့သည် ရှေ့လျှောက်သွားပြီး အနက်ရောင် ဓါးကို လေထဲမြှောက်ကာ နတ်သက်ကြွေ တောင်ပံနတ်သမီး၏ ခေါင်း တစ်ဝက်ကို မြေပြင်ပေါ်သို့ ပြုတ်ကျအောင် ခုတ်ချလိုက်သည်။

"မော်ကွန်းအဆင့် မွန်းစတားကတ် - နတ်သက်ကြွေ တောင်ပံနတ်သမီး (ခေးကျေးကျွန်) ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ အကြောင်းကြားချက်ကို ကြားသောအခါ နတ်သက်ကြွေ တောင်ပံနတ်သမီး သေဆုံးသွားကြောင်း အတည် ပြုလိုက်သည်။ သူမ၏ ကံကြမ္မာစွမ်းအားကို ချိတ်ပိတ် ထားသော်လည်း ပြန်လည် ကောင်းမွန်လာမည်ကို စိုးရိမ် နေခဲ့သည်။ ယခုမူ စိုးရိမ်စရာ မလိုတော့ချေ။

လင်းဟွမ်သည် မွန်းစတားများကို ပြန်သိမ်းပြီးနောက် လူသား အမျိုးသမီးနှင့်တူသော နတ်သက်ကြွေ တောင်ပံနတ်သမီး အလောင်းကို ကြည့်လိုက်သည်။ ဦးခေါင်းတစ်ဝက်မှ လှီးဖြတ်ခံထားရသဖြင့် သွေးရဲရဲလေးက ကပ်ပါးကူးစက်ခြင်း လုပ်ငန်းစဉ်ကို မလုပ်ဆောင်နိုင်တော့ပေ။ ထို့ကြောင့် အလောင်းကို မသိမ်းတော့ဘဲ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ကာ အထဲသို့ လျှောက်ဝင်သွားသည်။

ဒီမနက်က လင်းရှင်နှင့်အတူ ဈေးဝယ်ထွက်ခဲ့သည့် ကုန်တိုက်သို့ ပြန်ရောက်သွားသည်။ နာရီကြည့်လိုက်ရာ မနက် (၁၁) နာရီ (၄၀) မိနစ် ရှိနေခဲ့ပြီး ခန့်မှန်းထားသည့် အချိန်ထက် ဆယ်မိနစ် နောက်ကျခဲ့သည်။

လင်းရှင်ထံ ချက်ချင်း ဖုန်းဆက်လိုက်သောအခါ လင်းရှင်က အထည်ဆိုင် တစ်ခုထဲ ရောက်နေပြီး

"အစ်ကို ပြန်ရောက်ပြီလား"

" နေ့လည်စာ ဘယ်မှာစားမလဲ။ ခဏလောက် အနားယူပြီးရင် နောက်တစ်နေရာ သွားကြမယ်။"

"ကောင်းပြီ၊ ဒီနေ့မနက်က ငါတို့သွားခဲ့တဲ့ ကုန်တိုက်အပေါက်ဝမှာ ငါ့ကိုစောင့်နေ။ မကြာခင် ရောက်လာမယ်"

လင်းရှင်က ပြောပြီးသည်နှင့် ဖုန်းချသွားသည်။

လင်းဟွမ်သည် ဖုန်းပိတ်ချပြီးနောက် လှေကားမှ ဆင်းလိုက်ပြီး ဝင်ပေါက်တွင် သုံးမိနစ်၊ လေးမိနစ်ခန့် စောင့်ပြီးနောက် လင်းရှင် ရောက်လာသည်။

အာဏာရှင်နှင့်အတူတူ လမ်းလျှောက်လာသဖြင့် လင်းရှင်၏အရပ်က ပိုပုနေသလို ဖြစ်နေသည်။ အာဏာရှင်၏ ရှည်လျားသော ခြေလှမ်းများထက်

သူမ၏ခြေလှမ်းက များစွာ နှေးကွေးနေသဖြင့် ရယ်စရာ ကောင်းနေသည်။

"ပတ်ဝန်းကျင်မှာ ချစ်စရာကောင်းတဲ့ မီးသဘော်ာ စားသောက်ဆိုင် ရှိတယ်လို့ အထည်ဆိုင်ပိုင်ရှင်ဆီက ကြားခဲ့တယ်။ အဲ့ဒီနေရာ သွားပြီး စမ်းကြည့်သင့်တယ်ထင်တာပဲ"

လင်းရှင်သည် ကျင်ချွမ်မြို့က မီးသဘော်ာ စားသောက်ဆိုင်ကို သဘောကျ နေပုံရသဖြင့်

"ဒါဆိုလည်း သွားရအောင်။ လမ်းပြ"

လင်းဟွမ်က သဘောတူလိုက်သည်။

လင်းရှင်သည် မြေပုံကို အသုံးပြု၍ စတိုးဆိုင်ပိုင်ရှင်၏ လမ်းညွှန်မှုနှင့်အတူ မီးသဘော်ာ စားသောက်ဆိုင်ကို ချက်ခြင်း ရှာတွေ့ ခဲ့သည်။ ထို့နောက် ထမင်းစားသောက်ရင်း စကားစမြည် ပြောနေခဲ့ကြသည်။

"အစ်ကို၊ နေ့ခင်းဘက်ကျရင် တခြားဝပ်ကျင်းကို သွားမှာလား။"

လင်းရှင်က မေးလိုက်လျှင်

"ဟုတ်တယ်။ ဒီကိစ္စကို အမြန်ဆုံး ပြီးအောင် လုပ်ချင်တယ်၊ စောစော ပြန်ရောက်ရင် ဖတ်စရာ မှတ်စရာတွေ အများကြီး ကျန်သေးတယ်။"

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။ အတန်းမစခင် သင်ထောက်ကူ ပစ္စည်းများကို ပြင်ဆင်ထားရ အုံးမည်။ စာကြည့်တိုက်ထဲတွင် သူဖတ်ခဲ့သော အကြောင်းအရာများက သူ့အတွက် စိတ်လှုပ်ရှားစေသော အခြေခံ ဗဟုသုတများပင်။

"ဒါဆို ငါတို့ ဘယ်သွားကြမှာလဲ"

လင်းရှင်သည် လင်းဟွမ်က အဖြူရောင်မြို့တော်ကို ပြန်ရောက်သည်နှင့် သူမအတွက် အချိန် မပေးနိုင်တော့ကြောင့် သိနေသဖြင့် ဈေးဝယ် ထွက်ချင်သေးသည်။ သို့သော်လည်း လင်းဟွမ်က အလုပ်များနေကြောင်း သိနေသဖြင့် သူမ အစီအစဉ်အစား လင်းဟွမ် အစီအစဉ်ကို လက်ခံလိုက်သည်။

"ဝပ်ကျင်းအမှတ် (၇) စီ (၂၂၈) အရိပ်မြို့ကို သွားရမယ်။ အဲဒီကို ရောက်ဖို့တော့ နည်းနည်းလေး ကြာလိမ့်မယ်။"

လင်းဟွမ်လည်း ကူကယ်ရာ မဲ့နေသည်။ အရိပ်မြို့ကို သူ၏ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းနှင့် ချိတ်ဆက်ထားခြင်း မရှိပေ။ ထို့ကြောင့် ထိုနေရာသို့ ရောက်ရှိရန် နေရာကူးပြောင်းခြင်း ပေါ်တယ် လေးခုကို အဆင့်ဆင့် ကူးပြောင်း၍ အသုံးပြုရမည်။

"ဒီတစ်ခါတော့ ဝပ်ကျင်းထဲမှာ တစ်ယောက်တည်း ကျန်မနေခဲ့ချင်ဘူး။ အရမ်း ပျင်းဖို့ကောင်းတယ်"

လင်းရှင်သည် လင်းဟွမ်က သူမကို တစ်ယောက်တည်း နောက်တစ်ကြိမ် ထပ်ထားသွားမည်ကို စိုးရိမ်နေသည်။

"ကောင်းပြီလေ။ ဒီတစ်ခေါက်တော့ မင်းကိုပါ ခေါ်သွားမယ်"

လင်းဟွမ်သည် တုံ့ဆိုင်း သွားသော်လည်း သဘောတူလိုက်သည်။

## အခန်း(၄၁၉) - အရိပ် မြေ။

အချိန်သည် နေ့လည်ခင်း တစ်နာရီ ထိုးခါနီးနေပြီ။

လင်းဟွမ်နှင့် လင်းရှင်တို့သည် နေ့လည်စာ စားပြီးနောက် ခေတ္တမျှ အနားယူခဲ့ကြသည်။ ထို့နောက် နေရာကူးပြောင်းခြင်း ဓါတ်ကွင်းကို ဆင့်ခေါ်ပြီး အမှောင်ညမြို့ ဝပ်ကျင်းအမှတ် (၇) အေ(၁၁) သို့ ရောက်လာကြသည်။ နောက်ဆုံး၌ နေရာကူးပြောင်းခြင်း ပေါ်တယ် လေးခုကို အသုံးပြုပြီးနောက် သူတို့ဦးတည်ရာ ပန်းတိုင်

ဖြစ်သည့် အရိပ်မြို့ ဝပ်ကျင်းအမှတ် (၇) စီ (၂၂၈) သို့ ရောက်လာခဲ့သည်။

သူတို့သွားမည့် နောက်ဆုံး ဦးတည်ရာသည် အရိပ်မြို့မှ ကီလိုမီတာ (၂,၃၀၀) ကျော်ဝေးသော အမှောင်မြေပင် ။

အရိပ်မြေသည် ရှေးခေတ် အခါကတည်းက တိမ်ကောခဲ့သော မြေအောက်မြို့ အပျက်အဆီး တစ်ခုမျှသာ။ ဒါသည် စတုရန်း ကီလိုမီတာ ငါးသန်းကျော် ကျယ်ဝန်းသော မြို့ကြီးတစ်မြို့

ဖြစ်ပြီး(အော) အဆင့် ဝပ်ကျင်းတစ်ဝက်ခန့် ရှိကာ အလယ်အလတ်အဆင့် အန္တရာယ်ဇုန် ဖြစ်သည်။

အချက် သုံးချက်ဖြင့် အကဲဖြတ်ပါက ဤဇုန်ထဲတွင် အနည်းဆုံး သန့်ရှင်းမီးလျှံအဆင့် မွန်းစတား ငါးကောင်နှင့် အင်မော်တယ်အဆင့် မွန်းစတားများပင် ရှိနေသည်။ မွန်းစတား အနည်းငယ်သာ ရှိသော ခေါင်းလောင်း ချောက်ကမ်းပါးနှင့် နှိုင်းယှဉ်ပါက ဤအပျက်အဆီး နေရာသည် မွန်းစတားမျိုးစုံ ရှိနေသော နယ်မြေတစ်ခုပင် ။

အဆောက်အဦးများစွာသည် ၎င်းတို့၏ လျှို့ဝှက်နန်းတော်များ၊ အသိုက်များ ဖြစ်ကြပြီး အရိပ်မြေထဲသို့ ဝင်ရောက်ခြင်းသည် အန္တရာယ်များသော မွန်းစတားများ လှောင်အိမ်ထဲသို့ ဝင်ရောက်ရကဲ့သို့ စွန့်စားရာ ကျရောက်၏။

“ငါ့နောက် လိုက်ချင်တာ သေချာလား”

နေရာကူးပြောင်းခြင်း ပေါ်တယ်ထဲမှ ထွက်လာပြီးနောက် လင်းဟွမ်သည် လင်းရှင်ကို စိုးရိမ်ပူပန်သော စိတ်နှင့် နောက်တစ်ခေါက် မေးလိုက်သည်။

"ငါတို့က အရိုင်မြေကို အခု သွားတော့မယ်။ အဲ့ဒါက မွန်းစတားတွေ လုံးဝ ကြီးစိုးနေတဲ့ အပျက်အဆီး နေရာတစ်ခုပဲ။ အရင်က ငါတို့ သွားဖူးတဲ့ နေရာတွေနဲ့ မတူဘူး"

"လိုက်မှာပဲ"

လင်းရှင်က ခေါင်းငြိမ့်ပြသည်။

လင်းဟွမ်သည် ညီမဖြစ်သူက လိုက်မည်ဟု ပြောနေသဖြင့် ဘာမှ ဆက်မပြောတော့ချေ။ လင်းရှင်ကို သူ့နောက်သို့ လိုက်ခွင့်

ပြုလိုက်ခြင်းသည် ကာကွယ်ပေးနိုင်မည်ဟု ယုံကြည်ချက် ရှိနေသောကြောင့်ပင် ။

သူမအတွက် ဤကဲ့သို့ နေရာများကိုသွားခြင်းမှာ စောလွန်းသော်လည်း သူမအား ကမ္ဘာကြီး၏ အခြားတစ်ဖက်ခြမ်းကို စောစီးစွာ ပြသလိုက်ခြင်းက ပို၍ ကောင်းပေလိမ့်မည်။

ဘွဲ့ရပြီးခါစ ကျောင်းသားများသည် မှန်လုံအိမ်ထဲမှ ပန်းများကဲ့သို့ နုနယ်လှသည်။ ဘေးကင်းသော ဇုန်ထဲတွင် ကြီးပြင်းပြီး ကမ္ဘာကြီးပေါ်တွင် သက်တန့်များ၊ လိပ်ပြာများ

ပြည့်နှက်နေသည်ဟု စိတ်ကူးယဉ် ပုံဖော်နေကြသည်။ နံ့အခြင်းကြောင့် ဆိုးကျိုးများ ဖြစ်လာနိုင်သဖြင့် လင်းရှင်ကို ထိုကဲ့သို့ ထင်ယောင်ထင်မှားမျိုး မဖြစ်စေချင်ပေ။

“မင်းတို့က အရိပ်မြေ သွားဖို့လား”

ရွှေရောင်သံချပ်ကာ အင်္ကျီ ဝတ်ဆက်ထားသော ကိုလူချောက လင်းရှင်ကို လုံးဝ လျစ်လျူရှုထားပြီး မေးလိုက်သည်။

လင်းဟွမ်က ခေါင်းစောင်း ကြည့်လိုက်ရာ ရွှေအဆင့် ပြည့်ဝအဆင့် ဖြစ်ကြောင်း တွေ့လိုက်ရသည်။

"ငါတို့က အဖွဲ့ဖွဲ့နေတာ မင်းကို ခေါ်သွားပေးနိုင်တယ်။ ငါက ရွှေအဆင့် ပြည့်ဝအဆင့်၊ ငါ့အပြင် ရွှေအဆင့် (၃) သုံးယောက်လည်း ရှိသေးတယ်။ မင်းက သာလွန် မွန်းစတားတွေရဲ့ နေရာကို မသွားသရွေ့ ငါတို့နဲ့ အတူလိုက်နိုင်တယ်"

ထိုလူသည် လင်းပွမ်က ရွှေအဆင့်သုံး ဖြစ်ကြောင်း တွေ့လိုက်လျှင် ဖိတ်ကြားမှု လုပ်လာသည်။

အရိပ်မြေသည် သာလွန်အဆင့်အောက် လူတိုင်းအတွက် သင်္ချိုင်းမြေနှင့် တူနေသောကြောင့် တစ်ယောက်တည်း သွားကြမည် မဟုတ်ပေ။ ထို့ကြောင့် လူအများစုသည် တစ်ယောက်နှင့် တစ်ယောက် စောင့်ကြည့်ပြီး အဖွဲ့ဖွဲ့ကာ အဖွဲ့လိုက်သွားရန် ဆုံးဖြတ်ကြခြင်းပင်။

အရိပ်မြေသို့ ဝင်သော အခြေခံစည်းမျဉ်းသည် လူငါးယောက်ပါသော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကြခြင်း ဖြစ်သော်လည်း လူဆယ်ဦးထက် နည်းသော အဖွဲ့အတွက်မူ အန္တရာယ်များနေသောကြောင့် အသင်းဖော်များ ထပ်မံ ရှာဖွေနေခြင်းသာ

"ရပါတယ်။ ကျေးဇူးတင်ပါတယ်"

လင်းဟွမ်သည် ဒီနေရာသို့ မလာခင်ကတည်းက နလုံးသား ကွန်ရက်ပေါ်မှ စူးစမ်း လေ့လာခဲ့သည်။ သို့သော်လည်း အဖွဲ့ဝင်တစ်ယောက်အဖြစ် ဖိတ်ကြားခံရခြင်းသည် ဒါက ပထမဆုံး အကြိမ်ပင်။

စိတ်ဝင်စားစရာ ကောင်းသည်ဟု ထင်သော်လည်း အပြုံးကလေးနှင့် ငြင်းလိုက်သည်။

"ငါတို့က စွန့်စားသူတို့ သုခဘုံက မဟုတ်ဘူး။ နောက်ဆုံးအချိန်မှ ကပ်ပြီးဖွဲ့ထားတဲ့ အဖွဲ့လေး တစ်ဖွဲ့ပါ။ ဝင်ကြေး ပေးစရာမလိုပါဘူး"

ထိုလူက လင်းဟွမ် အထင်လွဲနေပြီဟု ထင်လိုက်၍ ချက်ချင်း ရှင်းပြသည်။

"ငါ့မှာ ကိုယ်ပိုင်အဖွဲ့ ရှိတယ်"

လင်းဟွမ်က ပြုံးပြီး ခေါင်းခါလိုက်သည်။ ဤလူက စေတနာနှင့် ကမ်းလှမ်းနေခြင်းဖြစ်ကြောင်း သိသည်။

"အို အဲ့ဒီလိုလား။ ဒါဆိုလဲ အနှောက်အယှက် ပေးမိတဲ့အတွက် တောင်းပန်ပါတယ်"

ကိုလူချောက ထိုကဲ့သို့ ပြောပြီးနောက် ထွက်သွားသည်။

လင်းဟွမ်သည် သူ၏မြေပုံကို ထုတ်ယူပြီး ကြည့်လိုက်သည်။ မကြာခင် မုဆိုး အဖွဲ့အစည်းဌာနခွဲ၏ တည်နေရာကို တွေ့လိုက်သည်။

သူ မသွားခင် ဒေသခံ အချို့၏ အချက်အလက်များကို ကိုးကားချင်သေးသဖြင့် မုဆိုးအဖွဲ့အစည်းထံမှ အရိပ်မြေ မြေပုံကို ဝယ်ယူချင်သည်။ ထို့ကြောင့် မုဆိုးအဖွဲ့အစည်း ဌာနခွဲ၏ တည်နေရာကို အတည်ပြုပြီးသည်နှင့် အစိမ်းရောင်ဝံပုလွေကို ဆင့်ခေါ်ကာ လင်းရှင်နှင့်အတူ ထွက်ခွာသွားသည်။

လင်းဟွမ်၏ ငြင်းပယ်ခြင်းကို ခံလိုက်ရသော ကိုလူချောသည် ခြေလှမ်းအနည်းငယ် လှမ်းပြီးနောက်

လင်းဟွမ် ပြောခဲ့သည့်စကားကို ပြန်စဉ်းစားမိကာ အံ့ဩသင့်သွားသည်။

“သူ ပြောခဲ့တာက ငါ့မှာကိုယ်ပိုင်အဖွဲ့ ရှိတယ်။ ငါတို့မှာ ကိုယ်ပိုင်အဖွဲ့ ရှိတယ်လို့လည်း မဟုတ်ပါဘူး။ သံအဆင့်တောင် မရောက်သေးတဲ့ ကောင်မလေးကို အပျက်အဆီး နေရာထဲ ခေါ်သွားမလို့လား။ ငါပဲ နားကြား လွဲနေတာ ဖြစ်မှာပါ”

ကိုလူချောသည် နောက်ထပ် အသင်းဖော်များကိုသာ ရှာဖွေရန်

စဉ်းစားလိုက်ပြီးနောက် ထိုအတွေးကို ခေါင်းထဲမှ မောင်းထုတ်ရန် ခေါင်းခါလိုက်သည်။

လင်းဟွမ်သည် လင်းရှင်ကို မုဆိုးအဖွဲ့အစည်းသို့ ခေါ်လာပြီးနောက် သူ လိုချင်သော အရိပ်မြေနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များ ပါရှိသည့် မြေပုံတစ်ခုကို ဝယ်ယူခဲ့သည်။

ထိုအပြင် ထိုနေရာတွင် ကွန်ရက် ဒါမှမဟုတ် ဖုန်းများကို အသုံးပြုနိုင်သည့် အချက်ပြလိုင်းများ မရှိသောသလို နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းနှင့် တည်နေရာကို ချိတ်ထားခြင်းလည်း မရှိပေ။

ထို့ကြောင့် သူတို့ ရောက်ရှိနေသည့်နေရာကို သိရှိရန် မြေပုံကိုသာ အားကိုးရမည်။ ထို့အပြင် သူတို့ဒုက္ခရောက်ပါက မည်သူ့ကိုမျှ ဆက်သွယ်၍ မရပေ။ သို့သော်လည်း လင်းဟွမ်သည် မုဆိုးကွန်ရက်ပေါ်တွင် ဒီအကြောင်းကို ဖတ်လိုက်ရသည့်အတွက် မအံ့ဩမိပေ။

"အစ်ကို ငါတို့ ဒုက္ခရောက်နေတဲ့အချိန်မှာ ဘယ်သူနဲ့မှ မဆက်သွယ်နိုင်ရင် ငါတို့ သေမှာ မဟုတ်ဘူးလား"

မုဆိုးအဖွဲ့အစည်းထဲမှ ထွက်လာသည်နှင့် တစ်ပြိုင်နက် လင်းရှင်က မေးလိုက်လျှင်

"လူအများစုက အရိပ်မြို့ထဲ မဝင်ခင် သူတို့နဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းနဲ့ သူတို့ရဲ့ ကိုယ်ရေးအကျဉ်းကို မှတ်ပုံတင်ရတယ်။ အရိပ်မြေက ထွက်သွားတဲ့ အချိန်ကို ရေးမှတ်ထားပြီး ထွက်ခွာတာနဲ့ ကွန်ရက်ပေါ်မှာ တင်ထားရတယ်။ (၄၈) နာရီကျော်ရင် အဖွဲ့အစည်းက အဲ့ဒီလူကို ဆက်သွယ်ဖို့ ကြိုးစားလိမ့်မယ်။ တကယ်လို့ ဆက်သွယ်လို့ မရရင် အဲ့ဒီလူကို ကယ်ဆယ်ဖို့

လူလွှတ်ပေးလိမ့်မယ်။ ဒါကြောင့် နှစ်ရက်ထက်ပိုပြီး ထိန်းထားနိုင်ရင် အသက်ရှင်ဖို့ ဖြစ်နိုင်တယ်။ နောက်ပြီးတော့ အရိပ်မြေထဲဝင်ရောက်နေတဲ့ လူသားအဖွဲ့တွေလဲ အများကြီး ရှိပါတယ်။ အဲ့ဒါကြောင့် ဘေးဒုက္ခ ကြုံတွေ့ရင် အနီးအနားမှာ ရှိနေတဲ့ အဖွဲ့တွေကို အချက်ပြနိုင်တယ်။ နှလုံးသားကွန်ရက်တွေ၊ ဖုန်းတွေ အသုံး မပြုနိုင်ပေမယ့် အင်ပါယာနှလုံးသား လက်စွပ်မှာ အက်စ်အိုအက်စ် လို့ခေါ်တဲ့ အရေးပေါ် အချက်ပြမှုကတော့ အလုပ် လုပ်သေးတယ်။ အဲ့ဒီ လုပ်ဆောင်ချက်က အတားအဆီးမရှိဘဲ ကီလိုမီတာ

တစ်ရာပတ်လည်အထိ ရောက်နိုင်တော့ သက်ရောက်မှုရှိတဲ့ နေရာထဲမှာ တခြား အင်ပါယာ နှလုံးသားလက်စွပ် ရှိနေရင် အချက်ပြမှု ရလိမ့်မယ်။ အတားအဆီးများ ရှိနေရင်တောင် အချက်ပြမှု ရနေဦးမှာပဲ”

လင်းဟွမ်သည် လင်းရှင်အတွက် အသုံးဝင်သောကြောင့် အသေးစိတ် ရှင်းပြလိုက်သည်။ အစောပိုင်းက ပြောခဲ့သော အချက်ပြမှုအကြောင်းကို ယခင်က မသိခဲ့ပေ။ စာကြည့်တိုက်ထဲတွင် ဖတ်ခဲ့ပြီးမှ သိခဲ့ခြင်းပင် ။

လက်တွေ့ အတွေ့အကြုံရှိသည့် မုဆိုးများသည် သင်ရိုးညွှန်းတန်းထဲတွင် ပါဝင်သောကြောင့် အချက်ပြမှု အကြောင်းကို ကောလိပ်တက်စဉ် အချိန်ကတည်းက သိရှိကြသည်။ ဤကမ္ဘာတွင် တစ်နှစ်ခန့်သာ နေရသေးသော လင်းဟွမ်ကသာ ထိုကဲ့သို့ လျှို့ဝှက် လုပ်ဆောင်ချက်ကို မသိခြင်း ဖြစ်သည်။

လင်းဟွမ်သည် မုဆိုးအဖွဲ့အစည်းမှ ထွက်လာသောအခါ အခြားအဖွဲ့များ နောက်သို့ လိုက်ရန် အစီအစဉ် မရှိပေ။ သူ၏ ဆင့်ခေါ်

မွန်းစတားများက လူသားများထက် ပို၍ စိတ်ချယုံကြည်ရသည်။

ထို့နောက် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်ပြီးနောက် အရိပ်မြေသို့ ဦးတည် ပျံသန်းသွားကြသည်။

## အခန်း(၄၂၀) - မြေအောက်မြို့။

အရိုပ်မြေ၏ ဝင်ပေါက်သည် အရိုပ်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ (၂,၃၀၀) အကွာတွင် တည်ရှိသည်။

မိုးကြိုးသိမ်းငှက်သည် သူတို့နှစ်ယောက်ကို တင်ဆောင်ပြီးနောက် နာရီဝက် မပြည့်ခင် အချိန်လေးအတွင်းမှာပင် ရောက်ရှိအောင် ပျံသန်းသွားသည်။

ဝင်ပေါက်အနီး၌ ခေါင်းဆောင်အချို့က သူတို့၏ အသင်းဖော်များကို ရှင်းလင်း ပြောကြားနေကြသလို အထဲဝင်ရန် အသင့်ပြင်နေသော အဖွဲ့အချို့လည်း ရှိသည်။

လူအများစုက လင်းပွမ် စီးလာသော ရွှေအဆင့် စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်ကို လှမ်းကြည့်ရင်း အားကျနေသည်။ ဒါသည် သန့်ရှင်းမီးလျှံအဆင့် မဟုတ်သော်လည်း သန္ဓေနှစ်ကြိမ်ပြောင်း ပျံသန်းနိုင်သော မွန်းစတားတစ်ကောင် ဖြစ်နေသဖြင့်

ခါတ်ကြွင်းတစ်ခု တန်ဖိုးနှင့် စျေးနှုန်းတူနေပြီး လူတိုင်း မတတ် နိုင်ကြပေ။

မိုးကြိုးသိမ်းငှက်ပေါ်မှ ဆင်းလာသော လူနှစ်ယောက်သည် ငယ်ငယ်ရွယ်ရွယ်လေး ဖြစ်နေသည်ကို မြင်လိုက်လျှင် လူတိုင်း အံ့သြသင့်သွားသည်။

"သူတို့တွေက တော်ဝင်မျိုးနွယ်ကဆိုတာ ငါ သေချာပေါက် လောင်းရဲတယ်"

လူတော်တော်များများက သူတို့ နှစ်ယောက်ကို မြင်လိုက်လျှင် မြင်မြင်ချင်း အထင်ကြီး နေကြသည်။

လင်းဟွမ်သည် မိုးကြိုးသိမ်းငှက်ကို ပြန်သိမ်းပြီးနောက် လူအများက သူ့ကို အထင်ကြီးစွာ ကြည့်နေကြောင်း သတိထားလိုက်မိသည်။

လင်းဟွမ်က မွန်းစတားကို ပြန်သိမ်းသည့်အချိန်၌ မွန်းစတား ထိန်းချုပ်ရေး တံဆိပ်ကို အသုံး မပြုသောကြောင့် ထိန်းချုပ်သူတစ်ယောက် ဖြစ်နေသည်မှာ အထင်ကြီးစရာပင်။ ထို့အပြင် ငယ်ငယ်ရွယ်ရွယ်နှင့် သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်ကို ထိန်းချုပ်နိုင်သဖြင့် ပို၍ပင် အထင်ကြီးစရာ ကောင်းနေသည်။

လင်းဟွမ်သည် သူ့ကို ကြည့်နေသော လူအုပ်ကြီးကို လျစ်လျူရှုလိုက်ပြီး လင်းရှင်ကို အရိပ်မြေ ဝင်ပေါက်သို့ တန်းတန်းမတ်မတ် ခေါ်ဆောင်သွားသည်။

"သူတို့နှစ်ယောက်က အဖွဲ့မဖွဲ့ဘဲ ဝင်သွားတယ်။ ရူးနေတာလား"

လူတစ်ယောက်က ဝင်သွားသော သူတို့ကို မြင်လိုက်လျှင် စိတ်ပူသွားသည်။

"ငါလည်း မြင်တယ်။ သူက ထိန်းချုပ်သူ တစ်ယောက် ဆိုပေမယ့် လူငါးယောက်ရှိတဲ့

အဖွဲ့တစ်ခုနဲ့ ပေါင်းပြီး မွန်းစတားနှစ်ကောင် ဒါမှမဟုတ် သုံးကောင် ခေါ်ယူတာက အကောင်းဆုံးနဲ့ အသင့်တော်ဆုံးပဲ။ ဒီကောင်က အရိပ်မြေကို အလှူအိမ် ထင်နေတာလား”

လူတစ်ယောက်က မှတ်ချက် ပေးလိုက်လျှင်

“ငါ ထင်တာ မမှားရင် အဲ့ဒီကောင်မလေးက သံအဆင့်တောင် မရှိသေးတဲ့ သာမန်လူတစ်ယောက်ပဲ”

အခြား လူတစ်ယောက်ကလည်း တိုးတိုးလေး ပြောလိုက်သည်။ ထိုအချိန်ကို ရောက်ခါမှ

ကျန်သည့်လူများသည် လင်းရှင်၏ ခန္ဓာကိုယ်ထဲတွင် ကံကြမ္မာစွမ်းအား လှိုင်းများ မရှိကြောင်း ပြန်အမှတ် ရသွားသည်။

"သာမန်လူ တစ်ယောက်ကို အရိပ်မြေထဲ ခေါ်သွားတာလား။ ဒီကောင်က ဟိုတယ်ကုတင်က မကျယ်ဘူး ထင်ပြီး ပိုကျယ်တဲ့နေရာမှာ စိတ်လှုပ်ရှားမှုရှာချင်တဲ့ တော်ဝင်မျိုးနွယ်က ဓောက်ကြွားကြွားကောင်ပဲ ဖြစ်ရမယ်"

ရင်ဘတ်တွင် အမွေးအမျှင် ပြည့်နေသော လူတစ်ယောက်က အရွှန်းဖောက်လိုက်သည်။

လင်းဟွမ်သည် သူတို့၏ စကားကို မကြားလိုက်ပေ။ ထိုသို့ မဟုတ်ပါက ရင်ဘတ်မှ အမွေးများကို တစ်ချောင်းချင်း ဆွဲနှုတ်ပြီး သင်ခန်းစာ ပေးမိလိမ့်မည်။

အရိပ်မြေ၏ ဝင်ပေါက်သည် လေးမီတာ၊ ခြောက်မီတာခန့် ရှည်လျားသော ဘဲဥပုံ သလင်းကျောက်လမ်းကြီး ဖြစ်ပြီး လူငါးယောက်မှ ခြောက်ယောက်အထိ တစ်ပြိုင်နက် ဝင်နိုင်သည်။

ဒီလျှို့ဝှက်လမ်းကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်က ဘူမိဗေဒ ပညာရှင်များ ရှာဖွေ

တွေ့ရှိခဲ့ခြင်းပင် ။ ဒီအကြောင်းကို ဖုံးအုပ်ထားသော်လည်း စွန့်စားသူများနှင့် မုဆိုးများ ဝင်ရောက် လာပြီးနောက် သတင်းက ပေါက်ကြားသွားခဲ့သည်။

အရိပ်မြေထဲ၌ မျက်လုံးတု မရှိပေ။ နှစ်ပေါင်းများစွာအတွင်း မွန်းစတားများ အသတ်ခံရသော်လည်း အရေအတွက် တိုးလာရခြင်းမှာ အဓိက အကြောင်းအရင်း နှစ်ခု ရှိသည်။

တစ်ခုမှာ မြေပြင်အောက်ခြေတွင် မြေအောက် အက်ကွဲကြောင်းကြီး ရှိနေသလို နောက်တစ်ခုမှာ ဒီနေရာရှိ မွှန်းစတားများတွင် အသတ်ခံရသော မွှန်းစတားများနှင့် ပြန်လည် အစားထိုးနိုင်သည့် မျိုးပွားနှုန်း ရှိနေသောကြောင့်ပင် ။

လင်းဟွမ်သည် လင်းရှင်ကို မြေအောက် အတွင်းပိုင်းထဲသို့ ခေါ်ဆောင် လာခဲ့သည်။ ဒါကို ကြည့်ရသည်မှာ မွှန်းစတား တစ်ကောင်က ဗရမ်းဗတာ တူးထားသလိုပင် ။ မြောင်း၏

အလယ်လောက်ကို ဖြတ်ကျော်ပြီးနောက် မြေကြီးထဲ နိမ့်ဆင်းသွားသည်။

နောက်ဆုံး၌ လင်းဟွမ်သည် မြေပုံပေါ်ရှိ လမ်းညွှန်ချက်အတိုင်း နာရီဝက်ကျော်အောင် လမ်းလျှောက်လာပြီးနောက် ကျယ်ပြန့်သော မြေအောက်နေရာသို့ ရောက်ရှိလာသည်။

ထိုနေရာသည် မည်းမှောင် နေသော်လည်း လင်းဟွမ်၏ အမြင်အာရုံကို ထိခိုက်ခြင်း လုံးဝ မရှိပေ။ လင်းရှင်ကမူ လမ်းတစ်လျှောက်၌

စူးစမ်းရေးခတ်မီးကို အသုံးပြုနေခဲ့ရသည်။ ထိုသို့ မဟုတ်ပါက သူမ မမြင်နိုင်တော့ပေ။

"ဒီလောက်ကျယ်တဲ့ နေရာကြီးလား"

လင်းရှင်သည် စူးစမ်းရေးခတ်မီးကို အသုံးပြု၍ ပတ်ဝန်းကျင်ကို ကြည့်ပြီးနောက် အလန့်တကြား ထအော်လိုက်သည်။

"အရိပ်မြို့တော်က အခုလက်ရှိ အချိန်အထိ အဖွဲ့ခွဲ(၇) တွေ့ရှိထားတဲ့ အထဲမှာ အကြီးဆုံး မြေအောက်မြို့ကြီးပဲ။ ဒါက မြို့အစွန်က စွန့်ပစ်

နေရာတစ်ခုပဲ။ အထဲကို ရောက်လေလေ ပိုပြီး ကျယ်လာ လေလေပဲ”

လင်းဟွမ်က ပြုံးပြီး

“မင်းရဲ့ စုံစမ်းရေး ခေတ်မီးကိုသိမ်းပြီး ငါ့ နောက်လိုက်ခဲ့”

လင်းဟွမ်က လင်းရှင်လက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

လင်းရှင်သည် မျက်မှောင် ကြုတ်သွားသော်လည်း ခါတ်မီးကို ပိတ်ပြီး လင်းဟွမ်နောက်မှ လိုက်ပါသွားသည်။

လင်းရှင်သည် အကွေ့တစ်ချို့ကို ကျော်ဖြတ်ပြီးနောက် ခပ်လှမ်းလှမ်းမှ လှမ်းမြင်နေရသည့် အရိပ်မြေကို မြင်လျှင် တုန်လှုပ်သွားသည်။

သူမ သာမက လင်းဟွမ်လည်း တုန်လှုပ် ခြောက်ခြားနေသည်။ ယခင်က ဒီနေရာကို ခါတ်ပုံများထဲ၌ မြင်ဖူးသော်လည်း မျက်လုံးနှင့်

ကိုယ်တိုင် မြင်လိုက်ရသောအခါ ဆွဲဆောင်မှု အားကောင်းနေဆဲပင်။ စွန့်ပစ်ထားသော မြေသည် မြို့တစ်မြို့ထက် မီတာရာနှင့်ချီ ပိုကျယ်ဝန်းကာ အရိပ်မြေသည် အဝေးမှ လှမ်းကြည့်၍ မြင်ရလောက်အောင်ပင် လင်းထိန်နေသည်။

လမ်းမီးအားလုံး လင်းလက် တောက်ပနေပြီး အိမ်များကလည်း မီးများ ထွန်းညှိထားသဖြင့် တစ်မြို့လုံး လင်းထိန် တောက်ပနေသည်။ အဝေးမှ လှမ်းကြည့်ပါက လူသားများနှင့် စည်ကားနေသော မြို့ကြီးတစ်မြို့နှင့် တူနေသည်။

လင်းဟွမ်သည် ရှန်ဟိုင်းကို ပထမဆုံး ရောက်သွားသည့် ညမြင်ကွင်းကို ပြန်သတိ ရသွားသည်။ ယခုလက်ရှိ သူ ကြည့်နေသော မြို့သည် ရှန်ဟိုင်းမြို့ထက် အဆပေါင်း ရာနှင့်ချီပြီး ကြီးမားကာ ပျောက်ဆုံးနေသည့် တစ်ခုတည်းသော အရာမှာ လမ်းပေါ်တွင် ပြေးဆွဲနေသော ကားများပင်။

"အရမ်းလှတာပဲ"

လင်းရှင်က အော်ဟစ်လိုက်သည်။

"တကယ် လှတယ်"

လင်းဟွမ်ကလည်း ခေါင်းငြိမ့်လိုက်ပြီး

"သွားရအောင်"

လင်းဟွမ်သည် ဒီမြင်ကွင်းကို ခဏမျှ ခံစားပြီးနောက် အစိမ်းရောင် ဝံပုလွေကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် အစိမ်းရောင်ဝံပုလွေကို စီးပြီး ကျိုးပျက်နေသော တံတားတစ်ခုကို ရောက်ရှိလာသည်။ တံတားသည် ယခင်က လင်းဟွမ်တို့ ဖြတ်လျှောက်ခဲ့သည့် စွန့်ပစ်နယ်မြေနှင့် ဆက်သွယ်ရန် ရည်ရွယ်ထားပုံ

ရကာ အလယ်တွင် မီတာ (၃၀) ခန့် ပြတ်ကျနေသည်။

အစိမ်းရောင်ဝံပုလွေသည် ကျိုးကျနေသော တံတားနေရာသို့ ရောက်သည်နှင့် အရှိန်မြင့်ပြီး ခုတ်ကျော်လိုက်ရာ မီတာ (၃၀) ကျော် ဖြတ်သန်း၍ အခြား တစ်ဖက်သို့ အလွယ်တကူ ရောက်ရှိသွားသည်။

လင်းဟွမ်သည် တံတားအောက် ရေစီးကြောင်းများထဲမှ ထွက်ပေါ်လာသော အသံကို

နားထောင်ရင်း မြေအောက်မြစ်ထဲ၌ မွန်းစတားများ ရှိနေကြောင်း သေချာသွားသည်။

တံတားနှင့် အနီးဆုံးနေရာ၌ မိုးမျှော်တိုက်ကြီး အနည်းငယ် ရှိနေကာ အဆောက်အဦး အားလုံးတွင် နွယ်ပင်များ ပေါက်နေသည်။ ထိုအဆောက်အဦးများကို မီးထွန်း ထားပြီး အချို့အခန်းထဲ၌ ရွေ့လျားနေသော အရိပ်များကိုပင် မြင်နေရသည်။

“အစ်ကို ဘယ်ဘက်က အဆောက်အဦးထဲမှာ တစ်ခုခု ရှိနေတယ် ထင်တယ်”

လင်းရှင်က  တိုးတိုးလေးလေး ပြောလိုက်သည်။

လင်းဟွမ်က လင်းရှင်ကို မွန်းစတား နယ်မြေထဲသို့ ရောက်သည်နှင့် စကားကျယ်ကျယ် မပြောပဲ တိုးတိုးလေးပြောရန် သတိပေးခဲ့သည်။ အကယ်၍ သူမသာ ပုံမှန်အတိုင်း ပြောလိုက်မည် ဆိုပါက မွန်းစတားများ သတိထားမိသွားလိမ့်မည်။

“ငါလဲ  မြင်တယ်။ ဒါပေမဲ့ ကိစ္စမရှိဘူး”

လင်းဟွမ်က လန်စန်လေ့ကို ဆင့်ခေါ်လိုက်သည်။

“ဒီတစ်ခါတော့ ငါတို့တွေ ကျိန်စာ ဓါးမိစ္ဆာကို အမဲလိုက်ကြမယ်”

“လမ်းပြ”

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

## အခန်း(၄၂၁) - ဦးစားပေး

အရိပ်မြေသည် မွန်းစတားများ စိုးမိုးထားသော မြို့တစ်မြို့ပင် ။ မိုးမျှော်တိုက်များ၊ အိမ်များနှင့် မြေအောက်အခန်းများ၌ မွန်းစတားများ ပြည့်နှက်နေသည်။ မွန်းစတားထဲမှ တော်တော်များများသည် လူသားများ ပြုလုပ်ထားသော လမ်းကြောင်းအတိုင်း လျှောက်သွားနေကြသည်။

ဘေးကင်းဇုန်ထဲရှိ ဝပ်ကျင်းများထဲသို့ မွန်းစတားများ အလုံးအရင်းနှင့်

ကျူးကျော်လာသည့်အခါမှသာ ထိုကဲ့သို့ မြင်ကွင်းမျိုးကို မြင်တွေ့ နိုင်လိမ့်မည်။ မွန်းစတားများက သူတို့ကိုယ်သူတို့ ဤမြို့၏ ပိုင်ရှင်အဖြစ် သဘောထား နေကြသကဲ့သို့ပင်။

အချို့က မီးလုံးများ၊ မီးချောင်းများ မပျက်စေရန် အဆောက်အဦးအချို့ကိုပင် ရှောင်ရှား၍ သွားလာ နေကြသည်။ မွန်းစတားများသည် ပျော့ပျောင်းပြီး နေရောင်ကဲ့သို့ မျက်လုံး မထိခိုက်စေသည့် မီးလုံး အလင်းရောင်များကို အမှန်တကယ် နှစ်ခြိုက် သဘောကျ နေပုံရသည်။

လမ်းဘေး တစ်ဖက်တစ်ချက်၌ အမြင့်မတူသော အဆောက်အဦးများရှိကာ အစိတ်အပိုင်း အများစုကို အပင်များ ဖုံးလွှမ်းနေပြီး အစိတ်အပိုင်းအချို့က လုံးဝ ပျက်စီးနေသည်။ ဒါသည် အချိန်တိုက်စားခြင်း နမိတ်တစ်ခုပင်။ လမ်းပေါ်တွင် စွန့်ပစ်ထားသော ကားများ ရှိသော်လည်း အချိန်ကာလ ကြာညောင်းနေပြီး ဖြစ်သဖြင့် အခွံသာ ကျန်တော့သည်။

"အစ်ကို ဒီသံ အခွံတွေက ဘာတွေလဲ"

လင်ရှင်သည် အစိမ်းရောင် ဝံပုလွေကို စီးနေရင်း မေးလိုက်လျှင်

“ရှေးခေတ်အချိန်က အသုံးပြုတဲ့ သယ်ယူပို့ဆောင်ရေးယာဉ်တွေ ဖြစ်နိုင်တယ်”

လင်းဟွမ်သည် ဤကမ္ဘာ၌ ကားအဟောင်းများ ရှိ၊ မရှိ မသေချာသဖြင့် သယ်ယူပို့ဆောင်ရေးယာဉ်ဟုသာ သုံးနှုန်းလိုက်သည်။

“သယ်ယူပို့ဆောင်ရေး အတွက်လား။ ရုပ်ဆိုးလိုက်တယ်နော်”

လင်းရှင်သည် ဆယ်စုနှစ်တစ်လျှောက် ကျိုးပဲ့၍ တိုက်စားနေခဲ့သော ကားအခွံများကို ကြည့်နေသည်။ သံချေးတက်နေသော သံမဏိ သတ္တုတုံးများက အမှန်တကယ်ပင် ရုပ်ဆိုးလှသည်။

"ဒါတွေ မပျက်စီးသေးတဲ့ အချိန်ကတော့ ဒီလိုပုံစံမဟုတ်ဘူး ထင်တယ်။ ငါတို့နဲ့ ယှဉ်လိုက်ရင် အလှတရား ခံစားတဲ့ပုံချင်း မတူတာ ဖြစ်လိမ့်မယ်"

လင်းဟွမ်က ရှင်းပြလိုက်သည်။

"ဒါပေမယ့် ဒီအရာတွေက ဘယ်လို လှုပ်ရှားကြတာလဲ"

လင်းရှင်က သိချင်နေသည်။

"နတ်ဆိုး သလင်းကျောက်ကနေ စွမ်းရည်အရင်းအမြစ် ထုတ်ယူတာ ဖြစ်နိုင်တယ်"

လင်းဟွမ်လည်း ရှေးခေတ်ကားများက မည်ကဲ့သို့ အလုပ်လုပ်ကြောင်း မသိပေ။

လင်းရှင်သည် သူမအစ်ကိုက ရှေးဟောင်း သုတေသနပညာရှင် မဟုတ်သောကြောင့် သူမ မေးသည့် မေးခွန်းများက များသွားကြောင်း သတိထား လိုက်မိသည်။ သူမမေးခွန်းကို မဖြေနိုင်သည်မှာ

ပုံမှန်ပင်။ ထို့ကြောင့် အနေရခက်မှုကို ရှောင်လွှဲနိုင်ရန် မေးခွန်း ဆက်မမေးဖို့ ဆုံးဖြတ်လိုက်သည်။

တောက်ပနေသော မီးရောင်များအောက်၌ အစိမ်းရောင်ဝံပုလွေသည် လင်းဟွမ် လင်းရှင်နှင့် လန်စန်လော့တို့ကို သယ်ဆောင်ပြီး တိတ်ဆိတ်နေသော မြို့ထဲသို့ ဝင်လာခဲ့သည်။

လင်းဟွမ်နှင့် လင်းရှင်တို့က ထိုင်နေကြပြီး လန်စန်လော့က လင်းဟွမ်နောက်တွင် မတ်တပ်ရပ်နေသည်။ လမ်းက မည်မျှပဲ ခုန်ပေါက်နေပါစေ သူ့အပေါ် သက်ရောက်မှု ရှိပုံမရချေ။။ ခရီးသွား

နေစဥ်အတွင်း မရဏဇုန်ကို အသက်သွင်းထားကာ ဝင်ရောက်လာသည့် မွန်းစတားတိုင်းကို သတ်ဖြတ်ပစ်ခဲ့သည်။

လမ်းတစ်လျှောက်၌ မွန်းစတား အများကြီးမရှိပေ။ လန်စန်လော့ သတ်ခဲ့သော မွန်းစတားအများစုသည် လမ်းပေါ်တွင် လျှောက်သွားနေသော မွန်းစတားများသာ ဖြစ်ကြသည်။ သူတို့ ပတ်ဝန်းကျင်၌ စွန့်ပစ်ထားသော အတားအဆီးများစွာ မရှိပေ။ ပြန့်ကျဲနေသော မွန်းစတားအများစုသည် အစိမ်းရောင် ဝံပုလွေကို

ခပ်လှမ်းလှမ်းမှ တွေ့လိုက်ကြပြီး ထိုအပေါ်တွင် လူသားများ စီးနင်း လိုက်ပါလာသည်ကို မြင်သည်နှင့် ပြေးသွားကြသည်။ သူတို့အတွက် လူသားဆိုသည်မှာ လတ်ဆတ်ပြီး နူးညံ့သော အသားဖြစ်ကာ အရသာရှိသည်မှာ သေချာသည်။

မွန်းစတားအချို့က အဆောက်အဦးမှ ပြတင်းပေါက်များကို ခွဲထွက်ပြီး တိုက်ခိုက် လာကြသည်။ ဤအခြေအနေကို ရွှေအဆင့် ပြည့်ဝအဆင့် ရောက်ရှိနေသော လန်စန်လော့က အလွယ်တကူ ကိုင်တွယ်ခဲ့သည်။ ဤနေရာသည်

သာလွန်အဆင့် မွန်းစတား ငါးကောင်ထက် မနည်းသော အလယ်အလတ်အဆင့် အန္တရာယ်ဇုန် တစ်ခု ဖြစ်သော်လည်း မွန်းစတားအများစုမှာ သာလွန်အဆင့်အောက်သာ ရှိကြသည်။

လန်စန်လော့၏ တိုက်ခိုက်ရေး အစွမ်းသည် အဖြူရောင် မီးလျှံအဆင့်နှင့် တူညီပြီး မရဏဇုန်ထဲ ဝင်လာသော မွန်းစတားများကို ခေါးဖြင့် နှစ်ကြိမ်ခုတ်စရာ မလိုခဲ့ပေ။ လန်စန်လော့သည် မတ်တပ်ရပ်နေရုံဖြင့် အနိုင်ယူခဲ့သည်။

အစပိုင်းတွင် လင်းရှင်သည် ပြေးဝင်လာသော မွန်းစတားများကို မြင်သောအခါ ထိတ်လန့်သွားသည်။ လန်စန်လေ့က ထိုမွန်းစတားများကို သတ်ဖြတ်နေ၍ အစိမ်းရောင်ဝံလွေနှင့် မီတာ (၂၀)အတွင်းသို့ မဝင်ရောက်နိုင်ကြောင်း သတိထားလိုက်မိသည်။

"အကို လန်စန်လေ့က အရမ်းအစွမ်းထက်တာပဲ။ သူက အစ်ကို့ဆီမှာ ရှိတဲ့ ဆင့်ခေါ်မွန်းစတားတွေထဲမှာ အစွမ်းအထက်ဆုံးလား"

လင်းရှင်သည် လန်စန်လော့က ကိုင်လီနှင့် အာဏာရှင်တို့ထက် ပို၍ အစွမ်းထက်နေသည်ဟု ထင်နေသဖြင့် အလိုလို မေးလိုက်ခြင်းပင်။ သူမ မသိသည်မှာ အာဏာရှင်နှင့် ကိုင်လီတို့သည် ချိတ်ဖွင့်သော လုပ်ငန်းစဉ် ပြီးဆုံးသွားခဲ့ပြီ။

လန်စန်လော့သည် ရွှေအဆင့်ပြည့်ဝအဆင့်သာ ရှိသော သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား တစ်ကောင်မျှသာ။

အာဏာရှင်၏ ကာကွယ်ရေးစွမ်းရည် ဖြစ်စေ၊ ကိုင်လီ၏ လျင်မြန်သော အရှိန်အဟုန်ဖြစ်စေ

လန်စန်လော့၏ တိုက်ခိုက်ရေး အစွမ်းထက်သေချာပေါက် ပိုမို အားကောင်းကြသည်။

လင်းဟွမ်က ခေါင်းခါပြီး လန်စန်လော့ကို ကြည့်ကာ

"သူက သန့်ရှင်း မီးလျှံအဆင့်ကို တက်သွားရင်တော့ ထိပ်ဆုံး သုံးကောင်ထဲက တစ်ကောင် ဖြစ်လာလိမ့်မယ်"

လင်းဟွမ်၏ စကားက အမှန်ပင်။ လင်းဟွမ်ထံတွင် ပိုင်နှင့် အဓိပတိ အရှင်သခင်ဖြစ်သည့် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား

နှစ်ကောင်ကို ပိုင်ဆိုင်ထားသည်။ ပိုင်သည့် နတ်ဘုရား သွေးမျိုးဆက်ပါသော သနွေ့သုံးကြိမ်ပြောင်း မွန်းစတား ဖြစ်သောကြောင့် လင်းဟွမ်၏ အစွမ်းထက်ဆုံး မွန်းစတားကတ်ပင် ။

ဒုတိယမှာမူ အဓိပတိ အရှင်သခင် ဖြစ်သည်။ သူ့တွင် ထူးခြားသော သွေးမျိုးဆက် မရှိသော်လည်း ကြောက်စရာ ကောင်းသော အရည်အချင်းများ ပိုင်ဆိုင်ထားသောကြောင့် ယခုလက်ရှိတွင် အခြားမွန်းစတား ကတ်များကို ကျော်လွန်၍

ဒုတိယနေရာတွင် ရပ်တည်နေပြီး တတိယမှာမူ ချောကလက်လေးသာ

ချောကလက်လေးကို ချိတ်ဖွင့်ပြီးနောက် သန့်ရှင်းမီးလျှံအဆင့်သို့ မြင့်တက်လာသလို အရွယ်ရောက်ပြီးသား နဂါးမျိုးစပ် တစ်ကောင်အဖြစ် ပြောင်းလဲလာပြီး သူ့ထံတွင်ရှိသော မွန်းစတား ကတ်များ၌ ထူခြားသော မွန်းစတားကတ်တစ်ခု ဖြစ်လာလိမ့်မည်။ ချောကလတ်လေး၏ သွေးမျိုးဆက် အဆင့်တက်သည်ဖြစ်စေ၊ အဆင့်မတက်သည်ဖြစ်စေ၊ သန္ဓေ သုံးကြိမ်

ပြောင်းလဲခြင်း ရှိသည်ဖြစ်စေ ၊ မရှိသည်ဖြစ်စေ အစွယ်ရောက်လာသော ချောကလက်လေးက ပိုမို အားကောင်းလာပြီး ပိုင်နှင့် ယှဥ်နိုင်လာလိမ့်မည်။

လန်စန်လေ့ကမူ ခါးကျေးကျွန်များကို ပိုင်ဆိုင်ထားသောကြောင့် ချိတ်ဖွင့်ပြီးနောက် ထိပ်ဆုံးသုံးယောက်ထဲမှ တစ်ယောက် ဖြစ်လာလိမ့်မည်ဟု ပြောကြားခဲ့ခြင်းပင်၊

ခါးကျေးကျွန် ကိုးယောက်နှင့် အတူဆိုပါက လန်စန်လေ့သည် မည်သည့် မွန်းစတားကိုမဆို အနိုင်ယူ နိုင်လိမ့်မည်။ သို့သော် လန်စန်လေ့သည်

ကြမ်းတမ်းဘွဲ့နှင့် မွန်းစတားတစ်ကောင် ဖြစ်သော်လည်း လင်းဟွမ်သည် ထိုခေါင်းစဉ်ကြောင့် ဆိုပြီး အဆင့်မြှင့်တင်ရန် အစီအစဉ် မရှိပေ။

လန်စန်လော့သည် လင်းဟွမ်၏မှတ်ချက်က အပြုသဘော ဆောင်နေကြောင်း သိနေသဖြင့် မှတ်ချက် ပြန်ပေးခြင်း မရှိပေ။

အဓိပတိအရှင်သခင်နှင့် ပိုင်၏ အရည်အချင်းကို သူကိုယ်တိုင် သိကာ သူ့ထက် ပို၍ အစွမ်းထက်ကြသည်။

"မဖြစ်နိုင်ဘူး"

လင်းရှင် အံ့အောသင့်သွားသည်။ သူမအတွက်မူ လန်စန်လော့က မရှုံးနိမ့်နိုင်သူဟု ယူဆထားသော်လည်း လင်းဟွမ်က သန္ဓေသုံးကြိမ်ပြောင်းပြီးသည့်အချိန် ရောက်ခါမှ ထိပ်ဆုံးသုံးယောက်ထဲမှ တစ်ယောက် ဖြစ်လာလိမ့်မည်ဟု ပြောနေသောကြောင့်ပင်။

"လန်စန်လော့က အခုမှ ရွှေအဆင့် ပြည့်ဝအဆင့်ပဲ ရှိသေးလို့ သန်မာလာဖို့အတွက် အချိန်အများကြီး လိုသေးတယ်"

ဘွဲ့ပါသော မွန်းစတားများကို ကောင်းမွန်စွာ လေ့ကျင့်ပေးနိုင်သည်ဟု ရှောင်ဖိန် ပြောခဲ့သော စကားကို ပြန်သတိရသွားသည်။ ဤကဲ့သို့ဖြင့် လန်စန်လေ့နှင့် ကိုင်လီတို့ကို စတင် သတိထား လာခဲ့သည်။

သူ့တွင် အဆင့်တက်ထားသော မွန်းစတား ကတ်များ ပို၍ များလာသောကြောင့် မွန်းစတား အားလုံးကို တပြိုင်နက်တည်း လေ့ကျင့်ပေးရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် စစ်မှန်သော အရည်အချင်း ရှိသူ၊ စိတ်ချ ယုံကြည်စွာ ခေါ်ဆိုထိုက်သည့် မွန်းစတားများကိုသာ ရွေးချယ်ရလိမ့်မည်။

သွေးမျိုးဆက် အရေးကြီးပါက ပိုင်နှင့် ချောကလက်လေးကို ဦးစား ပေးသင့်ပြီး မိစ္ဆာသုံးကောင်က ဒုတိယ လိုက်သည်။ အဖွဲ့ထဲတွင် ထိန်းချုပ်နိုင်သော မွန်းစတားတစ်ကောင် လိုအပ်သဖြင့် အဓိပတိ အရှင်သခင်ကိုလည်း ဦးစားပေးသင့်သည်။

မျှော်လင့်ချက် အရိုးဝိညာဉ်နှင့် စုန်းမတို့က အရန်ဖြစ်သော်လည်း သူတို့၏ ထိန်းချုပ်နိုင်စွမ်းမှာ ပြိုင်ဘက်ကင်း လုနီးပါး ဖြစ်နေသည်။

ထို့အပြင် ဉာဏ်ရည် ထက်မြက်သော သွေးရဲရဲလေးကိုလည်း ဦးစားပေးသင့်ပြီး သူတို့အားလုံးကြားတွင် ကာကွယ်ရေး စွမ်းရည် အများဆုံးရှိသည့် အာဏာရှင်ကိုလည်း ဦးစားပေးသင့်သည်။

ရှောင်ဖိန်၏ စကားကို ထည့်သွင်း စဥ်းစားပြီးနောက် လန်စန်လော့နှင့် ကိုင်လီတို့ကိုလည်း လော့ကျင့်ပေးသင့်သည်။

ထို့ကြောင့် လင်းဟွမ်သည် လော့ကျင့်ပေးရန် ထိုက်တန်သည့် မွန်းစတားများကို ချိတ်ဖွင့်ရန်အတွက် အချိန်ယူခဲ့ခြင်းပင်။

လင်းဟွမ်က မည်သည့် မွန်းစတားကို ဦးစားပေးရင် ကောင်းမလဲဟု စဥ်းစားနေစဥ် အစိမ်းရောင်ဝံပုလွေက နှေးကွေးလာသည်။

“ဒီနေရာလား”

လင်းဟွမ်သည် သူတို့ရှေ့မှ မှောင်မည်းနေသော လမ်းကြားထဲကို လှမ်းကြည့်လိုက်သည်။

**အခန်း(၄၂) - သွေးရဲရဲလေး၏ ရည်မှန်းချက်။**

မှောင်မည်းနေသော လမ်းကြား....

ဒါသည် ကျိန်စာခါးမိစ္ဆာ ရှိသည့် လမ်းကြား မဟုတ်ပေ။ သို့သော်လည်း ဒီလမ်းကြားထဲတွင် အရိပ်ပိုးကောင်ဟု ခေါ်သော ကပ်ပါးကောင်များ ပုန်းအောင်းနေကြသည်။

အရိပ်ပိုးကောင်များသည် မွန်းစတားများ ရှောင်လွှဲ၍ မရလောက်အောင် မွန်းစတားများ၏

အရိပ်များပေါ်တွင် ကပ်ပါး ကူးစက်နိုင်သော ထူးခြားသည့် ကပ်ပါးတစ်မျိုးပင် ။

ဤနေရာသို့ ရောက်ရှိနေရသော အကြောင်းအရင်းမှာ သွေးရဲရဲလေးက လင်းဟွမ်ကို သူအလိုရှိသော ကပ်ပါးမျိုးစိတ်များထဲမှ တစ်ခု ဖြစ်ကြောင်း ပြောကြားခဲ့သောကြောင့် ဖြစ်သည်။ အရိပ်ပိုးကောင်သည် ပုံမှန်မဟုတ်သော ကပ်ပါးမျိုးစိတ်တစ်မျိုး ဖြစ်ရုံသာမက အဆင့်ကျော် သတ်ဖြတ်နိုင်သော မွန်းစတားမျိုးစိတ်လည်း ဖြစ်နေသည်။

လင်းဟွမ်သည် ဤဒေသသို့ ရောက်သောအခါ ဤနေရာသို့ အရင်ဆုံး ဦးတည်ခဲ့သည်။

အစိမ်းရောင်ဝံပုလွေက လမ်းကြားလေး အဝင်ဝတွင် မတ်တပ်ရပ်လိုက်သည့် အချိန်၌ လင်းဟွမ်သည် တကျွိကျွိ မြည်နေသော အသံများကို ကြားလိုက်ရသည်။ ဒါသည် အမှောင်ထဲတွင် လေးဘက်တွားနေသော အရိပ်ပိုးကောင်များ၏ အသံများပင်။

လင်းဟွမ်က လက်ဝှေ့ယမ်း၍ သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။

"သွေးရဲရဲလေး ထွက်လာခဲ့။ ဒီနေရာက မင်းလိုချင်တဲ့ အရိပ်ပိုးကောင်နဲ့ အရိပ်မျှော့မျိုးစိတ်တွေ ရှိနေတဲ့နေရာပဲ"

လင်းဟွမ်က သွေးရဲရဲလေးကို ပြောလိုက်လျှင်

သွေးရဲရဲလေးသည် စိတ်လှုပ်ရှားစွာ ခေါင်းငြိမ့်လိုက်ပြီး ကြက်သွေးရောင် သမ်းနေသော လမ်းကြားထဲသို့ ပြေးဝင်သွားသည်။

မကြာခင် လမ်းကြားထဲ၌ အော်ဟစ်သံ၊ ဆူညံသံများ ပြည့်နှက်သွားသည်။ လင်းဟွမ်နှင့် လင်းရှင်တို့ဘက်သို့ ပြေးလာသော အရိပ်ပိုးကောင်

အချို့လည်း ရှိသည်။ သို့သော် လန်စန်လော့က အလွယ်တကူ သတ်ပစ် လိုက်သည်။

အရိပ်ပိုးကောင်၏ ပုံစံ အစစ်အမှန်ကို သူတို့နှစ်ယောက်လုံး ပထမဦးဆုံး အကြိမ် မြင်တွေ့ဖူးခြင်းပင်။ ၎င်းသည် ပင့်ကူနှင့်တူပြီး အရွယ်ရောက်ပါက လက်မအရွယ် ရှိသော အနက်ရောင် ပိုးကောင်မျိုး ဖြစ်သည်။ လျင်မြန်စွာ တွားသွား သွားနိုင်ကြသော်လည်း မပျံသန်းနိုင်ကြပေ။ ထိုသို့ မဟုတ်ပါက

လင်းဟွမ်သည် လမ်းကြား အဝင်ဝ၌ ဤကဲ့သို့ ပေါ့ပေါ့ဆဆ နေရဲမည် မဟုတ်ချေ။

"မောကွန်းအဆင့် မွန်းစတားကတ် - သွေးရဲရဲလေးက စွမ်းရည်အသစ် (အရိပ်မျှော့မျိုးစိတ် - အထွတ်အထိပ်) ကို ရရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်နှင့် တပြိုင်နက်တည်း အနီရောင် အလင်းတန်းတစ်ခုက လျှပ်စီးကြောင်း တစ်ခုအလား လင်းဟွမ်ထံ ပျံသန်းလာသည်။

"ငါ စွမ်းရည် ရသွားပြီ၊ သွားရအောင်"

သွေးရဲရဲလေးက လင်းဟွမ်ကို စိတ်ချင်း ဆက်သွယ်ပြီး ပြောလိုက်သည်။

"သွားကြစို့"

လင်းဟွမ်က အစိမ်းရောင်ဝံပုလွေ၏ ကျောကို ပုတ်ပြီး ထွက်ခွာခိုင်းလိုက်သည်။ လင်းဟွမ်တို့ ထွက်သွားသည့် အချိန်မှာပင် အရိပ်ပိုးကောင်များသည် မိုးရွာ၍ ရေလျှံသကဲ့သို့ အလုံးအရင်းဖြင့် လမ်းကြားထဲမှ ပြေးထွက်လာသည်။

"ငါတို့က သူတို့ကို ရန်စခဲ့တာလား၊ ဒီကောင်တွေ မပျံနိုင်တာ ကံကောင်းတယ်"

လင်းဟွမ်သည် နောက်လှည့် ကြည့်ပြီးနောက် အစိမ်းရောင် ဝံပုလွေကို တတ်နိုင်သမျှ အမြန်ဆုံး ပြေးခိုင်းလိုက်သည်။ အရိုပ်ပိုးကောင်၏ ဒဏ်ကို ခံစားရသော ပတ်ဝန်းကျင်ရှိ မွန်းစတားများကိုလည်း ဂရုမစိုက်ခဲ့ပေ။

အရိုပ်ပိုးကောင်များသည် အစိမ်းရောင် ဝံပုလွေလောက် မမြန်သဖြင့် ခဏလေး အတွင်းမှာပင် မျက်ခြေပြတ်သွားသည်။ အစိမ်းရောင် ဝံပုလွေ၏

ခြေလှမ်း တစ်လှမ်းသည် အရိပ်ပိုးကောင်များ၏ ခြေလှမ်းပေါင်းများစွာနှင့် ညီမျှသည်။ ထို့ကြောင့် အရိပ်ပိုးကောင်များသည် သူတို့ ပစ်မှတ် ပျောက်သွားသောအခါ ဒေါသပေါက်ကွဲပြီး မည်းမည်းမြင်ရာ အနီးရှိ မွန်းစတားများကို တိုက်ခိုက်ကြတော့သည်။

မွန်းစတားများသည် အူကြောင်ကြောင် ဖြစ်နေပြီး ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်၏။

လင်းဟွမ်သည် အချိန်ရသွားသဖြင့် သွေးရဲရဲလေး၏ စွမ်းရည်အသစ်ကို သိချင်လာ၍ ဖတ်ကြည့်လိုက်သည်။

"မွန်းစတား ကတ်"

"ရှားပါးမှုအဆင့် - မော်ကွန်း"

"မွန်းစတား နာမည် - သွေးရဲရဲလေး (အဝါရောင်ပန်းနွယ် နတ်ဆိုး)"

မွန်းစတား အမျိုးအစား - ကပ်ပါး"

"တိုက်ခိုက်ရေးအဆင့် - ရွှေအဆင့် ပြည့်ဝအဆင့်"

"စွမ်းရည် (၁) - မျှော်မျိုးစိတ်"

"စွမ်းရည် (၂) - အကြွင်းမဲ့ ထိန်းချုပ်မှု"

"စွမ်းရည် (၃) - အဆင့်မြင့် ဉာဏ်ရည်"

"စွမ်းရည် (၄) - အကန့်အသတ်မဲ့ စားသုံးမှု"

"စွမ်းရည် (၅) - အရိပ် မျှော်မျိုးစိတ် (အထွတ်အထိပ်)"

"ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်"

“မှတ်ချက် ဒီမွန်းစတားရဲ့ စွမ်းရည်ကို အပြည့်အဝ မဖော်ထုတ်ရသေးဘူး။ နောက်ထပ် စွမ်းရည်တစ်ခု ကျန်သေးတယ်”

“ကတ်မှတ်ချက် - လေ့ကျင့်ပေးနိုင်”

…….

“အရိပ်မျှော့မျိုးစိတ် (အထွတ်အထိပ်) - အရိပ်မျှော့မျိုးစိတ်များကို ကိုယ်စားလှယ်အဖြစ် အသုံးပြုပြီး အသုံးပြုသူထက် အဆင့်နှစ်ဆင့်မြင့်တဲ့ သက်ရှိအားလုံး အပေါ်မှာ ကပ်ပါးပိုး ကူးစက်နိုင်တယ်”

"မှတ်ချက် (၁) - လက်ခံကောင်ရဲ့ ခန္ဓာကိုယ်ထဲကို ဝင်ရောက်စရာ မလိုဘူး။ ကပ်ပါးကူးစက်မှု အောင်မြင်စေရန် လက်ခံကောင်၏ အရိပ်ကို ဖမ်းယူရုံနဲ့ အသုံးပြုနိုင်တယ်"

"မှတ်ချက် (၂) - လက်ခံကောင်ရဲ့အရိပ်က ပုံစံ ဘယ်လိုပဲ ပြောင်းပြောင်း လက်ခံကောင်ရဲ့ ခန္ဓာကိုယ်ထက် အဆ (၁၀၀) ပိုမကြီးသရွေ့ စိတ်ကြိုက် လှုပ်ရှားနိုင်တယ်"

"မှတ်ချက် (၃) - တစ်ကြိမ်မှာ အများဆုံး ပစ်မှတ် ဆယ်ခုအပေါ်မှာပဲ အသုံးပြုနိုင်တယ်"

"မှတ်ချက် (၄) - အမြင့်ဆုံး အနေနဲ့ လက်ခံကောင်က ပိုင်ရှင်အဆင့်ထက် နှစ်ဆင့်သာ မြင့်လို့ရတယ်"

"မှတ်ချက် (၅) - အရိပ်မရှိတဲ့ သက်ရှိတွေ အပေါ်မှာ အသုံးပြုလို့ မရဘူး"

................

"ငါ့ရဲ့ သွေးရဲရဲလေးက အရမ်း အစွမ်းထက်တာပဲ"

လင်းဟွမ်သည် စွမ်းရည်အသစ်နှင့် ပက်သက်၍ ဖတ်ပြီးနောက် စိတ်ထဲမှ တွေးလိုက်သည်။

သွေးရဲရဲလေး၏ မျှော့မျိုးစိတ်များသည် ကြီးမားသော သက်ရှိများကို တပြိုင်နက်တည်း ကပ်ပါး ကူးစက်နိုင်သော်လည်း သွေးရဲရဲလေးနှင့် တိုက်ခိုက်ရေး အဆင့်တူသော သက်ရှိများ အပေါ်မှာသာ အသုံးချနိုင်သည်။ မျှော့မျိုးစိတ်များက အဆင့်ကျော် ကပ်ပါးကူးစက်ရန် မဖြစ်နိုင်ပေ။

ယခုမူ သွေးရဲရဲလေးသည် လက်ခံကောင် တစ်ကောင်အပေါ်တွင် ကပ်ပါး ကူးစက်နိုင်သော ဒုတိယမြောက် ကပ်ပါးစွမ်းရည် ရှိလာခဲ့ပြီ။ သို့သော်လည်း လင်းဟွမ်သည် လက်ခံကောင်

ဆယ်ကောင်ကို တပြိုင်နက်တည်း ထိန်းချုပ်နိုင်ကြောင်း မသိခဲ့ပေ။ ဒါသည် အဆင့် တစ်ခုသာမက အဆင့်နှစ်ခုပင် မြင့်မားနေခြင်းသာ ။

လင်းဟွမ်သည် အဆင့်ကျော်၍ ကပ်ပါး ကူးစက်နိုင်သော စွမ်းရည်များ ပိုင်ဆိုင်သည့် ကပ်ပါးကောင်များအကြောင်းကို တစ်ခါမျှ မကြားခဲ့ဖူးပေ။ သွေးရဲရဲလေးက ပထမဆုံး ဖြစ်နိုင်သည်။ အကယ်၍ သွေးရဲရဲလေးသည် လူသား၏ ထိန်းချုပ်ခြင်းကို မခံရသော မွန်းစတားတစ်ကောင်သာ ဖြစ်ပါက သန့်ရှင်း

မီးလျှံအဆင့် မရောက်သေးလျှင်ပင် ဒီစွမ်းရည် နှစ်ခုတည်းနှင့် သူ၏ ဖျက်ဆီးနိုင်စွမ်းသည် (စီ)အဆင့် ဝပ်ကျင်းတစ်ခုကို ဖျက်စီးနိုင်စွမ်း ရှိနေသည်။

“မင်းရဲ့ နောက်ဆုံးစွမ်းရည်ကို ရွေးချယ်ပြီးပြီလား။ ပြန်လည် ကုသရေးစွမ်းရည်လား၊ ပြန်လည်ရှင်သန် နိုင်စွမ်းလား၊ ဒါမှမဟုတ် အရှိန်အဟုန်နဲ့ လှုပ်ရှားနိုင်တဲ့ စွမ်းရည် တစ်ခုခုကို ရွေးချယ်ထားတာလား”

လင်းပှမ်သည် သွေးရဲရဲလေးတွင် လစ်လပ်နေသော စွမ်းရည်တစ်ခု ကျန်နေသေးကြောင်း သိနေသဖြင့်

"အင်မော်တယ် မီးစာကို ရွေးချယ်ထားတယ်"

သွေးရဲရဲလေးတွင် ကိုယ်ပိုင်အစီအစဥ် ရှိနေသည်။

"အင်မော်တယ် မီးစာလား။ အဲ့ဒါက မသေမျိုး ငရဲကလေးတွေရဲ့ စွမ်းရည်မဟုတ်လား။ စွမ်းရည် ထုတ်ယူနိုင်ပါ့မလား"

လင်းပွမ်က မသေမျိုး ငရဲကလေးများ ဆိုသည်မှာ ဒီကမ္ဘာထဲက မည်သူမျှ မတတ်နိုင်သော မွန်းစတားများထဲမှ တစ်ကောင် ဖြစ်ကြောင်း မပြောခဲ့ပေ။

ဒီမွန်းစတားများသည် အခြားသက်ရှိများထဲသို့ သူတို့၏မျိုးစေ့ကို မသိမသာ ထည့်သွင်းနိုင်ပြီး သူတို့သေဆုံးသွားသည်နှင့် တပြိုင်နက် မွန်းစတား မျိုးစေ့က အသက်ဝင်လာကာ လက်ခံကောင်၏ အသိစိတ်ကို ဝါးမြိုပြီး ခန္ဓာကိုယ် ကူးပြောင်း

သွားကြသည်။ ထို့နောက် လက်ခံကောင်သည် မသေမျိုး ငရဲကလေးအသစ် ဖြစ်လာသည်။

ထိုမျိုးစေ့မှာ ကိုးခုသာ ရှိသော်လည်း လက်ခံကောင်များက အဝေးတွင် ပြန့်ကျဲနေသောကြောင့် သတ်ပစ်ရန် မဖြစ်နိုင်ပေ။ လက်ခံကောင်များသည် ထိုမျိုးစေ့ကို အသက်မသွင်းခင် အချိန်အထိ သူတို့၏ ကိုယ်ထဲတွင် ထိုမျိုးစေ့များ ရှိနေသည့်အကြောင်းကို မသိကြချေ။

"သတ်ဖို့ မလိုဘူး။ ငါ လိုအပ်တာက ကပ်ပါးကောင်ရဲ့ မှတ်ဉာဏ်ကို ထုတ်ယူပြီး သူ့ရဲ့

စွမ်းရည်ကို အတုယူဖို့ပဲလိုတာ။ ငါ့ရဲ့မျှော်မျိုးစေ့နဲ့ သူ့ရဲ့မီးစာကြားမှာ တူညီတဲ့အချက် ရှိတယ်လို့ ထင်တယ်”

“ဒါကြောင့် ငါ့ရဲ့ မျှော့မျိုးစေ့နဲ့ ပေါင်းစပ်ဖို့ ကြိုးစားမယ်။ တကယ်လို့ စွမ်းရည် ပေါင်းစပ်မှုအောင်မြင်ခဲ့ရင် ငါ့ဆီမှာ အသက်တွေ ထောင်ပေါင်းများစွာ ရှိလာလိမ့်မယ်။ ပိုအားကောင်း လာတာနဲ့အမျှ ပိုပြီး တိုးလာတဲ့အတွက် ပေါင်းစည်းမှု ကျရှုံးသွားရင်တောင် အဆင်ပြေသေးတယ်”

သွေးရဲရဲလေးက ကြီးမားသော ရည်ရွယ်ချက်ဖြင့် ဤစွမ်းရည်ကို ရွေးချယ်ခဲ့ခြင်းပင်။ အကယ်၍ ပေါင်းစည်းမှု အောင်မြင်သွားပါက အခြေခံအားဖြင့် မသေနိုင်တော့ချေ။

လင်းဟွမ်သည် သွေးရဲလေးလေး၏ ဤမျှ ကြီးကျယ်ခမ်းနားသော အစီအစဉ်ကြောင့် ထိတ်လန့် အံ့အောသွားသည်။

ရုတ်တရက် ငှက်အနည်းငယ်သည် သူတို့ဘက်သို့ ပျံသန်းလာသော်လည်း မကြာခင် အစိမ်းရောင်ဝံပုလွေ၏ နောက်ကျော ပေါ်တွင်

မတ်တပ် ရပ်နေသော လန်စန်လေ့၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။

"ဘာတွေ ဖြစ်နေတာလဲ။ ဘယ်နေရာက မွန်းစတားတွေက ဘာလို့ ဒီကို ထပ်လာနေရတာလဲ"

လင်းဟွမ်သည် သွားနေရင်း တစ်ခုခု မှားယွင်းနေကြောင်း သတိထားလိုက်မိသဖြင့်

"အရိုပ်ပိုးကောင်တွေရဲ့ ကပ်ပါးကောင်တွေ ဖြစ်လိမ့်မယ်"

သွေးရဲရဲလေးသည် အချိန် တစ်ခုကြာအောင် တိတ်ဆိတ်သွားပြီးနောက် ပြောလိုက်သည်။

"ဒါပေမယ့် ငါတို့ လုပ်တာက သူတို့ရဲ့ မိတ်ဆွေတစ်ယောက်ကို သတ်ခဲ့တာပဲလေ။ ဘာလို့ အခုလို လုပ်နေရတာလဲ"

အရိုပ်ပိုးကောင်များ ထိန်းချုပ်ထားသော မွန်းစတားများသည် အစိမ်းရောင်ဝံပုလွေနှင့် ဆယ်ကီလိုမီတာ အကွာတွင် ရှိနေပြီး သူတို့နောက်မှ အဆက်မပြတ် လိုက်နေသဖြင့် လင်းဟွမ် စိတ်ရှုပ်လာသည်။

"ငါက သူတို့ရဲ့ဘုရင်ကို သတ်ခဲ့မိလို့ ဖြစ်နိုင်တယ်"

သွေးရဲရဲလေး၏ စကားကြောင့် လင်းဟွမ် ဆွံ့အသွားသည်။

"သူတို့ရဲ့အဖေ အသတ်ခံရလို့ သဲကြီးမဲကြီး အပြေးတကြီးနဲ့ လိုက်နေတာ ဘာမှ မဆန်းတော့ဘူး"

လင်းဟွမ်သည် သူတို့၏အဖေ အမှန်တကယ် အသတ်ခံရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

"ငါ့ဆီမှာ သူတို့ဘုရင်ရဲ့ အငွေ့အသက်ရှိလို့ ငါ့နောက်ကို လိုက်နေတာ ဖြစ်လိမ့်မယ်"

"မင်းက ငါ့ကို ကတ်ပုံစံပြောင်းပြီး သူတို့ကို သတ်ပစ်လိုက်ရင် ရှင်းပစ်နိုင်လိမ့်မယ်"

လင်းဟွမ်၏ အကျီ လက်စအောက်တွင် ပုန်းနေသော သွေးရဲရဲလေးက အကြံပြုလိုက်သဖြင့်

"ဒါဆိုလည်း ကောင်းပြီလေ"

လင်းဟွမ်က သွေးရဲရဲလေးကို ကတ်ပုံစံ ပြန်သိမ်းလိုက်သည်။

မျှော်လင့်ထားသလိုပင်။

လန်စန်လေ့က ထိုမွန်းစတားများကို သတ်ဖြတ်လိုက်သောအခါ မွန်းစတားများ နောက်ထပ်မရောက်လာကြတော့ချေ။ နောက်ဆုံး၌ လင်းဟွမ်လည်း စိတ်အေးသွားပြီးနောက် အစိမ်းရောင်ဝံပုလွေ၏ ခေါင်းပျော့ပျော့ကို ပုတ်လိုက်ပြီး

"နောက်ထပ် ပစ်မှတ်က ကျိန်စာခါးမိစ္ဆာ"

## အခန်း(၄၂၃) - ဒါက နည်းနည်းလေးပဲ သန့်စင်တာလား။

ကျိန်စာခါးမိစ္ဆာသည် သန္ဓေ သုံးကြိမ်ပြောင်းလူသားနှင့်တူသည့် မွန်းစတား တစ်ကောင်ပင် ။ လူသားနှင့် ဆင်တူသည့် ခါးအမျိုးအစား မွန်းစတားများသည် အနီးကပ် တိုက်ခိုက်မှုများတွင် ကျွမ်းကျင် ကြသည်။ ထို့အပြင် သူတို့၏ တိုက်ခိုက်မှုများက တော်တော်လေး အထင်ကြီးစရာကောင်းလှသည်။

သို့သော်လည်း ကျိန်စာခါးမိစ္ဆာကမူ ခြွင်းချက်ပင် ။ ရန်သူကို လုပ်ကြံသည့်နေရာမှာသာ ထူးချွန်သည်။ ထို့အပြင် ခါးရှည်ပေါ်တွင် အမျိုးမျိုးသော မန္တာန်များကို ရိုက်နှိုက်ထားသဖြင့် အကယ်၍ တစ်ယောက်ယောက်ကို သူ့ခါးနှင့် တိုက်ခိုက်လိုက်ပါက ကျပန်း ရွေးချယ်ထားသော ကျိန်စာက ထိုလူ့အပေါ် ချက်ချင်း သက်ရောက်သွားလိမ့်မည်။

တိုက်ခိုက်မှု တစ်ခုစီတိုင်းက မတူညီသော ကျိန်စာ သက်ရောက်မှုကို ဖန်တီးပေးပြီး အဆိုပါ

သက်ရောက်မှုက ဒဏ်ရာရသူ၏ ခန္ဓာကိုယ်ကို ထပ်ဆောင်း ထိခိုက်စေသည်။ အချို့ ကျိန်စာများက အလွန်ပြင်းထန်သော သက်ရောက်မှုကို ဖြစ်ပေါ် စေနိုင်သည်။

ဥပမာအားဖြင့် ပြောရလျှင် သေမင်းကျိန်စာသည် ကျိန်စာမိသူကို ချက်ချင်း သေသွားစေနိုင်သည်။ ဒဏ်ရာက တစ်မီတာအောက်ပင် မနက်သော အမာရွတ် ဖြစ်နေပါစေ ကျိန်စာက ထိရောက်နေဆဲပင် ။

သို့သော်လည်း ကျိန်စာအများစုသည် မူးဝေခြင်း၊ ထုံကျင်ခြင်း၊ ဝမ်းလျှောခြင်း၊ ဆီးမထိန်းနိုင်ခြင်း အစရှိသဖြင့် ပြိုင်ဘက်ကို အာရုံပြောင်းအောင်သာ လုပ်ဆောင်နိုင်ကြသည်။

ကျိန်စာခါးမိစ္ဆာသည် ထိုကဲ့သို့ ယုတ်ညံ့သော စွမ်းအားကို ပိုင်ဆိုင်ထားသဖြင့် လူသားများက ထိုကဲ့သို့ နတ်ဆိုး မွန်းစတားကို မစော်ကားချင်ကြပေ။ တိုက်ပွဲအတွင်း၌ ဒဏ်ရာရ၍ ဆီးမထိန်းနိုင်ခြင်း သို့မဟုတ် ဝမ်းလျှောခြင်း ဖြစ်ပါက အလွန် အနေရခက်လှ၏။

ထို့အပြင် ကံဆိုးပြီး သေမင်းကျိန်စာနှင့် ပက်ပင်းကြုံပါက မျက်ရည် မကျဘဲ ငိုရလိမ့်မည်။

သို့သော်လည်း လင်းဟွမ်ကမူ ကျိန်စာခါးမိစ္ဆာကို လုံးဝ မကြောက်ပေ။ ထိုမွန်းစတား၏ ကျိန်စာကို လုံးဝ ချေဖျက်နိုင်သော ကောင်းကင် တမန်တော် တရားသူကြီးကိုင်လီ ရှိနေပြီး သူမက ထိန်းချုပ်ထားလိမ့်မည်။

ထို့အပြင် ကျိန်စာ ခါးမိစ္ဆာ၏ တိုက်ခိုက်မှု အဆင့်သည် အားနည်းပြီး အဖြူရောင်မီးလျှံ အဆင့်သာ ရှိသေးသဖြင့် အာဏာရှင်၏

ခုခံကာကွယ်နိုင်စွမ်းကို မကျော်ဖြတ်နိုင်ပေ။ ထိုအစား အာဏာရှင်ကသာ သူ့ကို သတ်ဖြတ်ပစ်လိမ့်မည်။

ထို့အပြင် ကျိန်စာ ခါးမိစ္ဆာသည် လင်းဟွမ် ဝတ်ဆင်ထားသော အဆင့် (၅) သံချပ်ကာ ခါတ်ကြွင်းကို မချိုးဖျက်နိုင်ပေ။ ထိုအရာ မဆိုထားနှင့် လင်းဟွမ်၏ အဆုံးစွန်သော ခံစစ်ဖြစ်သည့် အမှောင်ထုဒိုင်းကိုပင် ဖျက်ဆီးနိုင်လိမ့်မည် မဟုတ်ချေ။

လူအများက ကျိန်စာကြောင့် ကြောက်လန့်ကြသော်လည်း လင်းဟွမ်အတွက်မူ ကျိန်စာ ခါးမိစ္ဆာသည် အဖြူရောင် မီးလျှံအဆင့် အခြား မွန်းစတားများနှင့် ကွာခြားခြင်း မရှိပေ။

လင်းဟွမ်သည် အရိပ်ပိုးကောင်များကို ဖယ်ရှားပြီးနောက် အစိမ်းရောင်ဝံပုလွေကို သိမ်းလိုက်ကာ စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်လိုက်သည်။

ယခင်က သူတို့ကြား အကွာအဝေးက တိုတောင်းသောကြောင့် အစိမ်းရောင် ဝံပုလွေကို အသုံးပြုခဲ့ခြင်းပင်။

ထိုနေရာက ကီလိုမီတာ (၃၀) ပင် မဝေးခဲ့ချေ။ ထို့အပြင် လင်းဟွမ်သည် မြို့အခြေအနေကို သေသေချာချာ ကြည့်ချင်သလို လင်းရှင်၏ ခန္ဓာကိုယ်ကြံ့ခိုင်မှုကို စိုးရိမ်ရခြင်း မရှိပါက လမ်းလျှောက်သွားပြီး ခံစားနေမိလိမ့်မည်။

ကျိန်စာခါးမိစ္ဆာသည် ကီလိုမီတာ (၁၂၀၀) ခန့် အကွာတွင် ရှိနေသည်။ ဒါသည် မျဉ်းဖြောင့်အတိုင်း

အကွာအဝေး ဖြစ်သည်။ အစိမ်းရောင်ဝံပုလွေက အရှိန်အဟုန် အပြည့်နှင့် ပြေးမည်ဆိုပါက ထိုနေရာသို့ ရောက်ရှိရန် ဆယ်နာရီကျော်ခန့် အချိန်ယူရလိမ့်မည်။

ထို့နောက် စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်သည် သူတို့သုံးယောက်ကို သယ်ဆောင်ပြီး ကောင်းကင်ပေါ်သို့ ပျံသန်းသွားသည်။ တစ်နာရီ မပြည့်ခင် သူတို့ဦးတည်ရာ နေရာသို့ ရောက်လာပြီး မြေပြင်ပေါ် ဆင်းသက်လိုက်သည်။

အရိပ်မြေထဲ၌ ကျိန်စာခါးမိစ္ဆာ ပုန်းအောင်းသော နေရာသည် အပျက်အစီး၏ နောက်ဘက်ရှိ အထပ်မြင့်အဆောက်အဦးကြီး တစ်ခုပင် ။ အမြင့် (၅၇၀) မီတာကျော်မြင့်ပြီး မြို့၏ အလယ်တည့်တည့်တွင် ရှိကာ ကျန်သည့် နေရာများထက် မြင့်မားသည်။

လင်းဟွမ်သည် စွန့်ပစ်ခြင်း မလုပ်ခင်က သာယာဝပြောခဲ့သော စီးပွားရေး ဇုန်တစ်ခု ဖြစ်ကြောင်း ပြောနိုင်သည်။ အရွယ်အစား အမျိုးမျိုးရှိသော အဆောက်အဦးများတွင်

မီးရောင်စုံများကို တစ်ချိန်လုံး ထွန်းထားသဖြင့် မြို့သည် နေ့ခင်းဘက်ကဲ့သို့ လင်းထိန်တောက်ပနေသည်။

"ဝပ်ကျင်းကို မစွန့်လွှတ်ခင်က တော်တော်လေး သာယာဝပြောခဲ့တဲ့ မြို့လေး ဖြစ်လိမ့်မယ်.."

လင်းရှင်သည် မြို့ကို စိုက်ကြည့်ပြီးနောက် အကျယ်ကြီး အော်ပြော လိုက်သည်။ အဆောက်အဦးများကို ကြည့်ရုံဖြင့် စီးပွားရေးဇုန်နေရာများသည် (အေ) အဆင့် ဝပ်ကျင်းနှင့်ပင် နှိုင်းယှဉ်နိုင်သည်။

လင်းဟွမ်သည် ခေါင်းမော့ပြီး အမြင့်ဆုံး အဆောက်အဦးကို လှမ်းကြည့် လိုက်သည်။ အကယ်၍ သူသာ မမှားခဲ့လျှင် ကျိန်စာခါးမိစ္ဆာသည် ဤအဆောက်အဦး၏ အပေါ်ဆုံးအထပ်တွင် ပုန်းအောင်းနေပြီး သူတို့ကိုလည်း သတိထားမိ နေလောက်ပြီ။

မိုးကြိုးသိမ်းငှက်ကို ချက်ချင်း ပြန်သိမ်းပြီး ကိုင်လီကို ဆင့်ခေါ်လိုက်သည်။

ကိုင်လီသည် သူမ မရင်းနှီးသော နေရာတစ်ခုကို ရောက်ရှိနေကြောင်း သတိထား လိုက်မိသည်နှင့်

တစ်ပြိုင်နက် ပတ်ဝန်းကျင်ကို တည်ငြိမ်စွာ လှည့်ပတ်ကြည့်ရှုလိုက်သည်။

ထို့နောက် နောက်ပြန်လှည့်ကာ လင်းဟွမ်ကို စိုက်ကြည့်လိုက်သည်။ အတိအကျ ပြောရလျှင် လင်းဟွမ်ကို လှမ်းကြည့်နေသည်ဟု ဆိုသော်လည်း မျက်နှာမှာ ရုပ်အသွင်အပြင် မရှိချေ။ အနီတစ်ဝက် အပြာတစ်ဝက် မျက်နှာဖုံးသာ ။ သူမက ဘာမှ မမေးသလို လင်းဟွမ်ကလည်း ဘာမှ မပြောပေ။

ထို့နောက် လင်းဟွမ်က

“ဒီအဆောက်အဦးရဲ့ ထိပ်မှာ ကျိန်စာ ခါးမိစ္ဆာ ရှိတယ်။ ဒါပေမယ့် သူ့ကိုမသတ်နဲ့..”

ကိုင်လီက ခေါင်း မညိတ်ပေ။ ခေါင်းမော့၍ အထပ်မြင့် အဆောက်အဦးထိပ်သို့ လှမ်းကြည့် လိုက်သည်။ သူမ၏ အကြည့်များသည် မျက်နှာဖုံးမှ တစ်ဆင့် ဖောက်ထွက်သွားပုံရသည်။

ကိုင်လီသည် အတားအဆီး မရှိသော မြင်ကွင်းအာရုံနှင့် ဖောက်ထွင်း၍ ကြည့်လိုက်ရာ လူသားနှင့်ဆင်တူသော မွန်းစတား တစ်ကောင်ကို မြင်လိုက်ရသည်။ ထို့နောက် ရွှေရောင်တောင်ပံ

ခြောက်ခုကို တဖျတ်ဖျတ်ခတ်၍ အဆောက်အဦးထိပ်သို့ ပျံသန်းသွားသည်။

ခဏအကြာ လေထုအလယ်၌ စူးရှ၍ တောက်ပသော အဖြူရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

လင်းဟွမ်သည် ထိုနေရာကို လှမ်းကြည့်ပြီး မျက်လုံး ပြာဝေသွားသည်။ မကြာခင် ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး အနက်ရောင် အရိပ်တစ်ခု ချက်ချင်း ပြုတ်ကျလာသည်။

ထိုအရိပ်က မြေပြင်ပေါ် ကျရောက်ပြီး မြေကြီးကို ရိုက်ခတ်သွားကာ ဖုန်းများ တထောင်းထောင်း ထသွားသည်။

ဘုန်း.....

လင်းဟွမ်သည် သူ့ခြေထောက်အောက်က မြေပြင်၏ တုန်ခါမှုကို ခံစားလိုက်ရသည်။ သူ့ဘေးတွင် ရပ်နေသော လင်းရှင်က လဲကျသွားမလို ဖြစ်သွားသဖြင့် ချက်ချင်း လက်ဆန့်ကာ ညီမဖြစ်သူကို လှမ်းဖမ်းလိုက်သည်။

လင်းရှင်၏ ခန္ဓာကိုယ်ကို ဟာန်ချက် ထိန်းပေးပြီးသည်နှင့် တစ်ပြိုင်တည်း လင်းဟွမ်သည် အရိပ် ပြုတ်ကျသွားသောနေရာကို လှမ်းကြည့် လိုက်သည်။ ထိုနေရာတွင် အချင်းဝက် မီတာ အနည်းငယ်ခန့်ရှိသော တွင်းကြီး တစ်ခုဖြစ်နေပြီး သူတို့နှင့် မီတာ ရာနှင့်ချီပြီး ကွာဝေးသည်။

ထိုအခိုက်အတန့်၌ လင်းဟွမ်က မည်သည့် ညွှန်ကြားချက်မှ ထုတ်ပြန်စရာ မလိုဘဲ လန်စန်လေ့သည် အနက်ရောင် အရိပ်တစ်ခုအလား ပြေးဝင်သွားသည်။

ကိုင်လီက လေထုထဲမှ ဖြည်းဖြည်းချင်း ဆင်းသက်လာပြီးနောက် လင်းဟွမ် ဘေးတွင် မတ်တပ်ရပ်၍ လက်ပိုက်ကာ ပွဲကြည့်သူ တစ်ယောက်ဖြစ်လာပြီး တိုက်ပွဲထဲ ဝင်ပါတော့မည့်ပုံ မရှိတော့ချေ။

အပေါက်ကြီးထဲမှ မီးခိုးများ အူထွက်လာသည်။

မကြာခင် လန်စန်လော့၏ ခန္ဓာကိုယ်ကို မီးခိုးများ ဖုံးလွှမ်းသွားသဖြင့် မည်သူမျှ မမြင်ရတော့ချေ။

လင်းဟွမ်၏ မြင်ကွင်းထဲတွင် ရိပ်ခနဲ ရိပ်ခနဲ ဖြစ်နေသော အရိပ်များကိုသာ မြင်နေရသည်။

အချိန်သည် တစ်မိနစ်အောက်သာ ကြာမြင့်ခဲ့ပြီး မီးခိုးများ မပျောက်ခင် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

“မော်ကွန်းအဆင့် မွန်းစတားကတ် ကျိန်စာ ဓါးမိစ္ဆာ (ဓါးကျေးကျွန်) ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

လန်စန်လေ့သည် မီးခိုးထုထဲမှ ဖြည်းဖြည်းချင်း ပြန်ထွက်လာသည်။ လင်းဟွမ်သည် လန်စန်လေ့က ဓါးမိစ္ဆာကို အလွန် လျင်မြန်စွာ သတ်ဖြတ်ခဲ့သဖြင့် အံ့အားသင့်နေသည်။ ထိုဓါးမိစ္ဆာသည် အနီးကပ်

တိုက်ခိုက်မှုတွင် အားနည်းသော်လည်း အဖြူရောင် မီးလျှံအဆင့် မွန်းစတားတစ်ကောင် ဖြစ်နေသေးသည်။

လန်းစန်လေ့က သူ၏ အကြွင်းမဲ့ ကံကြမ္မာစွမ်းရည်ကို အသက်မသွင်းဘဲ တစ်မိနစ် အတွင်း၌ မည်ကဲ့သို့ သတ်ခဲ့သနည်း။

ထို့နောက် လင်းဟွမ်သည် လေထဲတွင် ထွက်ပေါ်လာခဲ့သော အဖြူရောင် အလင်းတန်းကို ပြန်သတိရသွားပြီး ကိုင်လီကို လှမ်းကြည့် လိုက်သည်။

"ကျိန်စာ ခါးမိစ္ဆာကို ဘာလုပ်ခဲ့တာလဲ"

"ငါ ဘာမှမလုပ်ပါဘူး။ နည်းနည်းလေး သန့်စင်ပေးလိုက်တာပဲ ရှိတယ်"

ကိုင်လီက တည်ငြိမ်စွာ ပြောလိုက်သည်။ လေထုအလယ်တွင် ရုတ်တရက် ထွက်ပေါ်လာခဲ့သော အဖြူရောင်အလင်းတန်းသည် ကိုင်လီ၏ သန့်စင်ခြင်း အလင်းရောင်ပင် ။

ကျိန်စာ ခါးမိစ္ဆာ အတွက်မူ သန့်စင်ခြင်း အလင်းရောင်က ဘေးအန္တရာယ် တစ်ခုပင်။ ကျိန်စာခါးမိစ္ဆာပေါ်သို့ ထိုအလင်းရောင် ဖြာကျ

သွားသောအခါ သာမန်လူတစ်ယောက်ကို ဆာလဖျူရစ် အက်ဆစ်ဖြင့် ပက်လိုက်သကဲ့သို့ ဖြစ်သွားသည်။။ အလင်းရောင်က အချိန်တိုလေးသာ တောက်ပခဲ့သော်လည်း ပြင်းထန်စွာ အားနည်းသွားခဲ့ပြီ။

မကြာခင် လင်းဟွမ်သည် လန်စန်လော့က ဘာကြောင့် ဤမျှလွယ်ကူစွာ သတ်နိုင်ခဲ့လဲ ဆိုသည်ကို သဘောပေါက်သွားသည်။

"မင်းနဲ့ ကီလိုမီတာ (၁,၈၀၀) ဝေးတဲ့နေရာမှာ အင်မော်တယ်အဆင့် မွန်းစတား တစ်ကောင်

ရှိနေတယ်။ သူက သန့်စင်ခြင်း အလင်းရောင်ရဲ့ စွမ်းအားကို အာရုံခံမိပြီး မင်းတို့ဆီကို လာနေပြီ”

ရှောင်ဖိန်၏ အသံက ရုတ်တရက် ထွက်ပေါ်လာသည်။

## အခန်း(၄၂၄) - လွတ်မြောက်ခြင်း။

လင်းဟွမ်သည် အလယ်အလတ်အဆင့် အန္တရာယ်ဇုန်ထဲ၌ အင်မော်တယ်အဆင့် မွန်းစတား ရှိနေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ထို့အပြင် ကိုင်လီ၏ သန့်စင်ခြင်း အလင်းရောင်က အင်မော်တယ်အဆင့် မွန်းစတား၏ အာရုံကို ဖမ်းစားသွား လိမ့်မည်ဟု မည်သည့်အချိန်ကမျှ မထင်ခဲ့ချေ။

"အင်မော်တယ်အဆင့် မွန်းစတားက ဘယ်ဘက်က လာတာလဲ"

လင်းဟွမ်က ဤမေးခွန်းကို မေးလိုက်သည့် အချိန်၌ ကိုင်လီနှင့် လန်စန်လေ့တို့ကို ကတ်ပုံစံ ပြန်သိမ်းပြီး မိုးကြိုးသိမ်းငှက်ကို နောက်တစ်ကြိမ် ဆင့်ခေါ်လိုက်သည်။

"အရှေ့မြောက်ဘက် အရပ်က လာနေတာ"

ထို့နောက် လင်းဟွမ်သည် လင်းရှင်ကိုခေါ်ပြီး နှစ်ယောက်လုံး မိုးကြိုးသိမ်းငှက်ပေါ် တက်လိုက်ကြသည်။ ထို့နောက် တောင်ဘက်ကို

တတ်နိုင်သမျှ အမြန်ဆုံး ပျံသန်းရန် တိုက်တွန်းလိုက်သဖြင့် မိုးကြိုးသိမ်းငှက်သည် ကောင်းကင်ပေါ် ချက်ချင်း ပျံတက်ပြီး တောင်ဘက်သို့ ဦးတည် ပျံသန်းသွားသည်။

"အစ်ကို ဘာတွေ ဖြစ်နေတာလဲ.."

လင်းရှင်က ထိတ်လန့်တကြား မေးလိုက်သဖြင့်

"ငါတို့ နောက်ကို အင်မော်တယ်အဆင့် မွန်းစတားတစ်ကောင် လိုက်နေပြီ.."

လင်းဟွမ်သည် ညီမဖြစ်သူကို ဖုံးကွယ်ထားရန် စိတ်မကူးခဲ့ပေ။ မိုးကြိုးသိမ်းငှက်သည် ထိုစကားကိုကြားလျှင် အရှိန် ပိုမြင့်၍ အမြန်ဆုံးနှုန်းနှင့် ပျံသန်းလိုက်သည်။

“အင်မော်တယ်အဆင့်က သန့်ရှင်းမီးလျှံ အဆင့်ထက် ပိုအားကောင်းလား..”

လင်းရှင်သည် လင်းဟွမ်က သာလွန်အဆင့်တွင် အဆင့်သုံးဆင့် ရှိသေးကြောင်း ပြောခဲ့ဖူးသည်ကို မှတ်မိနေသေးသည်။ ဒါသည် သန့်ရှင်းမီးလျှံအဆင့် အထက်က အင်မော်တယ်အဆင့် ဖြစ်သည်။

"ဟုတ်တယ်.."

လင်းဟွမ်က ခေါင်းညိတ်ပြီး ဘာမှ ထပ်မရှင်းပြတော့ပေ။

လင်းရှင်သည် လင်းဟွမ်၏ တုံ့ပြန်မှုကို ကြည့်ပြီးနောက် ဘာမှ ဆက်မမေးတော့ချေ။

"အခုလက်ရှိ မိုးကြိုးသိမ်းငှက်ရဲ့ အမြန်နှုန်းနဲ့ဆို ငါတို့တွေ ထွက်ပေါက်ရောက်ဖို့ ဘယ်လောက် ကြာမလဲ.."

လင်းဟွမ်က ရှောင်ဖိန်ကို စိတ်ထဲမှ ဆက်သွယ်ပြီး မေးလိုက်သည်။

"၄၂ မိနစ်.."

"အင်မော်တယ် မွန်းစတားကြီးက ငါတို့ကို လိုက်မီနိုင်လား.."

လင်းဟွမ်က မေးလိုက်လျှင်

"မိုးကြိုးသိမ်းငှက်ရဲ့ လက်ရှိ အမြန်နှုန်းနဲ့ဆိုရင် အင်မော်တယ် မွန်းစတားက လိုက်မီဖို့ နာရီဝက်ပဲ ကြာလိမ့်မယ်"

"မိုးကြိုးသိမ်းငှက်ရဲ့ အရှိန်နဲ့ဆို ငါတို့ ပြေးလွတ်မှာ မဟုတ်ဘူး"

လင်းဟွမ် မျက်မှောင်ကြုတ်သွားပြီး ခဏအကြာ သူ့စိတ်ထဲ၌ အတွေးတစ်ခု ပေါ်လာသည်။

"မိုးကြိုးက မမြန်ဘူးဆိုရင် ကိုင်လီရဲ့ အမြန်နှုန်းကတော့ ဖြစ်နိုင်တယ်.."

လင်းဟွမ်သည် ဒါကိုတွေးပြီးသည်နှင့် ကိုင်လီကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။ လင်းရှင်၏ နောက်ကျောတွင် ရပ်နေသော ကိုင်လီက လင်းဟွမ်ကို ဇဝေဇဝါ လှမ်းကြည့်သည်။

လင်းဟွမ်က ကိုင်လီနှင့် စိတ်ချင်း ဆက်သွယ်လိုက်သည်။

လင်းဟွမ်က သူနှင့် လင်းရှင်တို့ ကိုင်လီ၏ ကျောပေါ်တွင် ထိုင်နိုင်စေရန် ကိုင်လီ၏ ခန္ဓာကိုယ်ကို ပိုကြီးစေချင်သည်။

ကိုင်လီသည် မည်သူ့ကိုမျှ ကျောပေါ်တင်ချင်စိတ်မရှိသည်မှာ အထင်အရှားပင်။ သူမသည် စီးစရာအကောင် မဟုတ်ပေ။ သို့သော်လည်း သဘောတူရန် အတင်းအကျပ် ဖိအားပေးခြင်းခံလိုက်ရသည်။

မိုးကြိုးသိမ်းငှက်၏ နောက်ကျောပေါ်တွင် မတ်တပ်ရပ်နေသော ကိုင်လီ၏ ခန္ဓာကိုယ်က ပိုကြီးလာသဖြင့် မိုးကြိုးသိမ်းငှက် ပျံသန်းနေသော အရှိန်က အနည်းငယ် ထိခိုက်သွားသည်။

ထို့နောက် လင်းဟွမ်နှင့်လင်းရှင် တို့သည် ကိုင်လီကျောပေါ် တက်လိုက်ကြသည်။

ကိုင်လီသည် အတောင်ပံများကို စမ်းသပ်၍ ခတ်ကြည့်လိုက်လျှင် သူမ၏ လှုပ်ရှားမှုက အတားအဆီး မရှိကြောင်း သိပြီးနောက် ကောင်းကင်ပေါ်သို့ ပျံသန်းသွားသည်။ ထို့နောက်

လင်းဟွမ်သည် ပျံသန်းနေဆဲဖြစ်သော မိုးကြိုးသိမ်းငှက်ကို ပြန်သိမ်းလိုက်သည်။

ကိုင်လီက လျင်မြန်စွာ အရှိန်မြှင့်ခဲ့ပြီး သူမ၏အရှိန်က မိုးကြိုးသိမ်းငှက်ထက် သုံးဆပိုမြန်နေသည်။ ရွှေရောင်တောင်ပံ ခြောက်ခုက တဖျပ်ဖျပ် ခတ်နေပြီး ကောင်းကင်ပေါ်တွင် ရွှေရောင်ဥက္ကာခဲ တစ်ခုအလား ဖြတ်သန်းသွားသည်။

ဝေါင်း……

အင်မော်တယ် မွန်းစတားကြီးသည် လင်းဟွမ်တို့က သူနှင့် ဝေးကွာသွားသည်ကို

သိလိုက်သည်နှင့် တစ်ပြိုင်နက် ဒေါသတကြီး ဟိန်းဟောက်လိုက်သည်။

သို့သော်လည်း ကိုင်လီ ပျံသန်းနေသော အမြန်နှုန်းသည် အသံ၏အမြန်နှုန်းထက် လေးဆပိုမြန်နေသောကြောင့် လင်းဟွမ်နှင့်လင်းရှင်တို့က မကြားလိုက်ရပေ။ သို့သော်လည်း မြို့ထဲမှ လူတော်တော်များများ ကြားလိုက်ရသည်။

ထိုအသံကို ကြားသည်နှင့် မွန်းစတားတော်တော်များများလည်း ထိုနေရာမှာပင် တောင့်တင်း သွားကြသည်။ ကျယ်လောင်သော

ဒီဟိန်းဟောက်သံကို အော်ဟစ်လိုက်သူမှာ မြေအောက်ကမ္ဘာ၏ အုပ်ချုပ်သူ ဖြစ်ကြောင်း အားလုံး ကောင်းကောင်း သိနေကြသောကြောင့်ပင်။

မုဆိုးများနှင့် စွန့်စားသူအဖွဲ့များသည် သူတို့၏ လှုပ်ရှားမှုများကို ချက်ချင်း ရပ်တန့်ကာ အဆောက်အဦးများထဲတွင် ဝင်ပုန်းလိုက်ကြသည်။ ဒီအဖွဲ့များသည် ဤနေရာကို ရောက်သည်မှာ ပထမဦးဆုံး အကြိမ် မဟုတ်သောကြောင့်

အုပ်ချုပ်သူ၏ တည်ရှိမှုကို ကောင်းကောင်း သိကြသည်။

"ဒါက ဘာအသံကြီးလဲ။ ကြောက်စရာ ကောင်းလိုက်တာ"

သေးထွက်ကျချင်သလို ဖြစ်သွားသော အသက် (၂၃) နှစ်အရွယ် လူငယ်တစ်ယောက်က ပြောလိုက်သည်။ ဒီမွန်းစတား၏ အော်ဟောက်သံသည် သူ့စိတ်ဝိညာဉ်ကို အောက်ခြေအထိ ကြောက်လန့်ကာ တုန်ခါ

သွားစေသည်။ အမှန်တကယ်ကို ထိတ်လန့်ကြောက်ရွံ့နေသည်။

"မင်း သေးပေါက်ချင်တယ်ဆိုလည်း ဝန်ခံလိုက်။ ဘာဖြစ်လို့ ဖင်ကျုံ့ထားတာလဲ"

သူ့ဘေးနားမှ လူတစ်ယောက်သည် ဘောင်းဘီစိုနေသည်ကိုမြင်လျှင် ရွံရှာသလို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ပါးစပ်ပိတ်ထား.."

ရွှေရောင် ချပ်ဝတ်တန်ဆာ ဝတ်ထားသော အရပ်ရှည်သည့် အမျိုးသားက ခေါင်းဆောင် ဖြစ်သည်။ သူက ထိုနှစ်ယောက်လုံးကို ပိတ်အော်လိုက်သည်။

ထိုလူသည် နေရာကူးပြောင်းခြင်း ပေါ်တယ်အနီးတွင် လင်းဟွမ်ကို ဖိတ်ခေါ်ခဲ့သော လူပင်။ သူသည် လူဆယ်ယောက်ပါသော အဖွဲ့ကို မဖွဲ့စည်းနိုင်ဘဲ ရှစ်ယောက်နှင့်သာ အဆုံးသတ် ခဲ့ရသည်။ သူတို့နှစ်ယောက်ကို အော်ဟစ်ပြီးခါမှ

သူ့စိတ်အခြေအနေ မကောင်းကြောင်း ရုတ်တရက် သတိရသွားသည်။

အရပ်ရှည်သည့်လူက အသံတိုးပြီး ချက်ချင်း ပြောလိုက်သည်။

"အကျယ်ကြီး အော်လိုက်တဲ့ ကောင်က အရိပ်မြေရဲ့ အုပ်ချုပ်သူပဲ။ အင်မော်တယ်အဆင့် မွန်းစတား အသူရာနဂါးပဲ.. အဲ့ဒီကောင်က တကယ့် နဂါး"

"အင်မော်တယ်အဆင့် နဂါးလား.."

အရိပ်မြေကို ပထမဆုံး ရောက်ဖူးသောလူများ တုန်လှုပ်သွားကြသည်။

"အသံကို နားထောင်ရတာတော့ အသူရာနဂါး စိတ်အခြေအနေ မကောင်းဘူး။ ဒီနေ့တော့ ဒီမှာပဲ ပုန်းရအောင်။ ကျေးဇူးပြုပြီး ရုတ်ရုတ်သဲသဲ ဖြစ်အောင် မလုပ်ကြပါနဲ့။ ဒီနေ့ အနားယူပြီး မနက်ဖြန်ရောက်မှ မွန်းစတားတွေကို သတ်ဖို့ စဉ်းစားမယ်"

အဖွဲ့ခေါင်းဆောင်က ညွှန်ကြားလိုက်သည်။

"ဒါပေမယ့် ဒီနေရာက မလုံခြုံဘူး။ အသူရာ နဂါးကြီး ရောက်လာရင် ငါတို့တွေ ပိတ်မိ သွားလိမ့်မယ်။ ဒါက သာမန် အဆောက်အအုံကြီးပဲ။ နဂါးက တစ်ချက်တည်းနဲ့ ဖျက်ဆီးနိုင်တယ်"

ဘောင်းဘီထဲ သေးထွက်ကျသော လူငယ်လေးက မတည်ငြိမ်နိုင်သေးသဖြင့် သူ၏အမြင်ကို ထုတ်ပြောလိုက်သည်။

"ငါတို့တွေ အခုပြန်ထွက်ပြီး မနက်ဖြန်ရောက်မှ ပြန်လာတာ ပိုကောင်းမယ်.."

"ငါ့ရဲ့လေ့လာမှု အရတော့ အသူရာနဂါးက မြို့ထဲမှာရှိတဲ့ ဘယ်အဆောက် အဦးကိုမှ ဖျက်ဆီးပစ်မှာ မဟုတ်ဘူး။ နှစ်တွေ ဒီလောက်ကြာနေပြီ မြို့က မပျက်စီးသေးဘူး။ ဒီမြို့ကို သူတို့က အမြဲတမ်း တန်ဖိုးထားတယ်။ အဆောက်အဦး တစ်ခုတစ်လေကိုတောင် ဖျက်ဆီး ပစ်ချင်စိတ် မရှိဘူး။ နောက်ပြီးတော့ သူ ဒေါသထွက်လာရင် မြို့ထဲမှာရှိတဲ့ မွန်းစတားအားလုံး ငြိမ်ကျသွားပြီး ဒုက္ခ မရှာတော့ဘူး။ ဒါကြောင့် ဒီနေ့က သေချာပေါက် ဘေးကင်းလိမ့်မယ်။

တကယ်လို့ မင်းသာ လျှောက်သွားနေရင် အသူရာနဂါးရဲ့ ပစ်မှတ် ဖြစ်လာလိမ့်မယ်”

အရပ်ရှည်သော အမျိုးသားက သတိ ပေးလိုက်သည်။

ခေါင်းဆောင်၏ ရှင်းပြချက်ကို ကြားပြီးနောက် လူငယ်လေးသည် တိတ်ဆိတ်သွားပြီး ငြင်းချက် မထုတ်တော့ပေ။

လင်းဟွမ်သည် သူ့ကြောင့် ထိုမွန်းစတားကြီး စိတ်ဆိုးသွားကြောင်း မသိသလို အရိပ်နယ်မြေထဲရှိ

လူသားများနှင့် မွန်းစတားများအားလုံး ပုန်းအောင်း နေရသည့် အကြောင်းကိုလည်း မသိခဲ့ပေ။

သူ့ကို လိုက်ဖမ်းသည့် မွန်းစတား အမျိုးအစားကိုလည်း မသိချေ။ သိစရာလည်း မလိုအပ်သလို အင်မော်တယ်အဆင့် မွန်းစတားတစ်ကောင် ဖြစ်နေသရွေ့ ရန်စရန် မဖြစ်နိုင်ပေ။

သူ့ထံတွင် ဝှက်ဖဲအဖြစ် ယာယီ ဆင့်ခေါ်ခြင်းကတ်တစ်ခု ရှိနေပြီး လျှို့ဝှက် ဆန်းကြယ် လေလံပွဲတွင် ပေါ်လာသော ငရဲနဂါးနှင့်

အလားတူ စွမ်းအားရှိသော မွန်းစတားတစ်ကောင်ကို ခေါ်ယူနိုင်စွမ်း ရှိသော်လည်း ဖြစ်နိုင်ပါက အသက်ကယ်ကတ်ကို အသုံးမပြုချင်ပေ။

ကိုင်လီက ဆယ်မိနစ်ခန့် အချိန်ယူ၍ ပျံသန်းလာပြီးနောက် ဂူပေါက်အနီးသို့ ရောက်ရှိလာကြသည်။ လိုဇ်ဂူက မကျယ်သော်လည်း ကိုင်လီ ဖြတ်သန်းပျံသန်းရန် လုံလောက်သည်။ သူမသည် တောင်ပံများကို ရုတ်သိမ်း၍ အရှိန်လျှော့ချလိုက်ကာ လင်းရှင်၊ လင်းဟွမ်တို့နှင့်အတူ ထွက်ပေါက်သို့ ပြေးသွားသည်။

ခဏအကြာ စကြံ်ကိုဖြတ်ကျော်ပြီး မြေပေါ်သို့ ပေါ်လာကြသည်။

ကိုင်လီ ရုတ်တရက် ပေါ်လာသဖြင့် ဂူထဲမှ လူအားလုံး ထိတ်လန့် သွားကြသည်။ မွန်းစတားတစ်ကောင် ရုတ်တရက် ကျူးကျော် လာသည်ဟု ထင်နေကြသည်။ မကြာခင် ထိုမွန်းစတား၏ နောက်ကျော်ပေါ်တွင် လူနှစ်ယောက် ထိုင်နေကြောင်း တွေ့လိုက်ရသည်။

"ဒါက ထူးဆန်းတဲ့ စီးစရာကြီးပဲ။ လူသားနဲ့တူတဲ့ မွန်းစတားတစ်ကောင်ပဲ။ မိန်းမ တစ်ယောက်နဲ့လည်း တူတယ်"

"ဟုတ်တယ်.. ချစ်စရာကောင်းတဲ့ ခန္ဓာကိုယ်လည်း ရှိတယ်"

ရုပ်ဆိုးဆိုးနှင့် လူတစ်ယောက်က အသံနက်ကြီးနှင့် အော်ဟာစ်လိုက်သည်။

ကိုင်လီသည် ထိုဂူနှင့် အနည်းငယ်ဝေးသော မြေပြင်ပေါ်တွင် ဖြည်းဖြည်းချင်း ဆင်းသက်လိုက်သည်။ ထို့နောက် လင်းဟွမ်သည် ကိုင်လီကို

ပြန်သိမ်းပြီး နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို ဆင့်ခေါ်လိုက်သည်။

လောရှီမြို့၏ တည်နေရာနှင့် ချိတ်ဆက်ထားခဲ့ပြီး လင်းရှင်နှင့်အတူ ဝင်သွားသည်။ ဥက္ကာခဲ သဲကန္တာရသည် နောက်ဆုံး ဦးတည်ရာပင် ။

ထို့အပြင် ကြယ်အလင်းသားရဲတို့၏ အသိုက်ဖြစ်သော သီးခြားနယ်မြေ တည်ရှိသည့် နေရာလည်း ရှိနေပြီး လင်းဟွမ်သည် ချောကလက်လေးကို ထိုနေရာ၌ ချိတ်ဖွင့်ပေးရန် ဆုံးဖြတ်ထားသည်။

## အခန်း(၄၂၅) - လောရှီမြို့ကို နောက်တစ်ကြိမ် ရောက်ရှိခြင်း။

လောရှီမြို့သည် အဖွဲ့ခွဲ(၇)၏ မြောက်ဖက်တွင် တည်ရှိသော စီအဆင့် ဝပ်ကျင်းတစ်ခုပင်။ လောရှီမြို့၌ ဦးနှောက်စားသုံးသူကို အမဲလိုက်ခဲ့ပြီး အေးခဲကိတ်မုန့်ကို ဝယ်ယူခဲ့ဖူးသည်။

နာရီကြည့်လိုက်ရာ ညနေလေးနာရီ မတ်တင်း ဖြစ်နေပြီ။

"ဝပ်ကျင်းက ခြောက်ကပ်ကပ် နိုင်မယ့်ပုံပဲ.."

လင်းရှင်က လှည့်ပတ် ကြည့်ပြီးနောက် ပြောလိုက်သည်။

သို့တိုင်အောင် (စီ) အဆင့် ဝပ်ကျင်းတစ်ခုဖြစ်သော်လည်း ယခင်ကကဲ့သို့ မစည်ကားတော့ချေ။

"ဒါက လောရှီမြို့ပဲ။ အနောက်မြောက်နဲ့ အနီးဆုံးဝပ်ကျင်းတစ်ခု ဖြစ်ပြီး အဖွဲ့ခွဲ (၇) ရဲ့မြောက်ပိုင်းမှာ တည်ရှိတယ်"

လင်းဟွမ်က ရှင်းပြလိုက်သည်။

မြို့ကြီးများနှင့် ဝေးကွာလွန်း သောကြောင့် နယ်စပ်မြို့တစ်မြို့၏ စီးပွားရေး ဆိုးဝါးနေခြင်းမှာ ပုံမှန်သာ ။ ခရီးသွား လုပ်ငန်းများလည်း ရေရှည် မတည်တံ့ပေ။

“မင်းကို ပေးခဲ့တဲ့ အအေးခဲကိတ်မုန့်ကို မှတ်မိလား..”

လင်းရှင်သည် ထိုကိတ်မုန့်က မည်မျှ အရသာကောင်းကြောင်း ရှင်းရှင်းလင်းလင်း မှတ်မိနေသဖြင့် ချက်ချင်း ခေါင်းညိတ်လိုက်သည်။

“အေးခဲကိတ်မုန့်က ဒီနေရာရဲ့ အဓိက ထွက်ကုန်ပဲ”

လင်းဟွမ်က ပြုံးပြီး ပြောလိုက်သဖြင့်

“အမှန်လား..”

လင်းရှင်သည် ထိုစကားကို ကြားလိုက်သည့် အခိုက်အတန့်၌ စိတ်လှုပ်ရှားသွားသည်။

“ဟုတ်တယ်။ နောက်မှ အေးခဲကိတ်မုန့်ဆိုင်ကို လိုက်ပို့ပေးမယ်။ ခုတော့ ဟိုဟိုဒီဒီ လျှောက်ကြည့်ရအောင်”

လင်းရှင်က ပင်ပန်းနေပြီဖြစ်သဖြင့် အမဲလိုက်ရန် အလျှင် မလိုခဲ့ပေ။ ထို့အပြင် လန်စန်လေ့အတွက် ခါးကျေးကျွန် နှစ်ယောက်ကို ရှာဖွေနိုင်ခဲ့ပြီး ချိတ်ဖွင့်သည့် လုပ်ငန်းစဉ်လည်း အောင်မြင်ခဲ့သည်။

အဆင့်မြှင့်တင်ရမည့် မွန်းစတား တစ်ကောင်သာ ကျန်တော့ပြီး နောက်ဆုံး၌ အနားယူနိုင်ခဲ့သဖြင့် မနက်ဖြန် မနက်မှသာ ခရီး စတင်တော့မည်။ ထို့ကြောင့် လင်းဟွမ်သည် လင်းရှင်ကို ခေါ်ဆောင်ပြီး ဟိုတယ်တစ်ခုထဲ ဝင်သွားကာ အခန်းယူလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ဟိုတယ်မှ ပြန်ထွက်လာကာ အစိမ်းရောင်ဝံပုလွေကို ဆင့်ခေါ်ပြီး ကိတ်မုန့်ဆိုင်သို့ ဦးတည်ပြီး သွားလိုက်ကြသည်။

အစပိုင်းတွင် ပင်ပန်းနွမ်းနယ်နေသော လင်းရှင်သည် ကိတ်မုန့်ဆိုင်ထဲသို့ ရောက်သည်နှင့် ချက်ချင်း အားပြည့်လာသည်။ အေးခဲကိတ်မုန့် အခုတစ်ရာ ဝယ်ယူခဲ့သည့်အပြင် အချိုပွဲများစွာလည်း ရွေးချယ် ခဲ့သေးသည်။ သူမသည် ထိုထဲမှ အချို့မုန့်များကို ယခင်က မမြည်းစမ်းခဲ့ဖူးပေ။

"ယခင်က မစားခဲ့ဖူးတဲ့ အချိုပွဲတွေလည်း ရှိတယ်ဟ။ အချိုပွဲတွေ ကြည့်ရတာတော့ အရသာရှိမယ့်ပုံပဲ.."

လင်းဟွမ်သည် ငွေမရှားသဖြင့် အားလုံး ဝယ်ယူခဲ့သည်။ ဆိုင်တွင် ရောင်းချသော အစားအသောက်များ၏ တစ်ဝက်ခန့်ကို လင်းဟွမ်နှင့် လင်းရှင်က ဝယ်ယူသွားသည်။ သူတို့နှစ်ယောက်သည် အချိုပွဲများ ဝယ်ယူပြီးနောက် စီးပွားရေးလမ်း တစ်လျှောက်တွင် လမ်းလျှောက်နေကြသည်။

ညနေ (၆) နာရီ ထိုးခါနီးသောအခါ ညစာစားရန် ဟော့ပေါ့အစပ် ရောင်းချသည့် ဆိုင်ကို လိုက်ရှာကြ၏။ လင်းရှင်သည် ကျင်ချွမ်မြို့ကို ရောက်ပြီး ကတည်းက အစပ် အစားအသောက်များကို ကြိုက်လာခဲ့သည်။

ဟိုတယ်သို့ ပြန်ရောက်သောအခါ ည (၇) နာရီ ထိုးနေပြီ။

လင်းဟွမ်သည် ဆိုဖာပေါ်တွင် ထိုင်လိုက်ချလိုက်ကာ မုဆိုးအဖွဲ့အစည်း သတင်းကွန်ရက်ကို အသုံးပြုပြီး အမည်မသိ

နာမည်ကို အသုံးပြု၍ ဆုကြေးစာရင်းပေါ်တွင် မက်ဆေ့ချ်တစ်ခု တင်လိုက်သည်။

"မသေမျိုး ငရဲကလေးကို ရှာဖွေဖို့အတွက် ကံကြမ္မာ သလင်းကျောက် ငါးထောင် ကမ်းလှမ်းပါတယ်။ ထိုမွန်းစတားရဲ့ တည်နေရာကို သိတဲ့ ဘယ်သူမဆို ဆက်သွယ်ပေးပါ"

ကံကြမ္မာသလင်းကျောက် ငါးထောင်သည် အနည်းငယ်မျှသာဟု ထင်ရသော်လည်း ကြယ်သုံးပွင့် ခါတ်ကြွင်းတစ်ခုကို ဝယ်ယူရန် လုံလောက်သည်။ ထို့အပြင် လင်းဟွမ်က မွန်းစတား၏

တည်နေရာကိုသာ တောင်းဆိုခဲ့ခြင်းပင် ။ မသေမျိုးငရဲကလေးသည် ရှားပါးသော်လည်း နေရာအနှံ့ ပြန့်ကြဲနေသည်။

ယခင်က နေရာ တော်တော်များများတွင် လူများက တွေ့ရှိခဲ့ဖူးသည်။ ထိုမွန်းစတားများသည် မသေနိုင်သောကြောင့် အမဲလိုက်ရန် မဖြစ်နိုင်သဖြင့် ဤသတင်း အချက်အလက်သည် လူသားများအတွက် ဘာအဓိပ္ပါယ်မှ မရှိပေ။

လင်းဟွမ်သည် ထိုပို့စ်ကို တင်ပြီး နှစ်မိနစ်အကြာတွင် မက်ဆေ့ချ်တစ်ခု ရလိုက်သည်။

အုံ့အားသင့်သွား၍ ဖွင့်ကြည့်လိုက်ရာ အမည်မသိ မှဆိုးတစ်ယောက်က ပေးပို့ခဲ့ခြင်းပင် ။

"မင်းရှာနေတဲ့ မွန်းစတားရဲ့ တည်နေရာ ငါ့မှာရှိတယ်။ လွန်ခဲ့တဲ့ နှစ်လက ရှာတွေ့ခဲ့တာ။ တကယ်လို့ မင်း လိုချင်တယ်ဆိုရင် အရောင်းအဝယ် လုပ်ရအောင်၊ ကုန်သွယ် အကောင့်က 93H24H11.."

"ဘယ်လိုလုပ်ပြီး ဒီလောက်တောင် မြန်ရတာလဲ.."

လင်းဟွမ်သည် မျက်မှောင် ကြုတ်သွားပြီး ချက်ချင်း အရောင်းအဝယ် လုပ်လိုက်သည်။

ထို့နောက် သူနှစ်သက်သော အရောင်းအဝယ် နည်းလမ်းကို အသုံးပြုပြီး အမည်မသိ အကောင့် နံပါတ်ကို ရှာဖွေလိုက်သည်။ ငွေလွှဲရမည့်ရက်က ယနေ့မှစ၍ တစ်လပြည့်သည့် အချိန်ပင် ။

လင်းဟွမ်သည် ထိုမွန်းစတား တည်ရှိကြောင်း အတည်ပြုရန်အတွက် တစ်လအတွင်း သတ်မှတ်ထားသော နေရာသို့ သွားရမည်။ အတည်ပြုပြီးမှသာ သတင်းအချက်အလက် ပေးပို့သူက ပိုက်ဆံကို လက်ခံရရှိလိမ့်မည်။

တစ်လအတွင်း အတည်မပြုပါက ပိုက်ဆံက အခြားသူအကောင့်သို့ အလိုလို လွှဲပြောင်းသွားမည်။

ထိုအရာအားလုံး မလုပ်ဆောင်ခင် လင်းဟွမ်သည် အရောင်းအဝယ် လုပ်ရန်အတွက် အင်ပါယာ နှစ်လုံးသား လက်စွပ်မှနေ၍ သူ့အကောင့်ထံ ကံကြမ္မာသလင်းကျောက်များ မလွှဲပြောင်းခင် မုဆိုးကွန်ရက်မှ လုပ်ပိုင်ခွင့် တောင်းခံရသည်။ ပစ်မှတ်မွန်းစတားက သတ်မှတ်ထားသည့် နေရာတွင် တစ်လအတွင်း မပေါ်ခဲ့ပါက မုဆိုးအဖွဲ့အစည်းထံ

ငွေပေးငွေယူ ကိစ္စကို ပယ်ဖျက်ပေးရန် တောင်းဆိုနိုင်သည်။

တစ်ချိန်ထဲမှာပင် သတင်းအချက်အလက် အမှားပေးသည့် လူကို တိုင်ကြားနိုင်ပြီး မုဆိုးအဖွဲ့အစည်းက သူ့ကို စုံစမ်းစစ်ဆေးကြမည်။ ထိုကိစ္စကို စုံစမ်းစစ်ဆေး၍ အတည်ပြုပြီးနောက် မုဆိုးအဖွဲ့အစည်းက နာမည်ပျက်စာရင်းထဲ ထည့်သွင်းလိမ့်မည်။ ထို့ကြောင့် ပေးဆပ်ရမည့် တန်ကြေးက ကြီးနေသဖြင့် ပုံမှန်အားဖြင့် သတင်းအတုများ ပြောလိမ့်မည် မဟုတ်ပေ။

လင်းဟွမ်သည် မုဆိုးအဖွဲ့အစည်းထံမှ သတင်းအမှားများ ရရှိမည်ကို မည်သည့်အခါကမှ မစိုးရိမ်ခဲ့ပေ။

ထိုအစား မှောင်ခိုဈေးကွက်မှ သတင်းရောင်းသူများက ငွေကြေး အလွဲသုံးစားလုပ်၍ သတင်းအတုများ ဖြန့်ဝေမည်ကိုသာ စိုးရိမ်နေခဲ့သည်။ ဒါသည် မှောင်ခို ဈေးကွက်ပေါ်တွင် လင်းဟွမ် သတင်းမတင်ရသော အကြောင်းအရင်းပင် ။

မျက်နှာချင်းဆိုင် အရောင်းအဝယ် ပြုလုပ်ခြင်းက အကောင်းဆုံး နည်းလမ်း ဖြစ်ကာ

သာမန်အားဖြင့်တော့ သတင်းအမှား ဖြန့်ဝေသော အဖွဲ့အစည်းများသည် လူ အသတ်ခံရမည်ကို ကြောက်သောကြောင့် မျက်နှာ မပြရဲကြပေ။ မြေအောက်ကမ္ဘာ၌ လူအနည်းငယ်ကသာ ခင်မင်ရင်းနှီးကြသည်။ ထို့ကြောင့် လိမ်လည်ရဲသူကို သတ်ဖြတ်ခြင်းက ပုံမှန်သာ။

ငွေပေးငွေယူကိစ္စကို အတည်ပြုပြီးနောက် ထိုမွန်းစတား၏ တည်နေရာကို အမြန်ဆုံး ပို့ဆောင်လာခဲ့သည်။ လင်းဟွမ် တစ်ချက်ကြည့်လိုက်ရာ..

"သဲမြေလား။ ဒါက ပချီမြို့နဲ့ နီးနီးလေး မဟုတ်ဘူးလား"

သဲမြေသည် အဆင့်လေး တောရိုင်းနယ်မြေ ဖြစ်သည်။ ယခင်က အန္တရာယ်ဇုန် ဖြစ်ခဲ့ဖူးကာ လူနေဝပ်ကျင်းနှင့် နီးကပ် လွန်းသောကြောင့် ထိုနေရာတွင် ရှိနေသော သာလွန်အဆင့် မွန်းစတားအားလုံး အသတ်ခံ လိုက်ရသည်။ သဲမြေသည် ပချီမြို့နှင့် နီးသော်လည်း ဖက်တီး၏ ဇာတိမြေနှင့် ပိုနီးသည်။ အကွာအဝေးက ရှစ်ကီလိုမီတာပင် မပြည့်ချေ။

လင်းဟွမ်သည် မသေမျိုး ငရဲကလေးငယ်က ထိုကဲ့သို့ နေရာမျိုးတွင် ပေါ်လာလိမ့်မည်ဟု မည်သည့်အခါကမျှ မထင်ထားခဲ့ချေ။

"ဒီကကိစ္စတွေ အကုန် ကိုင်တွယ်ပြီးရင် အဲ့ဒီကို သွားရမယ်။ ဖက်တီးရဲ့ ဟိုတယ်အခြေအနေလည်း ဘယ်လိုဖြစ်နေလဲ သိချင်သေးတယ်။ ဖက်တီးရဲ့ အသုဘပွဲ ပြီးသွားတာတောင် ဘာလိုလိုနဲ့ တစ်လ ကျော်လာပြီ"

လင်းဟွမ်သည် ခေးလှိုင်ဟိုတယ် သတင်းကို အမြဲတမ်း နားစွင့်နေခဲ့ပြီး လက်ခွဲဆိုင်များကို

ဝယ်ယူခွင့်ရရန် စောင့်ဆိုင်းနေခဲ့သည်။ ဖက်တီး၏ နောက်ဆုံးဆန္ဒ ဖြစ်သော ဟိုတယ်ရောင်းမည့် ကိစ္စနှင့်ပတ်သက်၍ ယင်မိသားစုထံမှ ကောလာဟလ မထွက်ခဲ့ပေ။

ထို့ကြောင့် လင်းဟွမ်သည် သူတို့ထံ သွားရောက်လည်ပတ်၍ ထိုအကြောင်းကို အဘွားအိုအား မေးကြည့်ရဦးမည်။ ဖက်တီး၏ အဖေနှင့် ဖက်တီးတို့၏ ထောက်ပံ့မှုသာ မရှိပါက ဟိုတယ်ကို အသွင်ပြောင်းရန် လိုအပ်သည်။ ထိုကဲ့သို့မဟုတ်လျှင် လည်ပတ်၍ မရတော့ချေ။

သို့သော်လည်း ဖက်တီး မိသားစုထဲတွင် မည်သူမျှ ထိုအကြောင်းကို မသိကြပေ။ မရောင်းရန် ဆုံးဖြတ်ပါက ဟိုတယ်သည် ယခင် လမ်းဟောင်းကြီးအတိုင်း ဆက်လက် လည်ပတ် နေဦးမည်။ ထိုကဲ့သို့ဖြစ်ပါက ကြီးမားသော ဆုံးရှုံးမှုကို ခံစားရလိမ့်မည်။

ထို့နောက် လင်းဟွမ်သည် မုဆိုးကွန်ရက်ကို ပိတ်လိုက်ကာ ခေါင်းထဲမှ အတွေးများကို မောင်းထုတ်ပြီး ခေါင်းရှင်းလိုက်သည်။ သစ်သား

ခါးတစ်ချောင်း ယူကာ လေ့ကျင့်ရေး အခန်းသို့ ဦးတည် သွားလိုက်သည်။

လင်းဟွမ်သည် ပျက်စီးဆုံးရှုံးမှုအတွက် မုဆိုးအဖွဲ့အစည်းမှ တာဝန်ယူပေးမည့် မုဆိုးအဖွဲ့အစည်း လက်အောက်က ဟိုတယ်ကိုသာ တမင် ရွေးချယ်ခဲ့သည်။

လင်းဟွမ်သည် မုဆိုးအဖွဲ့အစည်းထံမှ အခွင့်အရေးယူခြင်း မဟုတ်ဘဲ ကရိကထများသော အချိန်ကို ချွေတာချင်သောကြောင့်ပင် ။ ယခုမူ

လေ့ကျင့်ရေးအခန်း ပျက်စီးသွားပါက အကြောင်းကြားရန်သာ လိုအပ်သည်။

ထိုသို့မဟုတ်ပါက တာဝန်ခံနှင့်ဆက်သွယ်ပြီး ပျက်စီးဆုံးရှုံးမှုအကြောင်းနှင့် လျော်ကြေး ပမာဏ ဆွေးနွေးရန် နာရီအနည်းငယ်ခန့် အချိန်ယူရလိမ့်မည်။ လင်းဟွမ်ထံတွင် ထိုကိစ္စအတွက် အချိန်မရှိချေ။

လင်းဟွမ်သည် ကြယ်တာရာလိပ်ခုံးကို သင်ယူတတ်မြောက်ခဲ့ပြီ။ ထို့ကြောင့် လေ့ကျင့်ရေးအခန်းထဲတွင် ကြယ်တာရာလိပ်ခုံး ကျင့်စဉ်ကို

မလေ့ကျင့်တော့ပေ။ ထိုအစား မဟာဓါးကျမ်းကိုသာ အာရုံစိုက်ခဲ့သည်။

ယခင်က သူ သင်ယူခဲ့သော ဓါးသိုင်းပညာ အားလုံးကို ပြန်လည် ပေါင်းစည်းခဲ့သည်။ ကြယ်တာရာလိပ်ခုံး ကျင့်စဉ်ကို ကျွမ်းကျင်လာသည်နှင့်အမျှ ဓါးကျွမ်းကျင်မှုဆိုင်ရာ အသိပညာများ တိုးတက်လာပြီး နားလည်မှုအသိ အသစ်များ ရှိလာပြီဟု ခံစားရသည်။

မကြာခင် နာရီအနည်းငယ် ကုန်ဆုံးသွားသည်။

ည သန်းခေါင်အချိန် .....

လင်းဟွမ်သည် ခါးကို ပြန်သိမ်းလိုက်ကာ ခါးလေ့ကျင့်ရသည်ကို စိတ်ကျေနပ်နေသည်။

"မဟာခါးကျမ်း ပေါင်းစပ်မှု ပြီးဆုံးဖို့အတွက် သုံးရက်၊ လေးရက်လောက်တော့ လိုလိမ့်မယ်။ ကျန်တဲ့ ခါးကျင့်စဉ်တွေလည်း အတူတူပဲ။ အခုလက်ရှိ တိုးတက်မှုနဲ့ဆို ပေါင်းစပ်မှု ပြီးသွားတာနဲ့ ငါ့ရဲ့ ခါးတာအိုလမ်းကြောင်းက ပိုမို ကောင်းမွန် လာလိမ့်မယ်"

## အခန်း(၄၂၆) - ဓါးစိုးမိုးသူ။

လန်စန်လော့အတွက် လင်းဟွမ် ရွေးချယ်ထားသော နောက်ဆုံး ဓားကျေးကျွန်မှာ ဓါးစိုးမိုးသူပင် ။ ဓါးစိုးမိုးသူသည် အတုအယောင် နတ်သမီး၊ လူသားဆန်သော မွန်းစတား ဖြစ်သည်။

ထိုမွန်းစတား၏ အသန်မာဆုံး စွမ်းအားမှာ ဓားများကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သော စွမ်းရည်ဖြစ်သည်။ ဓါးပေါင်း သုံးထောင်ကို တစ်ပြိုင်နက်တည်း ညှို့ယူနိုင်သဖြင့် ၎င်း၏

တိုက်ခိုက်ရေးအစွမ်းက မယုံနိုင်လောက်အောင် ကြမ်းတမ်းသည်ဟု ဆိုကြသည်။

လင်းဟွမ်သည် မွန်းစတားလမ်းညွှန်ထဲတွင် ထိုစွမ်းရည်ကို ပထမဦးဆုံးအကြိမ် မြင်သောအခါ၊ သဘာဝလွန်ဝတ္ထု အမျိုးအစားထဲက ဆန်းကြယ် ခါးစွမ်းရည်မျိုး ဖြစ်ကြောင်း သိလိုက်သည်။

ထိုဝတ္ထုများထဲမှ တစ်ခုတွင် ကောင်းကင်ပညာရှိ တစ်ဦး ရှိခဲ့သည်။ ထိုလူက လက်ကို ဆန့်တန်းလိုက်သည်နှင့် ထောင်ပေါင်းများစွာသော ဓါးများကို ခေးမိုးအဖြစ် ပြောင်းလဲကာ ရန်သူများကို

ဝိုင်းအုံပြီး တိုက်ခိုက်နိုင်သည်။ ထိုမြင်ကွင်းက မယုံနိုင်စရာ ကောင်းလောက်အောင် ခမ်းနား ကြီးကျယ် နေလိမ့်မည်ဟု တွေးလိုက်မိသည်။ ဒါသည် အမျိုးမျိုးသော သဘာဝလွန်ဝတ္ထုများနှင့် စိတ်ကူးယဉ်ဝတ္ထုများကို ရေးသားသည့် လူများက ဓါးစွမ်းအားများအကြောင်း ရေးရခြင်းကို နှစ်သက်ရသည့် အကြောင်းအရင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

ဓါးစိုးမိုးသူကို ဥက္ကာခဲ သဲကန္တာရထဲတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ထိုနေရာသည် မြို့၏

အနောက်မြောက်ဘက် ကီလိုမီတာ (၂,၂၀၀) ခန့်အကွာတွင် တည်ရှိသည်။ ကြယ်အလင်းသားရဲ အသိုက်ရှိရာ နေရာနှင့် လမ်းကြောင်း တူနေပြီး ထိုနေရာ နှစ်ခုသည် ကီလိုမီတာ (၆၀၀) ပင် မကွာဝေးကြချေ။

မနက် (၈) နာရီ.....

လင်းဟွမ်သည် မနက်စာ စားပြီးနောက် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် လင်းဟွမ်နှင့် လင်းရှင်တို့သည် ဓါးစိုးမိုးသူ ရှိရာအရပ်သို့ ဦးတည်၍ ထွက်လာကြသည်။

လင်းဟွမ်သည် ထိုမွန်းစတားက ပြိုင်ဘက်ကို မျက်နှာချင်းဆိုင် တိုက်ခိုက်ရသည်ကို ပိုအားသန်သောကြောင့် အလစ်ချောင်း တိုက်ခိုက်မည်ကို မစိုးရိမ်ပေ။ ထို့ကြောင့် ရှေ့သို့ ဆက်၍ ခရီးဆက်လာကြပြီး လင်းဟွမ်က လင်းရှင်ကို လမ်းညွှန် ပေးနေခဲ့သည်။

လင်းဟွမ်သည် မိုးကြိုးသိမ်းငှက်၏ ကျောပြင်ပေါ်တွင် ထိုင်နေရင်း သူနှင့် ရင်းနှီးနေသော သဲကန္တာရကို ကြည့်၍ စိတ်လှုပ်ရှားစွာ သက်ပြင်း

ချလိုက်သည်။ ကြယ်အလင်းသားရဲကို ရှာဖွေနေသည့်အချိန်က ဤသဲကန္တာရတွင် ရက်ပေါင်း အတော်ကြာအောင် နေထိုင်ခဲ့ဖူးသည်။

မိတ်ဆွေ အပေါင်းအသင်းများကို ဆုံးရှုံးခဲ့ရသော လင်ကွမ်နှင့် ဆုံတွေ့ခဲ့သော နေရာလည်း ဖြစ်သလို သူတော်စင် အဖွဲ့ဝင်များက မည်မျှ ရက်စက်ကြမ်းကြုတ်ကြောင်း တွေ့မြင်ခဲ့ရသည်။ ထို့အပြင် သူတို့ထဲမှ အဖွဲ့ဝင်နှစ်ဦးကိုပင် သတ်ပစ်ခဲ့သော နေရာပင်၊

လင်းရှင်ကမူ သဲကန္တာရထဲသို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်ကာ ကြီးမား၍ အဆုံးမရှိသော ရွှေရောင် သဲသောင်ပြင်ကြီးကို ကြည့်ပြီး စိတ်လှုပ်ရှားနေသည်။ အင်မတန် လှပလွန်းသောကြောင့် စိတ်လှုပ်ရှားမှုကို မထိန်းချုပ်နိုင် ဖြစ်နေသည်။

"အရမ်းလှတာပဲ။ နေထွက်ချိန်နဲ့ နေဝင်ချိန်တွေမှာ ကြယ်တွေကို အံ့သြစရာ ကောင်းလောက်အောင် မြင်ရမှာဘဲ"

ဒါသည် သူမ၏ အထင်မှူသာ။ ဥက္ကာခဲ သဲကန္တာရသည့် အရိပ်မြေနှင့် ဆင်တူသည်။ လူသိများသော သာလွန်အဆင့် မွန်းစတား ခုနစ်ကောင်ရှိပြီး အင်မော်တယ်အဆင့် မွန်းစတားများပင် ရှိနိုင်သေးသည်။

ကျယ်ဝန်းသော မြေပြင်ပေါ်တွင် သာလွန်အဆင့် မွန်းစတားအများအပြား ရှိနေပြီး မြေအောက်တွင် ပုန်းအောင်းနေသော မွန်းစတားများကိုမူ သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။ ထို့အပြင် နေ့ခင်းဘက်နှင့် ညဘက်တို့အကြား အပူချိန်

ကွာခြားချက်ကြောင့် သာမန်လူများအတွက် သေစေနိုင်သည်။ သို့သော်လည်း လင်းရှင်ကမူ ထိုအကြောင်းနှင့် ပက်သက်၍ ဘာမှမသိပေ။

"ဒီသဲကန္တာရကို ဥက္ကာခဲ သဲကန္တာရလို့ ခေါ်တယ်။ ကဲ အင်ပါယာ နှလုံးသားလက်စွပ်ကို တစ်ချက် စမ်းကြည့်လိုက်ပါအုံး၊ မင်း ဘယ်လိုနေရာ ရောက်နေလဲဆိုတာ သိလိမ့်မယ်။"

လင်းဟွမ်သည် စကားကို အမျှင်မပြတ် ပြောနေသော ညီမဖြစ်သူ၏ လှပသော စိတ်ကူးယဉ်မှုကို အနှောင့်အယှက် ပေးလိုက်သည်။

လင်းရှင်သည် သိချင်စိတ်ဖြင့် သူမ၏ အင်ပါယာ နှလုံးသားလက်စွပ်ကို ကွန်ရက်နှင့် ချိတ်ဆက် လိုက်သည်။ ခဏအကြာ စိတ်မလှုပ်ရှား နိုင်တော့ချေ။ သူမသည် ကံကောင်းမလားဟု ကြိုးစားသည့် အနေဖြင့်

“ဒီသဲကန္တာရက တကယ်ပဲ အန္တရာယ် ရှိတာလား"

"တကယ်ပေါ့၊ ကွန်ရက်ပေါ်မှာ ဖော်ပြထားတာ ထက်တောင် ပိုအန္တရာယ် များသေးတယ်။ မနေ့က ငါတို့ရောက်ခဲ့တဲ့ အရိပ်မြေနဲ့ အတူတူပဲ။ နှစ်ခုလုံးက အလယ်အလတ်အဆင့်

အန္တရာယ်ဇုန်တွေ။ ရွှေအဆင့် မုဆိုးတစ်ယောက်တောင် ဒီနေရာမှာ သေနိုင်တယ်၊ ငွေမုဆိုးဆို စဉ်းတောင် မစဉ်းစားနဲ့။"

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"အနာဂတ်မှာ မုဆိုး ဖြစ်လာတဲ့အချိန်ကျရင် နေရာတစ်ခုကို အသွင်အပြင်ကြည့်ပြီး ဘယ်တော့မှ မဆုံးဖြတ်နဲ့။ သတိမပေါ့ဘဲ ကြိုတင် ပြင်ဆင်ထားရမယ်။ ဖြစ်လာနိုင်တဲ့ အဖြစ်အပျက်တွေကိုလည်း ထည့်သွင်း

စဉ်းစားထားရမယ်။ ဒါမှ အန္တရာယ် ကျရောက်လာတဲ့ အခါ မင်း မထိတ်လန့်ဘဲနေမှာ”

လင်းဟွမ်သည် ဆရာ တစ်ယောက်ကဲ့သို့ အကြံဉာဏ်များ ပေးလိုက်ချိန်တွင် လင်းရှင်က အမြဲတမ်း နာခံတတ်ခဲ့ပြီး ခေါင်းညိတ်လိုက်သည်။

တစ်နာရီကျော် ကြာသွားခဲ့ပြီ။ နောက်ဆုံး၌ မိုးကြိုးသိမ်းငှက်သည် ဓါးလွှမ်းမိုးသူကို နောက်ဆုံး ရှာဖွေတွေ့ရှိခဲ့သော နေရာသို့ ရောက်ရှိလာခဲ့သည်။ အတောင်ပံဖြန့်၍ လေဟုန်စီးကာ

ကောင်းကင်ပေါ်မှ ဖြည်းဖြည်းခြင်း ဆင်းသက်လာသည်။

ထိုနေရာသည် အိုအေစစ် တစ်ခုပင် ။

လင်းဟွမ်နှင့် လင်းရှင်တို့သည် မြေပြင်ပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် သင်းပျံ့မွှေးကြိုင်နေသော ပန်းရနံ့များကို ရလိုက်သည်။

"အရမ်းမွှေးတာပဲ"

လင်းရှင်သည် အနံ့က မည်သည့်နေရာမှ လာလဲဆိုသည်ကို သိချင်သဖြင့် လှည့်ကြည့်လိုက်သည်။

မကြာခင် လှူသားဦးနှောက် အရွယ်အစားရှိသော အဖြူရောင်ပန်းပွင့်ရှိသည့် အပင်တစ်ပင်ကို တွေ့လိုက်ရသည်။ ပန်းများက လှပစွာ ဖူးပွင့်နေသည်။

လင်းရှင်က ရှေ့သို့ ခြေလှမ်းတစ်လှမ်း လှမ်းရန် လုပ်လိုက်စဉ် လင်းဟွမ်က သူ့မလက်မောင်းကို ချက်ချင်း လှမ်းဖမ်းလိုက်သည်။

"ဒါက ရန့်သင်း မှင်စာလို့ ခေါ်တဲ့ နတ်ဆိုးအမျိုးအစား မွန်းစတားပဲ။ ထူးခြားတဲ့ရန့်ကို ထုတ်ပေးတယ်။ အနံ့ထုတ်ပေးပြီး သက်ရှိတွေက သူတို့ရဲ့ အကြိုက်ဆုံး အနံ့အသက်ဆိုပြီး အထင်လွဲသွားစေတယ်။ အဲဒီနောက် သက်ရှိတွေကို ဆွဲဆောင်ပြီး သတ်ပစ်လိုက်တယ်။ တကယ်တော့ လှပတဲ့ အဖြူရောင်ပန်းပွင့်က သူ့ရဲ့ဦးနှောက်ပဲ။ အချင်း တစ်မီတာအထိ ရှည်တဲ့ သူ့ရဲ့ဦးနှောက်က အာဏာရှင် အရွယ်အစားလောက် ရှိတဲ့ မွန်းစတားတစ်ကောင်ကိုတောင် မျိုချပြီး စားနိုင်တယ်"

လင်းရှင်သည် ကြောက်လန့်သွားပြီး ချက်ချင်း နောက်ပြန် ဆုတ်လိုက်သည်။ အဖြူရောင် ပန်းပွင့်ကြီးက သူမကို တိတ်တဆိတ် စိုက်ကြည့်နေသည်ဟု ထင်ပြီး ထပ်မကြည့်ရဲတော့ချေ။

ဤမျှ စိမ်းလန်းစိုပြေပြီး ငြိမ်းချမ်းနေသော ကမ္ဘာထဲတွင် ဤကဲ့သို့ ကြောက်စရာကောင်းသော မွန်းစတားတစ်ကောင် ရှိလိမ့်မည်ဟု မည်သည့်အချိန်ကမျှ မမျှော်လင့်ထားခဲ့ပေ။

"သွားရအောင်"

လင်းဟွမ်သည် လင်းရှင်ကို ရည်ရွယ်ချက်ရှိရှိ ခြိမ်းခြောက်နေခြင်း မဟုတ်ပေ။ ရန်နဲ့သင်း မှင်စာသည် မီတာ (၃၀) ကျော်မြင့်ပြီး ၎င်း၏ တိုက်ခိုက်ရေးအဆင့်မှာ လင်းဟွမ်နှင့် အတူတူပင်။

သူတို့ နှစ်ယောက်သည် ရွှေအဆင့် (၃) တွင် ရှိနေကြသည်။ သာလွန်အဆင့်အောက်ရှိ မည်သည့်သတ္တဝါ မဆို ၎င်းတို့ထံ ချဉ်းကပ်လာပါက အသတ်ခံရမည်သာ။

လင်းဟွမ်သည် မိုးကြိုးသိမ်းငှက်ကို ပြန်သိမ်းပြီးနောက် လန်စန်လေ့ကို နောက်တစ်ကြိမ် ဆင့်ခေါ်လိုက်သည်။

လန်စန်လေ့သည် လင်းဟွမ်၏ ညွှန်ကြားချက်ကို လက်ခံရရှိသည်နှင့် တပြိုင်နက် သူတို့နှစ်ယောက်၏ နောက်တွင် အစောင့်အကြပ်အဖြစ် တာဝန် ယူလိုက်သည်။

လင်းဟွမ်သည် လင်းရှင်ကို ခေါ်ဆောင်ပြီး ယခင်က ဓါးစိုးမိုးသူကို တွေ့ခဲ့သော နေရာသို့ ဦးတည်ပြီး သွားလိုက်သည်။

ထိုနေရာသည် မိုးကြိုးသိမ်းငှက် ဆင်းသက်ခဲ့သော အပင် ရှင်းလင်းနေသည့် နေရာနှင့် မီတာတစ်ရာခန့်သာ ဝေးသည်။ မိုးကြိုးသိမ်းငှက်၏ ခန္ဓာကိုယ် အရွယ်အစားကြောင့် မြေပြင်ပေါ် ဆင်းသက်ရန် တော်တော်လေး ခက်ခဲလှသည်။

ထို့နောက် လင်းဟွမ်တို့ သုံးယောက်သည် ရှေ့သို့ဆက်သွားကြပြီး မကြာခင် စီးဆင်းနေသော စမ်းချောင်း အနီးသို့ ရောက်လာကြသည်။ သူတို့ဦးတည်ရာကို

ရောက်သွားသည့်အချိန်မှပင် ရေတံခွန်တစ်ခု ဖြစ်နေကြောင်း သိလိုက်ရသည်။

ရေတံခွန်သည် အမြင့် မီတာ (၂၀) ကျော်မြင့်ပြီး အကျယ် (၁၀) မီတာကျော်သည်။ ရေတံခွန်နှင့် ဆယ်မီတာ ပတ်လည်အတွင်းတွင် ရေကန်ထဲသို့ မိုးသည်းထန်စွာ ရွာသွန်းနေသကဲ့သို့ ရေများ စီးကျနေသည်။

လင်းဟွမ်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကာ ခန္ဓာကိုယ်ကို အနည်းငယ် လှုပ်ရှားလိုက်ပြီးနောက်

ခေါင်းငုံ့ကာ အင်ပါယာ နှလုံးသားလက်စွပ်ပေါ်မှ တည်နေရာကို ကြည့်လိုက်သည်။

ထို့နောက် ရေတံခွန်ကို ကြည့်ပြီးနောက် အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပြီး

"အင်ပါယာ နှလုံးသားလက်စွပ်က ပြထားတဲ့ တည်နေရာပဲ။ ဘာမှ မမှားဘူး"

"အစ်ကို၊ ဘာဖြစ်တာလဲ"

လင်းရှင်က သိချင်စိတ်ဖြင့် မေးလိုက်သည်။

"ဘာမှ မဟုတ်ဘူး"

လင်းဟွမ်က ခေါင်းခါပြီး ကိုင်လီကို နောက်တစ်ကြိမ် ဆင့်ခေါ်ကာ ညွှန်ကြားလိုက်သည်။

"ကိုင်လီ ကျေးဇူးပြုပြီးတော့ လင်းရှင်ကို ကာကွယ်ပေးပါ။ ငါနဲ့ လန်စန်လော့က ရေတံခွန်ထဲ သွားကြည့်အုံးမယ်"

လင်းဟွမ်သည် ပေးထားသော တည်နေရာအရ ဓါးစိုးမိုးသူသည် ရေတံခွန်ထဲတွင် ရှိနေနိုင်သဖြင့် ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သော်လည်း လမ်းရှာမတွေ့ပေ။

အစပိုင်းတွင် လင်းဟွမ်သည် ထူးဆန်းသလို ခံစားလိုက်ရပြီး မကြာခင် ရေတံခွန်၏ အနောက်ဘက်တွင် လှိုဏ်ဂူတစ်ခု ရှိနေနိုင်ကြောင်း တွေးလိုက်မိသည်။ ဓါးစိုးမိုးသူက ထိုလှိုဏ်ဂူထဲတွင် ပုန်းအောင်းနေနိုင်သည်။

လင်းဟွမ်သည် ထိုကိစ္စကို အတည်ပြုပြီးနောက် ရေတံခွန်ဘက်သို့ လျှောက်သွားကာ ခုန်ချလိုက်သည်။ ရေတံခွန်ထဲ ထိုးဆင်း သွားပြီးနောက် လန်စန်လေ့သည် လင်းဟွမ်နောက်မှ ခုန်ချသွားသည်။

## အခန်း(၄၂၇) - လင်းဟွမ် တိုက်ခိုက်ခြင်း။

လင်းဟွမ်သည် ရေတံခွန်ကို ဖြတ်သန်းပြီးနောက် အထဲတွင် လှိုဏ်ဂူတစ်ခုကို အမှန်တကယ် တွေ့လိုက်ရသည်။ ဂူသည် အချိန်ကြာမြင့်စွာ တည်ရှိနေခဲ့ပြီး ရေစီးကြောင်းများ၏ တိုက်စားမှုကြောင့် နံရံမျက်နှာပြင်သည် သဘာဝအတိုင်း ချောမွေ့နေသည်။ လှိုဏ်ဂူ အမြင့်သည် ဆယ်မီတာခန့်ရှိပြီး ဂူခေါင်မိုး၌ ကျောက်စက် ပန်းဆွဲများ ရှိနေ၏။

လင်းဟွမ်က ဂူပတ်ဝန်းကျင်ကို စစ်ဆေးနေစဉ် လန်စန်လော့က ဂူထဲသို့ နောက်မှ လိုက်ဝင်လာသည်။ လင်းဟွမ် ကဲ့သို့ပင် သူ့ခန္ဓာကိုယ်ကလည်း သန့်ရှင်းနေသည်။

လင်းဟွမ်သည် လှိုဏ်ဂူထဲသို့ မဝင်ခင် အမှောင်ထုဒိုင်းကို ထီးပုံစံ ဖွဲ့စည်းခဲ့သည်ကို လန်စန်လော့ တွေ့မြင်ခဲ့သည်။ ထို့ကြောင့် လန်စန်လော့ကလည်း ရေတံခွန်မှ စီးကျနေသော ရေများကို သူ့ခန္ဓာကိုယ်အား မထိစေရန် အမှောင်ထုဒိုင်းကို ထီးတစ်ချောင်းအဖြစ် ဖန်တီး

ခဲ့သည်။ အမှောင်ထုဒိုင်းသည် လန်စန်လော့ထံမှ ထုတ်ယူထားသော စွမ်းရည်တစ်ခု ဖြစ်သော်လည်း လင်းဟွမ်က လန်စန်လော့ထက် ပိုမို ထိရောက်စွာ အသုံးပြုနိုင်သည်။

လန်စန်လော့ လှိုဏ်ဂူထဲသို့ ဝင်လာသည့် အချိန်မှာပင် အလင်းတန်းနှစ်ခုက လင်းဟွမ်နှင့် လန်စန်လော့တို့ထံ ပျံသန်းလာသည်။ လင်းဟွမ်သည် နယ်မြေပိုင်နက် အသိကို အသက် သွင်းထားသောကြောင့် အလင်းတန်းများ သူ့ထံ မရောက်ခင် သတိထားမိခဲ့သည်။ လက်ထဲမှ

ကြယ်ငါးပွင့် ဓါတ်ကြွင်းကို တိတ်တဆိတ် ဆုပ်ကိုင်ထားသည်။

အလင်းတန်းနှစ်ခုက သူ့နယ်မြေ ပိုင်နက်ထဲ ဝင်လာသည့် အခိုက်အတန့်တွင် ဓါးကို ခုတ်ချလိုက်ရာ အလင်းတန်းများ ပျောက်ကွယ် သွားသည်။

လန်စန်လော့သည် အလင်းတန်းများကို တုံ့ပြန်ရန် လုပ်ခဲ့သော်လည်း တိုက်ခိုက်ရန် အခွင့်အရေး မရခဲ့ပေ။

"ထွက်လာခဲ့စမ်း။ ပုန်းနေစရာ မလိုဘူး"

လင်းဟွမ်သည် ဒီစမ်းသပ် တိုက်ခိုက်မှုမှတစ်ဆင့် ခါးစိုးမိုးသူ၏ စွမ်းရည်သည် သာမန် သန္ဓေနှစ်ကြိမ်ပြောင်း အဖြူရောင်မီးလျှံအဆင့် မွန်းစတားတစ်ကောင်ထက် များစွာ မပြင်းထန်ကြောင်း သိလိုက်သည်။

ခါးစိုးမိုးသူသည် သူ၏ အလစ်ချောင်း တိုက်ခိုက်မှုက အသုံးမဝင်ကြောင်း သိလိုက်လျှင် လင်းဟွမ်တို့ထံ ဖြည်းညှင်းစွာ လျှောက်လာသည်။

ထို့နောက် လင်းဟွမ်သည် ခါးစိုးမိုးသူ၏ ပုံပန်းသဏ္ဍာန်ကို မြင်လိုက်ရသည်။ လူသားနှင့် သူ့ကြားတွင် ကွာခြားချက်များစွာ မရှိပေ။

မုတ်ဆိတ်ဖြူ၊ ဆံပင်ဖြူနှင့် အဖြူရောင်ဂါဝန်ကို ဝတ်ဆင်ထားပြီး ပညာရှိ တစ်ယောက်နှင့်ပင် တူနေသည်။ သို့သော်လည်း သူ့အရေပြားသည် အသက်နှစ်ဆယ်ကျော် အရွယ် အရေပြားသာ ရှိသောကြောင့် အဘိုးအို တစ်ယောက်နှင့် အနည်းငယ် ကွဲပြားနေသည်။ အသားအရည်က အရေးအကြောင်းများ မရှိသလို ဆယ်ကျော်သက်

မိန်းကလေးများထက်ပင် အသားအရေ ပိုချောနေသေးသည်။ သူ၏ ထူးခြားသော စရိုက်အပြင်၊ အဖြူရောင် အမွေးများက မိန်းကလေး တော်တော်များများကို ဆွဲဆောင်နိုင်လိမ့်မည်။

တစ်ခုတည်းသော ကွာခြားချက်မှာ ၎င်း၏ ဦးခေါင်းပေါ်တွင် စိန်ပုံသဏ္ဌာန် လက်မအရွယ် အပြာရောင် သလင်းကျောက်တစ်ခု တည်ရှိနေခြင်းပင်။

"မင်းက နတ်သမီး သွေးမျိုးဆက် ပိုင်ဆိုင်ထားတဲ့ တကယ့်ကို အတုအယောင်နတ်သမီးပဲ။ မင်းက ထူးခြားတဲ့ အမျိုးအစားပဲ"

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။ သူ့ကို ကမ္ဘာမြေနှင့် မသက်ဆိုင်သော နတ်သား တစ်ပါးဟုပင် ခံစားမိသည်။ မသတ်ချင်တော့ချေ။

ထိုစဉ် လန်စန်လေ့က လှုပ်ရှား လိုက်သည်။ အနက်ရောင် အရိပ်အဖြစ်

ပြောင်းလဲသွားပြီး မူလနေရာတွင် အရိပ်သာ ကျန်ရစ်ခဲ့သည်။

"သူက တကယ် ဒေါသကြီးတာပဲ..."

လင်းဟွမ်သည် လန်စန်လော့က စိတ်မြန် လက်မြန် လုပ်ရှားနေသည်ကို မြင်လိုက်လျှင် ဆွံ့အသွားသည်။

ခါးစိုးမိုးသူသည် လင်းဟွမ်ထံမှ ခြိမ်းခြောက်နေသော အော်ရာများ ထွက်ပေါ်နေသဖြင့် လင်းဟွမ်ကို အကဲခတ်နေသည်။ သို့သော်

လန်စန်လော့ လှုပ်ရှားလိုက်သည့်အခါ ၎င်း၏ အကြည့်က လန်စန်လော့ထံ ရောက်သွားသည်။

ထို့နောက် ညာဘက်လက်ကို မြှောက်လိုက်ပြီး လက်နှစ်ချောင်းနှင့် လန်စန်လော့ကို ညွှန်ပြလိုက်ချိန်တွင် ရှည်လျားသော ဓါးပေါင်းများစွာသည် လေထဲတွင် ချက်ချင်း ဖွဲ့စည်းလာပြီး လန်စန်လော့ထံ ဦးတည်ပြီး ပျံသန်းသွားသည်။

လင်းဟွမ်သည် တိုက်ပွဲထဲတွင် မပါဝင်ခဲ့ပေ။ ထိုအစား ဘေးလူတစ်ယောက် အနေနှင့် ရပ်ကြည့်နေခဲ့သည်။ လန်စန်လော့၏

ခါးကျင့်စဥ်ကိုလည်း စိတ်ဝင်စားနေခဲ့ပြီး ယခုအခါ၌ လန်စန်လော့၏ ကျင့်စဥ်ကို စောင့်ကြည့်လေ့လာရန် အခွင့်အရေးပင်။

"ခားရှည် ဖွဲ့စည်းတဲ့ အရှိန်က မယုံနိုင်လောက်အောင် မြန်ဆန်လွန်းတယ်။ ဒါကို တခဏအတွင်းမှာပဲ ဖွဲ့စည်းခဲ့ပြီးတော့ ဒါက ကံကြမ္မာစွမ်းအားနဲ့ ဖန်တီးထားတယ် ဆိုပေမယ့် တကယ့် ခါးအစစ်လိုပဲ"

“ကံကြမ္မာစွမ်းအားကို အသုံးပြုပြီး ဒီလို ခါးတစ်ချောင်း ဖန်တီးဖို့ အချိန်အများကြီး လိုအပ်သင့်တယ်။"

“ဒါက သွေးစုပ်ဖုတ်ကောင်ရဲ့ သွေးဝိညာဉ် အတောင်ပံများနဲ့ နည်းနည်းတော့ ဆင်တူတယ်။ ဒါကို အဓိက ထောက်ပံ့ထားတဲ့ ကံကြမ္မာစွမ်းအား ပမာဏက နည်းနည်းလောက်ပဲ ကုန်နိုင်တယ်။ ဒီလိုမှမဟုတ်ရင် ခါးရှည် သုံးထောင်ကို တပြိုင်နက်တည်း ဆင့်ခေါ်နိုင်မှာ မဟုတ်ဘူး”

"သူ့ရဲ့ တိုက်ခိုက်မှု အမြန်နှုန်းနဲ့ စွမ်းအားက အဆင့်တူ သေနတ်သမားထက်တောင် အနည်းငယ် ပို ပြင်းထန်သေးတယ်။ ဒါကြောင့်လည်း သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား ဖြစ်နေတာပေါ့။ သေနတ်သမားနဲ့ ယှဉ်ရင်တောင် သူ့ရဲ့တိုက်ခိုက်ရေး အစွမ်းက ပိုအားကောင်း လာသလိုပဲ။

“တိုက်ခိုက်လာတဲ့ ထောင့်ကို သိသိသာသာ ပြောင်းလဲနိုင်လို့ လှုပ်ရှားဖို့တောင် မလိုအပ်ဘူး။ (၃၆၀) ဒီဂရီ တိုက်ခိုက်မှုကို လုပ်ဆောင်နိုင်ပြီး ပြိုင်ဘက်ရဲ့ ဘယ်နေရာကိုမဆို တိုက်ခိုက်

နိုင်စွမ်းရှိနေပြီ။ နေရာမဆို တိုက်ခိုက်လို့ ရတယ်။ ဒါက သေနတ်သမား ကံကြမ္မာစွမ်းအား ကျည်ဆံတွေနဲ့ ကွဲပြားလို့ ထပ်ခါတလဲလဲ အသုံးပြုနိုင်တယ်။ လမ်းကြောင်းတွေကိုလဲ လိုသလို ပြောင်းလဲနိုင်တယ်။ ဒါကြောင့် ခန့်မှန်းရ ခက်တာ။ ဆန့်ကျင်ဘက်အနေနဲ့ သေနတ်သမားက သေနတ်ပစ်ပြီးတာနဲ့ ကျည်ဆံကို မထိန်းချုပ်နိုင်တော့ဘူး"

လင်းဟွမ်သည် သူတို့ကြားမှ တိုက်ပွဲကို စောင့်ကြည့်နေရင်း ဓါးစိုးမိုးသူ၏ အရည်အချင်းကို ခွဲခြမ်း စိတ်ဖြာနေခဲ့သည်။

လှိုဏ်ဂူထဲတွင် လန်စန်လော့နှင့် စားစိုးမိုးသူတို့ကြားမှ တိုက်ပွဲသည် ပိုမို ပြင်းထန်လာသည်။ လန်စန်လော့ကို ခားစိုးမိုးသူက လုံးဝဖိနှိပ်ထားသည်မှာ အထင်အရှားပင်။

လန်စန်လော့သည် ရွှေအဆင့်ပြည့်ဝအဆင့်သာဖြစ်သောကြောင့် သူ၏ တိုက်ခိုက်မှုသည် ခားစိုးမိုးသူအတွက် ဘာမှမဟုတ်ပေ။ ခားဖြင့်တိုက်ခိုက်လိုက်သည့် အခါတိုင်း ခားစိုးမိုးသူ၏ ရှည်လျားသော ဓါးများဖြင့်သာ ထိမှန်

နေခဲ့သည်။ ဓါးစိုးမိုးသူ၏ဓါးကို ကျော်လွှားနိုင်ရန် နည်းလမ်းမရှိ ဖြစ်နေသည်။

ဓါးစိုးမိုးသူ၏ ဓါးများသည် လုံး၀ ကောင်းမွန်နေဆဲဖြစ်ပြီး ဓါးအရေအတွက်ကို အဆက်မပြတ် ဖြည့်သွင်းနေသည်။ ဓါးအရေအတွက် များလာသောကြောင့် တိုက်ခိုက်မှု ရှုထောင့်များကို ကိုင်တွယ်ရန် ပို၍ ခက်ခဲလာသည်။

လန်စန်လော့သည် မရဏဇုန်နှင့် သူ၏ စူးရှသော အမြင်အာရုံများကိုသာ အားမကိုးခဲ့ပါက ရှုံးနိမ့်သွားခဲ့သည်မှာ ကြာမြင့်လှပြီ။

ခါးအရေအတွက် များလာသောအခါ မူလကပင် အသိစိတ်ကို အားကိုးပြီး ခုခံကာကွယ်နေခဲ့ရသော လန်စန်လော့သည် အမှောင်ထုဒိုင်းကို အသက်သွင်းခဲ့ရသည်။

လင်းဟွမ်သည် ဒါကိုမြင်လျှင် လန်စန်လော့က အနိုင်ယူရန် မဖြစ်နိုင်ကြောင်း သိလိုက်သည်။ ထို့အပြင် ပြိုင်ဘက်၏ခါးကို ဖျက်ဆီးနိုင်စွမ်း မရှိသောကြောင့် ခါးအရေအတွက်က ပို၍ များလာခဲ့သည်။ နောက်ဆုံးတွင် ခါးစိုးမိုးသူကို အနိုင်မယူ နိုင်တော့ပေ။

လန်စန်လော့သည် ကိုယ့်ကိုယ်ကို ခုခံကာကွယ်နိုင်ရန် အမှောင်ထုဒိုင်းကို ဆင့်ခေါ်ခဲ့သော်လည်း ပြန်လည် တိုက်ခိုက်ရန် နည်းလမ်းမရှိ ဖြစ်နေသည်။ လန်စန်လော့ လုပ်နိုင်သည်မှာ ကြိုးစားပန်းစား ခုခံနိုင်ရုံမျှသာ ဖြစ်နေပြီး တိုက်ပွဲကို အနိုင်ယူနိုင်တော့မည် မဟုတ်ပေ။

တိုက်ပွဲရလဒ် ထင်ရှားနေပြီ ဖြစ်သဖြင့် ဆက်လက်တိုက်ခိုက်ခြင်းက အဓိပ္ပါယ် မရှိတော့ပေ။ ထို့ကြောင့် လင်းဟွမ်သည် တိုက်ပွဲထဲဝင်ပါရန်

ဆုံးဖြတ်လိုက်သည်။ တမန်တော်အရှိန်နှင့် မိုးကြိုး ခြေလှမ်းကို အသက်သွင်းပြီးနောက် ဓါးစိုးမိုးသူထံ လျှပ်တစ်ပြက် ပြေးဝင်သွားသည်။

ဓါးစိုးမိုးသူသည် လင်းဟွမ်၏ လှုပ်ရှားမှုကို သတိပြုမိလိုက်သည်နှင့် တပြိုင်နက် လန်စန်လော့ကို ချက်ချင်း လွှတ်ပေးပြီး ဆင့်ခေါ်ထားသည့် ရာကျော်သော ဓားရှည်များကို လင်းဟွမ်ထံ ရွှေ့ပြောင်းလိုက်သည်။

ရာနှင့်ချီသော ဓားရှည်များသည် မိုးသည်းထန်စွာ ရွာချလိုက် သကဲ့သို့ လင်းဟွမ်ထံ အရပ်ရပ်

အဖက်ဖက်မှ တိုးဝင်သွားသည်။ လင်းဟွမ်သည် လုံးဝ မရှောင်ခဲ့ပေ။ ထိုအစား ပြုံးပင် ပြုံးလိုက်သေးသည်။

ခဏအကြာ ဓားရှည်များက သူ့အနီးသို့ ချဉ်းကပ်လာသည်။ ထိုအခိုက်အတန့်၌ လင်းဟွမ်သည် ရုတ်တရက် အရှိန်မြှင့်ကာ လေထုကို ဖြတ်ကျော်သွားပြီးက် ဝိုင်းရံထားသော ဓားရှည်များ လက်မှ လွတ်မြောက်သွားသည်။

ခါးစိုးမိုးသူ မတုံ့ပြန်နိုင်ခင် လင်းဟွမ်က ၎င်းရှေ့တွင် ဖြတ်ခနဲ ပေါ်လာသည်။ လက်ထဲ၌

ကိုင်ဆောင်ထားသော ကြယ်ငါးပွင့် ဓါးခါတ်ကြွင်းက အသံထက် မြန်သည့်အရှိန်ဖြင့် ဓါးစိုးမိုးသူ၏ခါးကို ထိုးဖောက် ဝင်ရောက်သွားသည်။

ဓါးစိုးမိုးသူသည် ထိုတိုက်ခိုက်မှုမှ လွတ်မြောက်အောင် မရှောင်နိုင်တော့ချေ။

ထိုအခိုက်အတန့်၌ တံခါးကဲ့သို့ ကြီးမားသော ဓားကိုးချောင်းသည် ချက်ချင်း ပေါ်လာပြီး လင်းဟွမ်၏ တိုက်ခိုက်မှုကို တားဆီးလိုက်သည်။

"ဘုန်း"

ခေါးသွားများနှင့် ခေါးရှည်ကြီးများ တိုက်မိသွားပြီး ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

ခဏအကြာ ကွဲအက်သံ တစ်ခု ကြားလိုက်ရ၍ တံခါးအရွယ် ခေါးရှည်များသည် အပိုင်းပိုင်း ကွဲကြေပြီး ပြိုကျသွားသည်။

ပထမခါးမှ ကိုးခုမြောက် ခါးအထိ ဗိုင်းရပ်စ်ပိုးများ ကူးစက်ခံရသလို အက်ကွဲ ပြိုကျသွားသည်။

ကွဲအက်သံ တစ်ခု ထပ်မံကြားလိုက်ရပြီး ကိုးခုမြောက် ခေါးပေါ်တွင် အက်ကွဲကြောင်းများ ပေါ်လာသည်။

ခါးစိုးမိုးသူ၏ မျက်လုံးထဲတွင် ကြောက်ရွံ့မှုများ ပေါ်လာသည်။

## အခန်း(၄၂၈) - ဓားမိုး ၃,၀၀၀။

ဓါးစိုးမိုးသူ ဖန်တီးထားသော တံခါးအရွယ် ဓါးကြီးသည် လင်းဟွမ်၏ မျှော်လင့်ချက်ထက် ကျော်လွန် သွားခဲ့သော်လည်း တွေဝေနေခြင်း မရှိဘဲ တိုက်ခိုက်မှုတစ်ခုကို ပြုလုပ်လိုက်သည်။

လင်းဟွမ်၏ ဓါးသည် ထိုဓါးကြီးနှင့် တိုက်မိသောအခါ ဓားကိုးခု ရှိသည့်အနက် ရှစ်ခုမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားပြီး ကိုးခုမြောက်

ခေါးပေါ်၌ အက်ကွဲကြောင်းများ ပေါ်လာသည်။ သို့သော် မပြိုကျ သွားခဲ့ပေ။

ဒါကိုမြင်လိုက်လျှင် ခါးစိုးမိုးသူ စိတ်တိုသွားသည်။ မကြာခင် ခါးစိုးမိုသူ၏ခါးမှ ကြီးမားသော စွမ်းအား တစ်ခု ပေါက်ကွဲ ထွက်လာသည်။ ခါး၏ ခန္ဓာကိုယ်သည် လင်းဟွမ်ဆီ ရောက်သွားပြီး ဘောလုံးတစ်လုံးကဲ့သို့ လွင့်ထွက်သွားသည်။

ခဏအကြာ ဂူနံရံနှင့် ထိမှန်သွားသည်။

ဘုန်း...

ဂူနံရံသည် လျင်မြန်စွာ ပြိုကျလာပြီး အက်ကြောင်းများက နေရာအနှံ့ ပျံ့နှံ့သွားသည်။ နောက်ဆုံး၌ သဘာဝ လှိုဏ်ဂူကြီးသည် ကြီးမားသော သက်ရောက်မှုဒဏ်ကို မတောင့်ခံနိုင်တော့ဘဲ ပြိုကျသွားသည်။

ရေတံခွန်ထဲမှ ရေများ လျှံတက်လာသည်။

လင်းဟွမ်သည် မြေပြင်ကို ဖနှောင့်တစ်ချက်ပေါက်ပြီး ရေတံခွန်ထဲမှ ခုန်ထွက်သွားသည်။ လန်စန်လေ့ကလည်း နောက်မှ လိုက်ပါသွားသည်။

သူတို့နှစ်ယောက်လုံးသည် မပျံသန်းနိုင်သဖြင့် ရေတံခွန်ထဲ ဆွဲချခံရပါက အားနည်းချက် ဖြစ်သွားလိမ့်မည်။ ထိုကြောင့် ထွက်ပြေးခြင်းကသာ သူတို့၏ တစ်ခုတည်းသော ရွေးချယ်မှု ဖြစ်လာခဲ့သည်။

သို့သော် လင်းဟွမ်သည် ခါးစိုးမိုးသူ၏ ကံကြမ္မာစွမ်းအားက ပေါက်ကွယ်ဝသဖြင့် တိုက်ခိုက်မှုကို ခုခံကာကွယ် နိုင်ကြောင်း သိထားသည်။ ထို့ကြောင့် ခါးစိုးမိုးသူက သေချာပေါက် ရှင်သန်နိုင်လိမ့်မည်။

လင်းရှင်နှင့် ကိုင်လီတို့လည်း ပေါက်ကွဲသံ ကြားလိုက်ရသည်။ သူမတို့က ရေတံခွန်အနီးတွင် မတ်တပ် ရပ်နေကြကာ မကြာခင် ရေတံခွန်ထဲမှ ကျယ်လောင်သော ပေါက်ကွဲသံကြီး နောက်တစ်ကြိမ် ကြားလိုက်ရပြီး ရေတံခွန်ကြီး ပြိုကျသွားသည်။

သူတို့ စိတ်ပူနေစဉ် လင်းရှင်ဘေးတွင် ပုံရိပ်နှစ်ခု ပေါ်လာသည်။

လင်းရှင်သည် လင်းဟွမ် ဘေးကင်းသည်ကို မြင်လိုက်မှ စိတ်အေးသွားသည်။

ရုတ်တရက် ရေတံခွန်ထဲမှ အဖြူရောင် အရိပ်တစ်ခု ထွက်ပေါ်လာသည်။ အမှန်တကယ်ပင် ခါးစိုးမိုးသူက မသေရုံသာမက ထိခိုက်ဒဏ်ရာရခြင်းပင် မရှိခဲ့ချေ။

လေထဲတွင် ပျံသန်းနေသော ခါးစိုးမိုးသူက သူတို့လေးယောက်ကို ကြည့်လိုက်ပြီး လေထဲ၌ ရာနှင့်ချီသော ဓားရှည်များ ဖွဲ့စည်းလာပြီး တိုက်ပွဲအတွက် ပြင်ဆင် နေပုံရသည်။

လင်းဟွမ်ကြောင့် အသတ်ခံရလု နီးပါးဖြစ်သွားသဖြင့် လူသတ်ချင်သော မျက်လုံးများနှင့် လင်းဟွမ်ကို စိုက်ကြည့်နေသည်။

မကြာခင် ကိုင်လီ၏ တည်ရှိမှုကို သတိထား လိုက်မိပြီး အဖြူရောင်မီးလျှံအဆင့် အော်ရာ စိမ့်ထွက်နေသောကြောင့် လျစ်လျူမရှုနိုင်ပေ။

လင်းဟွမ်နှင့် ကိုင်လီတို့ကို အကဲခတ် လိုက်ပြီးနောက် တိုက်ခိုက်ရန် ဆုံးဖြတ်ကာ လင်းဟွမ်တို့ လေးယောက်ကို လက်ညှိုး ညွှန်ပြလိုက်သည်။

ရာပေါင်းများစွာသော ခါးရှည်များသည် လင်းဟွမ်တို့ လေးယောက်ထံသို့ ဥက္ကာခဲများအလား ပြိုဆင်းလာသည်။

လင်းဟွမ်သည် သူ၏နယ်မြေပိုင်နက် အသိထဲသို့ ခါးရှည်များ ရောက်ရှိလာသောအခါ ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး ခါးကို ဆွဲထုတ်လိုက်သည်။

လန်စန်လော့ကလည်း ကူညီရန် လုပ်လိုက်သော်လည်း ရန်သူ၏ ခါးရှည်များကို မဖျက်ဆီးနိုင်ကြောင်း တွေးလိုက်မိသဖြင့် လက်လျှော့လိုက်သည်။

လေထဲမှ ကျဆင်းလာသော ခေါးရှည်များသည် နယ်မြေပိုင်နက် အသိထဲ ဝင်ရောက်လာသည်နှင့် လင်းဟွမ်က တိုက်ခိုက်လိုက်သောအခါ ပျက်စီးသွားသည်။ ခါးများသည် မည်သည့်ထောင့်မှ ထွက်ပေါ် လာသည်ဖြစ်စေ လင်းဟွမ်၏ တိုက်ခိုက်ခြင်းအောက်မှ မလွတ်မြောက် နိုင်ခဲ့ပေ။ လင်းဟွမ်တို့နှင့် မီတာ (၈၀) အကွာအဝေးအတွင်းသို့ ဓါးတစ်ချောင်းမှ မဝင်ရောက်နိုင်ခဲ့ပေ။

လင်းရှင်သည် ဝတ်ရုံဖြူဝတ်ထားသော မွန်းစတား၏ တိုက်ခိုက်မှုကို စက္ကန့် အနည်းငယ်အတွင်း လင်းဟွမ်က ဖျက်ဆီးလိုက်သည်ကို မြင်လိုက်လျှင် သူမအစ်ကိုက သူမ ထင်ထားသည်ထက် များစွာသန်မာကြောင်း လင်းရှင် ပထမဆုံးအကြိမ် သဘောပေါက်သွားသည်။

လေထုထဲတွင် ပျံသန်းနေသော ဓါးစိုးမိုးသူလည်း ထိတ်လန့်သွားသည်။ အစောပိုင်းက လင်းဟွမ်တွင် နယ်မြေပိုင်နက်တစ်ခု ပိုင်ဆိုင် ထားကြောင်း သတိမထားမိခဲ့ချေ။ ယခုမှသာ ရှာဖွေတွေ့ရှိခဲ့ခြင်းပင်

။ ထိုသို့ မဟုတ်ပါက သူ၏ခေါင်းရှည် အားလုံးကို ဖျက်ဆီးပစ်ရန် မဖြစ်နိုင်ပေ။

နယ်မြေပိုင်နက် တစ်ခု ပိုင်ဆိုင်ထားသည့် လူများသည် ခါးစိုးမိုးသူကဲ့သို့ မွန်းစတားများကို အတိုင်းအတာ တစ်ခုအထိ ဖိနှိပ်နိုင်စွမ်း ရှိသည်။ တိုက်ခိုက်မှုသည် မည်မျှပင် ပြင်းထန်ပါစေ နယ်မြေထဲသို့ ဝင်ရောက်သည်နှင့် ခါးလာရာ လမ်းကြောင်းအားလုံး အတိအကျ ဖော်ထုတ်နိုင်သည့်အပြင် နယ်မြေပိုင်နက်တစ်ခု ပိုင်ဆိုင်ထားသည့် လူ၏ တိုက်ခိုက်ရေး

အကွာအဝေးသည် နယ်မြေပိုင်နက် တစ်ခုလုံးအထိ လွှမ်းခြုံနိုင်သည်။ ထို့ကြောင့် လင်းဟွမ်က လေထဲမှခေါင်းရှည် အားလုံးကို အလွယ်တကူ ဖျက်ဆီးနိုင်ခဲ့ခြင်းပင်....

လင်းဟွမ်သည် ခေါင်းရှည်အားလုံး ပျက်စီးသွားသည်နှင့် တပြိုင်နက် မတ်တပ်ရပ်ကာ လေထဲမှ ခေါင်းစိုးမိုးသူကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ရန်စသော အမူအရာဖြင့် လက်ခလယ်ထောင်ပြ၍ ရန်စရန် ကြိုးစားလိုက်သည်။

"လာလေ။ သတ္တိရှိရင် လာလေ”

"မင်းက သေပန်း ပွင့်ချင်နေတာပဲ"

ပုံမှန်အားဖြင့်တော့ သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်သည် ယခင်က လူသားများနှင့် ထိတွေ့ဆက်ဆံဖူးပါက လူသား ဘာသာစကားကို နားလည်နိုင်သည်။ ဉာဏ်ရည်မြင့်သော မွန်းစတားတစ်ကောင် ဖြစ်ပါက လူသား ဘာသာစကားကိုပင် ပြောနိုင်သည်။ ထို့ကြောင့် ရိုင်းစိုင်းသော အမူအရာနှင့် ရန်စသော အမူအရာတို့ကို နားလည်ရန် မခဲယဉ်းပေ။

သံသယရှိစရာမလိုပဲ... လင်းဟွမ်၏ ရိုင်းစိုင်းသော အမူအရာက ခါးစိုးမိုးသူကို ရန်စနိုင်ခဲ့သည်။

နူးညံ့သိမ်မွေ့စွာ လုပ်ဆောင်တတ်သော ခါးစိုးမိုးသူ၏ လက်ထဲတွင် ဓားမြှောင်တစ်လက် ရုတ်တရက် ပေါ်လာသည်။ ၎င်း၏ အဖြူရောင် ကံကြမ္မာစွမ်းအားကို ခါးမြှောင်ထဲသို့ ထည့်သွင်းလိုက်ရာ ခါးမြှောင်ထံမှ အဖြူရောင်အလင်းများ ဖြာထွက်လာပြီး လေထဲတွင် ဓားရှည်တစ်ချောင်း လျှင်မြန်စွာ ဖြစ်ပေါ်လာသည်။

မျက်စိတစ်မှိတ် အတွင်းမှာပင် ထောင်ပေါင်းများစွာသော ခေးရှည်များ ပေါ်လာသော်လည်း ဒါသည် အဆုံးသတ် မဟုတ်သေးပေ။ အဖြူရောင်ခေးမြှောင်က ခါးအသစ်များ ထုတ်လုပ်နေခြင်းကို မရပ်တန့်ခဲ့ပေ။

လင်းဟွမ်က စိတ်ဝင်တစား လှမ်းကြည့်နေသည်။ ဒါသည် ခါးစိုးမိုးသူအတွက် သီးသန့် ဖြစ်တည်လာသော ခါတ်ကြွင်း တစ်ခုဖြစ်နိုင်ကြောင်း ခန့်မှန်း လိုက်မိသည်။ ကျန်သည့်လူများ သုံး၍မရပေ။

ထိုကဲ့သို့ မဟုတ်ပါက ထိုဓါး ဓါတ်ကြွင်းကို ရရှိရန်အတွက် ကမ္ဘာပေါ်ရှိလူများက ဓါးစိုးမိုးသူ အားလုံးကို သတ်ပစ်ကြလိမ့်မည်။

"လန်စန်လော့ ချိတ်ပွင့်သွားတဲ့ အချိန်ကျရင် ဓါးကျေးကျွန် တစ်ယောက်ရဲ့ စွမ်းရည်ကို ထုတ်ယူလို့ရလား..."

လင်းဟွမ်က တိုးတိုးလေး မေးလိုက်လျှင်

"ဓါးကျေးကျွန် ကတ်တွေက စွမ်းရည် ထုတ်ယူလို့မရတဲ့ ထူးခြားကတ်တွေပဲ။ ဒါပေမဲ့ ကြမ်းတမ်းဓါးသခင်က ချိတ်ပွင့်သွားတဲ့ အခါကျရင်

ခါးကျေးကျွန်တွေရဲ့ စွမ်းရည်တိုင်းကို အသုံးပြုလို့ ရတယ်။"

လင်းဟွမ်သည် တိုးတိုးလေး ရေရွတ်လိုက်ခြင်းသာ ဖြစ်၍ ရှောင်ဖိန်က ပြန်ဖြေလာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ စကား၏ ပထမပိုင်းသည် စိတ်ပျက်စရာ ကောင်းသော်လည်း နောက်ဆုံး စကားကို ကြားလိုက်သောအခါ လင်းဟွမ်၏ မျက်လုံးများ တောက်ပလာကာ လန်စန်လော့ကို လှမ်းကြည့်လိုက်သည်။

"သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်မှာ အနည်းဆုံး စွမ်းရည်ငါးခု ရှိတယ်။ လန်စန်လေ့မှာက ခေးကျေးကျွန် ကိုးယောက် ရှိတယ်။ ဒါဆိုရင် လန်စန်လေ့မှာ အသုံးပြုနိုင်တဲ့ စွမ်းရည် (၄၀) ကျော်ရှိမှာပေါ့။ သူ့ရဲ့ မူလစွမ်းရည်တွေနဲ့ ဆိုရင် ငါးဆယ်လောက် ရှိလိမ့်မယ်။ ဒါဆိုရင်တော့ လန်စန်လေ့က စောက်ရမ်းကြမ်းတဲ့ ဆရာကြီးပဲ"

ယခုလက်ရှိ အချိန်တွင် လင်းဟွမ်၌ မွန်းစတားစွမ်းရည် ဆယ်ခုရှိသည်။ ထို့အပြင်

လူသားတိုက်ခိုက်ရေး စွမ်းရည်များ ထည့်ပေါင်းလိုက်ပါက နှစ်ဆယ်ထက် မနည်း ရှိနေသည်။ ဒါကြောင့်ပင် သူသည် မယုံကြည်နိုင်လောက်အောင် သန်မာနေခဲ့ပြီး အဆင့်တူ မည်သူကမျှ သူ့ကို အနိုင်မယူနိုင်ပေ။

လန်စန်လော့ကို ချိတ်ဖွင့်လိုက်သည်နှင့် သူ၏ စွမ်းရည် အရေအတွက်သည် လက်ရှိ လင်းဟွမ် ပိုင်ဆိုင်ထားသော စွမ်းရည် အရေအတွက်ထက် နှစ်ဆ ပိုများလာလိမ့်မည်။ လင်းဟွမ်သည်

လန်စန်လေ့၏ စွမ်းရည်ကို လျှော့တွက်ခဲ့မိကြောင်း သိလိုက်ပြီး စိတ်လှုပ်ရှားလာသည်။

ပြဿနာ အရှုပ်ခံပြီး လန်စန်လေ့အတွက် ခါးကျေးကျွန် ကိုးကောင်ကို ရိုးရိုးတန်းတန်း မရွေးချယ်ခဲ့မိသည်မှာ ကံကောင်းသည်ဟု ရုတ်တရက် ခံစားလိုက်ရသည်။

လင်းဟွမ် သတိမထားမိသည့် အချိန်၌ လေထဲတွင် ခေးစိုးမိုးသူ ဖန်တီးထားသော ခါးရှည်ပေါင်း (၃,၃၀၀) ကျော်မှာ ဝဲပျံနေသည်။

ဒါသည် မွန်းစတား စွယ်စုံကျမ်းထဲတွင် ဖော်ပြထားသော ခါးစိုးမိုးသူ၏ အဆုံးစွန် စွမ်းရည် ဖြစ်သော ခါးမိုးသုံးထောင်ပင် ။ အတိအကျ ပြောရလျှင် ခါးပေါင်း (၃,၃၃၃) ချောင်း ရှိသည်။

ဤတိုက်ခိုက်မှုသည် ခါးစိုးမိုးသူ၏ ကံကြမ္မာစွမ်းအားများကို ကုန်ခမ်းစေသည်။ ဒါကို အသုံးပြုပြီးသည့်အချိန်၌ ခါးစိုးမိုးသူသည် လေထဲ ပျံသန်းနိုင်တော့မည် မဟုတ်ပေ။

ခါးစိုးမိုးသူသည် ခါးရှည် (၃,၃၃၃) ချောင်းကို ဖွဲ့စည်းပြီးသည်နှင့် လင်းဟွမ်တို့ လေးယောက်ကို

ညွှန်ပြလိုက်သည်။ ထို့နောက် လူသတ်ချင်စိတ်ပြည့်နှက်နေသော အသံကို ကြားလိုက်ရသည်။

"ဓါးမိုး ၃,၀၀၀"

## အခန်း(၄၂၉) - ဓါးစိုးမိုးသူကို အနိုင်ယူခြင်း။

လေထဲတွင် ဓါးစိုးမိုးသူ၏ အဖြူရောင် ဝတ်ရုံရှည်က တလူလူ လွင့်နေပြီး လူသားဆန်သော နတ်သား တစ်ပါးကဲ့သို့ပင်။

ကိုင်ဆောင်ထားသော ဓါးရှည်ကို လေထဲသို့ ညွှန်ပြလိုက်လျှင် ဓားရှည် (၃,၃၃၃) စင်းသည် လင်းဟွမ်နှင့် ကျန်သည့်လူများ အပေါ်သို့ ပြင်းထန်စွာ ရွှာသွန်းနေသော မိုးအလား ကြွေဆင်းလာသည်။

လင်းဟွမ်သည် ထိုတိုက်ခိုက်မှုကို စိုက်ကြည့်ရင်း စိတ်လှုပ်ရှားနေသည်။ သာမန်အခြေအနေဆိုပါက ထိုကဲ့သို့ ခက်ခဲသော တိုက်ခိုက်မှုကို ရှောင်ရှားရန် အမှောင်ထုဒိုင်းကို ဖွင့်ခြင်းက အကောင်းဆုံး ဖြစ်လိမ့်မည်။ သို့သော်လည်း လင်းဟွမ်သည် သူ၏ဓါးစွမ်းရည်ဖြင့် ထိပ်တိုက် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

"မင်းရဲ့ အမှောင်ထုဒိုင်းကို အသက်သွင်းပြီး လင်းရှင်နဲ့ တစ်ခြားလူတွေကို ကာကွယ်ပေး"

လင်းဟွမ်သည် လန်စန်လေ့ကို စိတ်ချင်း ဆက်သွယ်ပြီးသည်နှင့် တစ်ပြိုင်နက် ခုန်ထွက် သွားသည်။

လန်စန်လေ့က လင်းရှင်အနားသို့ ခုန်ဆုတ် သွားပြီး အမှောင်ထုဒိုင်းကို စတင် အသက် သွင်းလိုက်သည်။ ထို့နောက် အမှောင်ထုဒိုင်းသည် စက်လုံးပုံစံ ပြောင်းလဲသွားပြီး လင်းရှင်နှင့်ကိုင်လီ တို့ကို ဖုံးအုပ်သွားသည်။

ကောင်းကင်ပေါ်မှ ဥက္ကာခဲများအလား ကြွေဆင်းလာသည့် ထောင်ပေါင်းများစွာသော

ဓါးလှိုင်းလုံးကြီးသည် လင်းဟွမ်၏ နယ်မြေပိုင်နက်ထဲသို့ ချက်ချင်း ဝင်ရောက်လာသည်။

လင်းဟွမ်၏ မျက်လုံးက ရုတ်တရက် နီရဲလာသည်။ ထို့နောက် သူ့ နောက်ကျောမှ သွေးရောင်တောင်ပံလေးခု ထွက်လာပြီး တိုက်ပွဲဝင်ပုံစံ ပြောင်းလဲသွားသည်။

လက်ထဲမှ ကြယ်ငါးပွင့် နဂါးသတ်ဖြတ်သူ ဓါးသည် ရွှေရောင် ကံကြမ္မာစွမ်းအားများ ဖုံးလွှမ်းသွားပြီး မကြာခင် လင်းဟွမ်သည် မူလ

မတ်တပ်ရပ်နေသည့် နေရာမှ ပျောက်ကွယ်သွားသည်။

သွေးရောင် တောင်ပံလေးခုနှင့် နဂါးသတ်ဖြတ်သူ ဓါးသည် တစ်ချိန်တည်း လှုပ်ရှားနေပြီး လေထဲတွင် အလင်းရောင် ဖြတ်ခနဲ လက်သွားအောင် မြန်ဆန်လွန်းသည်။ ဓါးရှည်များနှင့် ထိပ်တိုက်ထိမိသွားသောအခါ မိုးခြိမ်းသံအလား ကျယ်လောင်သော ပေါက်ကွဲသံကြီး ပေါ်လာပြီး ဓါးရှည်များ အားလုံး အပိုင်းပိုင်း ကွဲသွားသည်။

လင်းဟွမ်သည် သန့်ရှင်းမီးလျှံ အဆင့်သို့ မရောက်သေးသော်လည်း သန့်ရှင်းမီးလျှံအဆင့် တိုက်ခိုက်ရေး အစွမ်းများ ပါရှိနေသည်။ တိုက်ပွဲမှ လွင့်စင်လာသော လက်ကျန် စွမ်းအားများက ရွှေအဆင့်ရှိသူများကို ပြင်းထန်စွာ ဒဏ်ရာရနိုင်သည်။

ကံကောင်း ထောက်မစွာဖြင့် လင်းရှင်သည် သာမန်လူ တစ်ယောက်သာ ဖြစ်သော်လည်း လန်စန်လော့၏ အမှောင်ထုဒိုင်းက ခုခံစွမ်းအား ကောင်းလွန်းသဖြင့် ထိခိုက်ခြင်း မရှိခဲ့ပေ။

သို့သော်လည်း လင်းရှင်သည် လင်းဟွမ်၏ တိုက်ခိုက်မှုများကို လိုက်မမီ တော့ချေ။ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သော အသံများကို ကြားနေရပြီး တောက်ပနေသော အလင်းရောင်များကိုသာ မြင်တွေ့နေရကာ လှုပ်ရှားနေသော အရိပ်များကိုသာ ယောင်ဝါးဝါး မြင်နေရသည်။ လန်စန်လေ့က အမှောင်ထုဒိုင်းထဲမှ အပြင်ဘက်သို့ ကြည့်နိုင်သည့်ပုံစံကို အသက် သွင်းထားသည်။

အမှောင်ထုဒိုင်း အပြင်ဘက်တွင် လင်းဟွမ်နှင့် ဓါးလွှမ်းမိုးသူတို့၏ တိုက်ပွဲသည် ပိုမို ပြင်းထန်လာသည်။

ချက်ချင်းဆိုသလို ဓါးလွှမ်းမိုးသူ၏ ရာနှင့်ချီသော ဓါးများကို လင်းဟွမ်က ဖျက်ဆီးလိုက်သည်။ ကျယ်လောင်သော ပေါက်ကွဲသံများကို ကြားနေရပြီး ကမ္ဘာမြေပေါ်က တရုတ်နှစ်သစ်ကူး မီးရှူးမီးပန်းများ ဖောက်ခွဲနေသည်နှင့်ပင် တူနေသည်။

တိုက်ခိုက်မှုများမှ ထွက်ပေါ်လာသော လေစီးကြောင်းသည် မိုးရွာသည့်အချိန်မှာ ရေကန်၏

မျက်နှာပြင်ကို လေများ ဖြတ်သန်း၍ တိုက်ခတ်သွားသကဲ့သို့ ဖြစ်နေသည်။ လှိုင်းဂယက်များ ပေါ်လာပြီး ပို၍ပို၍ ကျယ်ပြန့်လာသည်။

လေစီးကြောင်းကြောင့် သူတို့နှင့် မီတာအနည်းငယ် ကွာဝေးသော နေရာမှ သစ်ပင်များပင် ချက်ချင်း ပြိုလဲ၍ ကြေမွကုန်သည်။ စိမ်းလန်းနေသော အိုအေစစ်ထဲတွင် အပင်များ မရှင်သန်နိုင်သည့် နေရာတစ်ခု ရုတ်တရက် ဖြစ်ပေါ်လာသည်။

အစပိုင်းတွင် လင်းပွှမ်သည် ခါးရှည်များနှင့် ခပ်ခွာခွာ နေခဲ့သည်။ သို့သော်လည်း ခါးရှည် အမြောက်အများ ရှိနေကြောင်း မကြာခင် သတိထားမိပြီး တိုက်ခိုက်မှုများကို ရှောင်ရှား နိုင်ရန်အတွက် ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်။

ယခုတစ်ကြိမ် ထုတ်လွှင့်သော ခါးပေါင်း သုံးထောင်ကျော်သည် ယခင်က ဖန်တီးခဲ့သော ခါးများထက် ပိုသန်မာကြောင်း ထင်ရှားနေသည်။ ထို့အပြင် တိုက်ခိုက်မှု အမြန်နှုန်းနှင့် ခွန်အားမှာလည်း ပိုမို အားကောင်းကာ

ကြွက်သွေးရောင် မီးလျှံအဆင့်နှင့်ပင် နှိုင်းယှဉ်နိုင်သည်။

အကယ်၍ လန်စန်လော့သာ တိုက်ပွဲထဲဝင်ပါခဲ့မည် ဆိုပါက လန်စန်လော့၏ လက်ရှိအခြေအနေအရ အမှောင်ထုဒိုင်းကို အသုံးမပြုခဲ့လျှင် ဓါးလွှမ်းမိုးသူ၏ ဓါးတစ်ချောင်းကိုပင် ကာကွယ်နိုင်မည် မဟုတ်ချေ။

မြေပြင်တွင် လင်းဟွမ်သည် တမန်တော်အရှိန်နှင့် တိမ်ခြေလှမ်းတို့ကို တစ်ပြိုင်နက် အသက်သွင်းလိုက်သည်။ ထို့နောက် ပြိုင်ဘက်၏

ခါးရှည်များကို ရှောင်ရှားရန် ခန္ဓာကိုယ်ကို လျင်မြန်စွာ ရွှေ့လျားလိုက်သည်။

သူ၏ ပိုင်နက်အသေးထဲတွင် ရန်သူ၏ တိုက်ခိုက်မှုများကို ထောက်လှမ်းနိုင်သော်လည်း တိုက်ခိုက်မှု အရေအတွက်က များပြားလွန်းနေသဖြင့် အချို့ တိုက်ခိုက်မှုများက လင်းဟွမ်၏ခါးနှင့် ကာကွယ်မှုကို ဖြတ်ကျော်နိုင်ခဲ့သည်။ ထို့ကြောင့် လင်းဟွမ်သည် ထိုတိုက်ခိုက်မှုများကို ရှောင်တိမ်းနေခဲ့ရသည်။

လင်းဟွမ်သည် တိုက်ခိုက်မှုများကို အပြင်းအထန် ရှောင်တိမ်း နေရသော်လည်း ပြိုင်ဘက်၏ တိုက်ခိုက်မှုများသည် စက္ကန့်နှင့်အမျှ လျော့နည်း လာသည်။ မည်သည့် တိုက်ခိုက်မှုများမှ မထိမှန်သေးသဖြင့် အမှောင်ထုဒိုင်းကို အသက်မသွင်းရန် အခိုင်အမာ ဆုံးဖြတ်ထားသည်။

ဓါးအချင်းချင်း ထိမိသည့်အသံများ၊ အက်ကွဲသံများ အဆက်မပျက် ထွက်ပေါ်နေသည်။

လင်းဟွမ် ပတ်ဝန်းကျင်၌ လေဆင်နှာမောင်းတစ်ခု တိုက်ခိုက်နေသကဲ့သို့ သဲများ၊ ကျောက်တုံးများနှင့်

ကျောက်စရစ်ခဲများက တဖုန်းဖုန်း၊ တဝုန်းဝုန်း လွင့်ထွက်နေသည်။

လင်းဟွမ်သည် သူ့လက်ထဲမှ ဓါးရှည်အပြင် သူ့နောက်ကျောမှ သွေးစုပ်ဖုတ်ကောင် အမှုန်များကိုလည်း ဓါးအဖြစ် ပြောင်းလဲလိုက်သည်။

မကြာခင် လင်းဟွမ်သည် မိုးကြိုးဆူး ဓါးအကွက်နှင့် ကြယ်တာယာလိပ်ခုံးကို ပေါင်းစပ် လိုက်သည်။ ထိုပေါင်းစည်းခြင်း၏ အမြန်နှုန်းသည် လေ့ကျင့်စဉ်က အသုံးပြုခဲ့သော ပုံမှန် အမြန်နှုန်းထက် အဆပေါင်းများစွာ ပိုမြန်နေသည်။

လင်းဟွမ်သည် ထိုအချက် အားလုံးကို သဘော မပေါက်ခဲ့ပေ။

သူသည် ခါးအတွက် မွေးဖွားလာသလားဟု ယောင်ဝါးဝါး ခံစားနေရပြီး တိုက်ခိုက်မှု အရှိန် မြန်ဆန်လာရသည့် အကြောင်းအရင်းကို နားမလည် နိုင်ခဲ့ပေ။

ရှောင်ဖိန်ထံမှ အကြောင်းကြားချက် တစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"မင်းက မော်ကွန်းအဆင့် ခါးကျင့်စဉ် မိုးကြိုးဆူးကို ဂန္တဝင်အဆင့် ခါးကျင့်စဉ်

ကြယ်တာယာလိပ်ခုံးနဲ့ လုံး၀ ပေါင်းစပ်လိုက်တဲ့အတွက် ဂုဏ်ပြုပါတယ်။ အခုဆိုရင် မိုးကြိုးဆူး ခါးကျင့်စဉ်က ကြယ်တာယာလိပ်ခုံး ခါးကျင့်စဉ်ရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်လာပြီ ဖြစ်တဲ့အတွက် ဂုဏ်ပြုပါတယ်”

“ခါးစွမ်းအား နယ်ပယ်က တစ်သားတည်း ဖြစ်ခြင်း အဆင့်ကနေ လျှပ်တစ်ပြက် အဆင့်သို့ တက်သွားပါပြီ။ ခါးစွမ်းအားနယ်ပယ်ရဲ့ အရည်အချင်းနဲ့ အလားအလာ

မြင့်တက်လာတဲ့အတွက် မင်းရဲ့ ခါးစွမ်းရည် တိုးတက်လာပါပြီ”

လင်းဟွမ်သည် ထောင်ပေါင်းများစွာသော ခါးရှည်များ၏ တိုက်ခိုက်မှုကို အာရုံ စိုက်နေရသောကြောင့် သတိပေးချက်ကို ဂရုမစိုက်နိုင်ပေ၊ ရှောင်ဖိန်ထံမှ ထွက်ပေါ်လာသော အကြောင်းကြားချက်နှင့် ခန္ဓာကိုယ်ထဲမှ အပြောင်းအလဲများကိုပင် ဂရုမစိုက်နိုင်ချေ။

သို့သော်လည်း လေထဲတွင် ပျံသန်းနေသော ခါးစိုးမိုးသူကမူ တစ်ခုခု မှားယွင်းနေပြီဖြစ်ကြောင်း

ခံစားမိနေသည်။ ပြိုင်ဘက်၏ တိုက်ခိုက်မှုအရှိန်က မြန်ဆန်လာသည်ဟု ခံစားရပြီး စက္ကန့် အနည်းငယ်အတွင်းမှာပင် ထောင်ပေါင်းများစွာသော ဓားများကို ဖျက်ဆီးနိုင်ခဲ့သည်။

ဓါးစိုးမိုးသူသည် ထိတ်လန့် တုန်လှုပ်သွားကာ ကျန်ရှိနေသည့် ဓါးရှည်များကို ညှို့ယူပြီး ထောင့်ပေါင်းစုံကနေ လင်းဟွမ်ထံ ပစ်လွှတ်လိုက်သည်။

တိုက်ပွဲ ပြင်းထန်လာသည်နှင့်အမျှ လင်းဟွမ်၏ ရဲစွမ်းသတ္တိသည် တိုးပွားလာသည်။ လင်းဟွမ်သည်

ခါးအရေအတွက် လျော့ချနိုင်သည့်အပြင် သူ၏ တမူထူးခြားသော ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့် တိုက်ခိုက်မှုများကို တောင့်ခံနိုင်စွမ်း ရှိနေသည်။ တိုက်ခိုက်မှုများက မည်သည့်ရှုထောင့်မှ ဝင်လာသည်ဖြစ်ပါစေ ဖျက်ဆီးနိုင်စွမ်း ရှိနေသည်။

သူ၏ တိုက်ပွဲဝင်ခါးနှင့် သွေးဝိညာဉ်အမှုန်ခါးများသည် တစ်စက္ကန့်လျှင် အချက်ရေ တစ်ရာနှုန်းဖြင့် တိုက်ခိုက်နေခဲ့သည်။ တိုက်ခိုက်မှု တစ်ခုစီတိုင်းက ခါးတစ်ချောင်းစီ ဖျက်ဆီးနိုင်ခဲ့သည်။

ခါးစိုးမိုးသူသည် အခြေအနေ ပိုဆိုးလာသောအခါ လန်စန်လော့၏ အမှောင်ထုဒိုင်းကို ဒေါသတကြီး စိုက်ကြည့်လိုက်သည်။ ရာနှင့်ချီသော ခါးများသည် ရုတ်တရက် လမ်းကြောင်းပြောင်းပြီး အမှောင်ထုဒိုင်း စက်လုံးကြီးထံ တိုးဝင်သွားသည်။

ခါးစိုးမိုးသူသည် အမှောင်ထုဒိုင်း၏ အသွင်အပြင်လက္ခဏာကို ဘာမှန်း တိတိကျကျ မသိဘဲ လှုပ်ရှားလိုက်သောကြောင့် အလွန်ပညာမဲ့သော လှုပ်ရှားမှု တစ်ခုပင် ။

လန်စန်လော့က လင်းဟွမ်ထက် အားနည်းသည်ဟု ယူဆ၍ ပစ်မှတ်ထားလိုက်ခြင်းသာ ...

လန်စန်လော့၏ တားမြစ် စွမ်းရည်ဖြစ်သည့် အကြွင်းမဲ့ကံကြမ္မာသည် ကြက်သွေးရောင် မီးလျှံအဆင့် လူတစ်ယောက်၏ အင်အားအပြည့် တိုက်ခိုက်မှုနှင့် တန်းတူညီတူ ရှိသည်။ ထို့ကြောင့် အမှောင်ထုဒိုင်းသည် အပြာရောင်မီးလျှံအဆင့် တိုက်ခိုက်မှုကို ခုခံကာကွယ်နိုင်စွမ်းလည်း ရှိသည်။ တိုက်ခိုက်မှု အစွမ်းသည် အမှောင်ထုဒိုင်း၏ ခံစစ်

စွမ်းရည်ကို မကျော်လွန်သ၍ ပြိုကွဲသွားမည် မဟုတ်ပေ။

ထို့ကြောင့် ဓါးစိုးမိုးသူ၏ တိုက်ခိုက်မှုသည် အသုံးမဝင်ခဲ့ချေ။

ထို့သို့ ဆုံးဖြတ်ခဲ့ပြီးနောက် ဆယ်စက္ကန့် မပြည့်ခင်မှာပင် ဓါးရှည် (၃,၃၃၃ ) ချောင်းလုံးကို လင်းဟွမ်က ဖျက်ဆီးပစ်ခဲ့သည်။

ဓါးစိုးမိုးသူသည် သူ၏ဓါးရှည်အားလုံး ဖျက်ဆီးခံလိုက်ရသည်ကို မြင်လိုက်လျှင် အံ့ဩသင့်သွားသည်။ တုန်လှုပ်ခြောက်ခြား နေရာမှ အသိ

ပြန်ဝင်လာသောအခါ ထွက်ပြေး ချင်လာသည်။ ထို့အပြင် သူ၏ ကံကြမ္မာ စွမ်းအားများက ဆုတ်ယုတ်သွားပြီ ဖြစ်သဖြင့် ထပ်မံ၍ တိုက်ခိုက်နိုင်စွမ်း မရှိတော့ချေ။

ထိုစဉ် ဓါးစိုးမိုးသူထက်ပင် ပို၍ လျင်မြန်သော ရွှေရောင်အရိပ်တစ်ခုက ဖြတ်ခနဲ ရောက်လာပြီး လမ်းကြောင်းကို ပိတ်ဆို့ထားလိုက်သည်။

အံ့သြစရာကောင်းသည်မှာ ရွှေရောင်အရိပ်က ကိုင်လီ ဖြစ်နေခြင်းပင်။

ကိုင်လီသည် ဓါးစိုးမိုးသူက သူ၏ ကံကြမ္မာ စွမ်းအားကို ကုန်လုနီးပါး ဖြစ်အောင် အသုံးပြုခဲ့ကြောင်း မြင်နိုင်သည်။ ထို့ကြောင့် သူမသည် လှံရှည်ကို မသုံးတော့ဘဲ ရင်ဘတ်ကို လက်သီးနှင့် ထိုးလိုက်သည်။

ဓါးစိုးမိုးသူ၏ ခန္ဓာကိုယ်သည် လွင့်ထွက်သွားပြီး လင်းဟွမ်အနားမှ မြေပေါ်သို့ ဖုန်းခနဲ ပြုတ်ကျ သွားသည်။

လန်စန်လေ့သည် အမှောင်ထုဒိုင်းကို ချက်ချင်းသိမ်းပြီး ဓါးစိုးမိုးသူရှေ့သို့ အလင်းတန်း

တစ်ခုအလား ပြေးဝင်သွားသော်လည်း တားစီးခြင်း ခံလိုက်ရသည်။

"ခဏနေဦး၊ မသတ်နဲ့"

အံ့သြသင့်စရာ ကောင်းသည်မှာ ဤကဲ့သို့ ပြောလိုက်သောလူက လင်းဟွမ် ဖြစ်နေသည်။